# သေမင်းခေါ်တော့အားကြွရပြီ

မဟာသဒ္ဓမ္မဇောတိကဓဇ

## တက္ကသိုလ်သျှင်သီရိ

(မဟာစရိယ၊ ဘီအေ)



ဦးအောင်ကျော်သူ + ဒေါ်ခင်သူဇာ

"ဆွေသဟာ"

စာပေဖြန့်ချိရေး

အမှတ်(၅၅)၊ (စ)ရပ်ကွက်၊ သုနန္ဒာ(၃)လမ်း

မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

- ၀၉၇၃၀၈၆၉၃၂

- ၀၉၄၂၁၀၂၀၆၇၄

- ၀၉၂၅၀၃၇၆၅၀၀

## ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်အမှတ်** - ၃၂၀၃၈၈၀၆၀၇

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** - ၃၂၀၆၈၄၁၁၀၇

**အကြိမ်** - ပထမအကြိမ်
၂၀၀၉ ခုနှစ်၊ ဩဂုတ်လ။

**အုပ်ရေ** - ၅၀၀အုပ်

**တန်ဖိုး** -

**မျက်နှာဖုံးပန်းချီ** - ရွှေစိုးဟန်

**ထုတ်ဝေသူ** - ဦးကျော်ဆန်း
(ရဲဘော်ကျော်ဆန်း)
ရဲအောင်စာပေတိုက်၊ မြဲ(၀၉၃၂)
တိုက် (၂)၊ ချွန်း(၁)လမ်း၊
ပုသိမ်ညွန့်၊ မင်္ဂလာတောင်ညွန့်
မြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်** - ဦးကြည်စင် လဲ့လဲ့မွန်ပုံနှိပ်တိုက်
၁၅၈၊ ၄၅-လမ်း၊ ဗိုလ်တထောင်
မြို့နယ်၊ ရန်ကုန်မြို့။



အမှတ် ၂၉၅၅၃
ရက်စွဲ ၁၃.၅.၁၆

✦ ဘဝမှာ လူဖြစ်လာရင် တစ်နေ့ သေကြရမှာ မုချ။

သင် မသေခင် ဘာတွေလုပ်ရမလဲ။ မအားတဲ့ကြားက

အားအောင်မလုပ်မဖြစ် လုပ်ရမယ့် အလုပ်တွေသိဖို့၊

မှတ်ဖို့ ဒီစာအုပ်ကိုဖတ်။

# သေမင်းခေါ်တော့ အားကြရပြီ

## တက္ကသိုလ်သျှင်သီရိ

မဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မာစရိယ (ဘီ-အေ)

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း၊ ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

သင်မသေခင် ဘာတွေလုပ်ရမည်ကို မာတိကာစဉ် ဖတ်ရှုဖြင့် သိသင့်သိထိုက်သည်များကို စုံစုံလင်လင် ဖော်ပြထားသော အနုဋ္ဌရတနာခေါ်ထိုက်သည့် သုတရသစာအုပ်ကောင်း။

သေခြင်းတရားကို လက်ကိုင်ထားရန်နှင့် ဘာဝနာတရား အစဉ်ပွားကာ ရှုမှတ်သိဖို့အတွက် လက်ဆောင်မွန်စာအုပ်။

* * *

**မွေ့ဒါနလက်ဆောင်မွန်**

------------------------ သို့

မှ ------------------------

မွေ့ဒါန အမှတ်တရလက်ဆောင်

သေရမှာ ကြောက်သူနှင့် မကြောက်သူ....။

သေခါနီး အာသန္နကံဇော ထိုက်ပုံများ....။

မအားလပ်လို့ ကုသိုလ်မယူနိုင်သူများအတွက်....။

သေမင်းခေါ်တော့ အားကြွရပြီလား အားကြွရပြီလားလို့

သင်မသေခင် ကိုယ့်ကိုယ်ကိုမေး၍ ?

ဝမ္မသဝေဂ ရယူနိုင်ဖို့အတွက်....။

# မာတိကာ

## အခန်း ( ၁ )

## လိပ်ကန်းထမ်းပိုးထက်ခဲယဉ်းသောလူ့ဘဝ


- ကံကြံ့စီးပြီးကိုယ့်လမ်းကိုယ်လျှောက်ကြသူများသာ ၁၀
- နောက်ဘဝကိုဘယ်သူကဖန်တီးပေးခဲ့ပါသလဲ ၁၃
- ကံတစ်ခုတည်းက ပဋိသန္ဓေအကျိုးပေးနေပါသည် ၁၅
- ကံလေးမျိုးအကျိုးပေးစဉ် ၁၇
- သင်ဘယ်လိုသေရပါသလဲ ၂၇
- သေကာနီးဖြစ်ပျက်အာရုံထင်မှုတွေ ၂၉
- သေကာနီးကာလအာရုံစိတ်များအခြေအနေ ၃၂

- ဘဝသစ်ပဋိသန္ဓေဘယ်လိုယူကြပါသလဲ ၃၅
- သံသရာစက်ပြတ်အောင်ဘယ်လိုလုပ်ရမလဲ ၃၆
- ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်နေရာ၊
ဘယ်ရောဂါနှင့်သေရမလဲ ၃၈
- လူတိုင်းအသက်ကိုမြတ်နိုးကြသော်လည်း ၄၀
- ကောင်းသောသေခြင်းဖြစ်လိုလျှင်
စိတ်ဓာတ်မပျက်နှင့် ၄၆
- သေကာနီးအာသန္နကံဇော
ကောင်းရန်လိုသည် ၅၄
- မတွေဝေဘဲသေရန်နည်းလမ်း ၅၉
- သေရမှာကိုကြောက်သူတွေ-မကြောက်သူတွေ ၆၂
- ဘဝ၏နှလုံးသွင်းမှုများဆန်းစစ်ကြည့်ပါ ၇၀
- ဘုရားရဟန္တာတို့လမ်းညွှန်ခဲ့သော
သေကာနီးနှလုံးသွင်းမှု ၇၇
- ရှင်သာရိပုတ္တရာပေးသော
သေနည်းနှလုံးသွင်းမှု ၈၄
- တောင်တန်းသာသနာပြုဆရာတော်ကြီး
ဦးဥတ္တမသာရမိန့်ကြားသော
သေကာနီးနှလုံးသွင်းမှု ၈၇

## အခန်း ( ၂ )

## သေမင်းခေါ်တော့အသင့်ဖြစ်ပြီးသူတွေ (ပြုံးသေ–သေ)


- ပြုံးသေ-သေရသောအထည်သည်ကြီးဘဝ ၈၉
- သေမင်းခေါ်ချိန်ဖခင်ကိုတရားမြင့်စေ
  ခဲ့သောသုမနဒေဝီ ၉၂
- ဒါန၊ သီလမရှိဘဲ ပြုံးပြုံးလေးဘဝဖြင့်
  သေမင်းခေါ်ခံရသူ ၁၀၀
- သေမင်းခေါ်ရာဝမ်းသာစွာလိုက်ခဲ့သော
  ဒုဋ္ဌာဂါမဏိမင်း ၁၁၂
- ဖိုးသာချမ်း၏ပြုံးသေ-သေမင်းခေါ်ရပုံ ၁၂၃
- မေမေ၏ချမ်းမြေ့စွာသေခြင်းနည်း ၁၃၁

## အခန်း ( ၃ )

## သေမင်းခေါ်တော့ အချိန်မအားသူတွေ (မဲ့သေ–သေ)


- တိုင်းပြည်လွတ်လပ်ရေးအတွက်ထမ်းရွက်ရင်း
  သေမင်းခေါ်ခံခဲ့ရသောသခင်ညက်ဘဝ ၁၄၈
- လူသားအကျိုးကယ်တင်လိုသောဒေါက်တာ
  သေမင်းခေါ်တော့လိုက်ရသည်သာ ၁၆၁
- သံယောဇဉ်နှောင်ကြိုးနှင့်သေရ
  တောင့်တန်းသာသနာပြုဆရာတော်ကြီး၏
  မယ်တော်ဘဝ ၁၇၁
- မဲ့သေ-ပြုံးသေလွတ်ခဲ့ရပြီးသော
  ပူတိဂတ္တမထေရ် ၁၈၀

# သင့်ရုပ်–သင့်နာမ်ဆင်ခြင်ရန်

၁။ ဤကိုယ်ကာယ၊ တစ်လံမျှ၌
နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏
နာမ်ရုပ်နှစ်ပါး၊ အလွတ်ထား၍
ဤကားလိပ်ပြာ၊ ဤကားငါနှင့်
ဤမှာဇီဝ၊ ဤအတ္တဟု
ညွှန်းပြဖွယ်ရာ၊ မရှိပါသည်
ခန္ဓာ နာမ်ရုပ်မျှပါတကား။ ။

၂။ နာမ်ရုပ်တရား၊ ဤနှစ်ပါးလည်း
ရှည်လျားကာလ၊ မတည်ကြဘဲ
ခဏဖြစ်လျက်၊ ခဏပျက်၍
နှိပ်စက်ခြင်းရာ၊ လိုမပါဘူး
သဘာဝအားဖြင့် ဤသုံးပါးကြောင့်
ဖြစ်ပွားသမျှ၊ အနိစ္စသည်
ဒုက္ခ+ အနတ္တပါတကား။ ။

မင်းကွန်းတိပိဋကဓရဆရာတော်

# အမှာစာ

ပစ်တိုင်းထောင်စာပေတိုက်ပိုင်ရှင် ဦးသန်းလွင် (ဦးပု) မှ စာရေးသူကို "ဆရာ. . . **သေမင်းခေါ်တော့အားပြီလား** ဟူသောခေါင်းစဉ်နှင့် စာမူတစ်ခုရေးပေးပါ" ဟု မေတ္တာရပ်ခံလာပါသည်။

သူမေတ္တာရပ်ခံသောအချိန်တွင် စာရေးသူ၌-

"သေမင်းခေါ်တော့အားရပြီ" ဟူသောစာမူကို ဆရာကြီးဦးရွှေအောင်(အနှိုင်းမဲ့ဗုဒ္ဓ)နှင့် ဓမ္မာစရိယဦးဌေးလှိုင်တို့ကို အကြောင်းပြု၍ ရေးသားပြုစု ပြီးလုနီးပါးအချိန်ဖြစ်ပါသည်။

စာရေးသူသည် ၁၉၉၁-ခုနှစ်တွင် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနသို့ ဦးစီးအရာရှိအဖြစ် အလုပ်ဝင်ရပါသည်၊ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ သာသနာ

ရေးဝန်ကြီးဌာနမှ အကြံပေးဆရာကြီး(၉)ဦးကိုခန့်အပ်ပြီး ဗုဒ္ဓဘာသာတရားတော်အခြေခံအဆင့်၊ အထက်တန်းအဆင့်၊ အဆင့်မြင့်စာအုပ်(၃)အုပ် ရေးသားပြုစုစီမံဆောင် ရွက်ခဲ့ပါသည်။

စာရေးသူသည် ထိုအကြံပေးပညာရှင်ရှိုးသို့ ဆရာကြီးများနှင့်တွဲ၍ အလုပ်လုပ်ရန် ပူးတွဲတာဝန်ပေးအပ်ခံခဲ့ရပါသည်၊ ဤသို့ဖြင့် စာရေးသူသည် ဆရာကြီးဦးကျော်ထွန်း၊ ဦးစပ်ထွန်းမှတ်ဝင်၊ ဦးအေးနိုင်၊ ဦးထွန်းလှိုင်၊ ဦးရွှေအောင်၊ ဓမ္မာစရိယဦးဌေးလှိုင်၊ ဦးသောင်းလွင်(နည်းသစ်အင်္ဂလိပ်သဒ္ဒါ)တို့နှင့်တွဲ၍ ထိုဗုဒ္ဓဘာသာတရားတော်စာအုပ်များကို ရေးသားပြုစုခြင်းလုပ်ငန်းကို ဝိုင်းဝန်းပံ့ပိုးပေးရပါသည်။

ထိုအချိန်မှစ၍ ဆရာကြီးများနှင့်ကျွန်တော်သည် ပြောမနာ-ဆိုမနာ ဆရာ-တပည့်သဖွယ်၊ သားအဖသဖွယ် ဖြစ်လာပါသည်၊ သူတို့ခိုင်းသောစာကိုရှာပေးရသလို သူတို့ရေးခိုင်းတာကို မူကြမ်းရေးပေးရပါသည်။

ထိုအဖွဲ့တွင် ပထမဦးဆုံးခွဲခွာသူဆရာကြီးဦးရွှေအောင်ဖြစ်ပါသည်၊ ဆရာကြီးဦးရွှေအောင်ရောဂါဖြစ်၍ ဆေးရုံတက်သောအခါ လိုအပ်တာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်းတို့ကို ရုံးကိုယ်စား ကျွန်တော်ကဘဲ တာဝန်ယူဆောင်ရွက်ရပါသည်။

ဆေးရုံတွင် ဆရာကြီးနှင့်အေးဆေးစွာ စကားပြောခွင့်၊ ဆွေးနွေးခွင့်ရလာပါသည်။

“ငါမသေချင်သေးဘူးကွ၊ ကိုသီရိ၊ အမျိုးဘာသာ သာသနာအတွက် ငါရေးချင်တာတွေ၊ စာနှင့်ဟောပြောပြချင် တာတွေအများကြီးရှိနေသေးတယ်၊ ဟိုတုန်းက တစ်ဘက်က ဝန်ထမ်းဖြစ်နေတော့ စာကိုငါ့စိတ်ကြိုက်မရေးရဘူးကွ၊ ယခု ငါစိတ်ကြိုက်ရေးရတော့မယ့်အချိန်ကျမှ ဒီရောဂါက ရလာ တယ်ကွာ၊ ငါ မသေချင်သေးဘူးကွ၊ ငါ ကြိုးစားပြီးအသက်ရှင် ဦးမယ်၊ မင်း ငါ့ကို ဆရာကောင်း၊ သမားကောင်း၊ ဆေးဝါး ကောင်းနှင့် ကုသပေးနိုင်အောင် မင်းတို့ဝန်ကြီးဗိုလ်ချုပ်ကြီး မျိုးညွန့်ကိုပြောပေးစမ်းပါကွာ. . . ကိုသီရိရာ၊ ငါ နိုင်ငံအတွက် သာသနာအတွက် ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ လယ်တီဆရာတော်တို့လို ဗုဒ္ဓစာပေနှင့်ပတ်သက်သော တရား တွေကို စာဖြင့်ဟောပြောရေးသားထားချင်တယ်ကွာ”

ဟု ရောဂါခံစားနေရသော မချိမဆန့်ကြားကပင် ပြောပြသည်။

သံယာ့ဆေးရုံတွင် ဆရာကြီး ကျွန်တော့်ကိုနောက်ဆုံး ပြောသွားသောစကားကို ကျွန်တော် တသသသတိရနေမိပါ သည်။

ဆရာက အမျိုးဘာသာသာသနာအကွက် မံသေချင်ဘူးဆိုနေသော်လည်း သေမင်းကမနေဘဲ ခေါ်သွားပါသည်။

ဆရာ၏အနှိုင်းမဲ့ဗုဒ္ဓစာအုပ်သည်လည်း စာဖတ်သူပရိသတ်ကြားဝယ် တအားနာမည်ကြီးပြီး ဟိုငှလေးတကျော်ကျော်ဖြစ်ခဲ့ရပါသည်။

ဓမ္မာစရိယ ဦးဌေးလှိုင်ကမူ နှစ်အတော်ကြာအောင်တွဲခဲ့ရပါသည်၊ ဓမ္မစာပေဟောပြောပွဲများသို့လည်း အတူတူသွားခဲ့ရပါသည်၊ ဆရာ့အိမ်ကလည်း မိသားစုအိမ်လိုဖြစ်နေ၍ဝင်ထွက်သွားလာမှုများခဲ့ရပါသည်၊ ဆရာက ကျွန်တော့်အားဘယ်အကြောင်းအရာကို ဘယ်လိုရေးသားတင်ပြကွ- ဟုအကြံပြုသလို စာအုပ်နာမည်ကိုပါ ရွေးပေးတတ်ပါသည်။

အကြံပေးပညာရှင်ရုံးတွင် အတူတူတွဲလုပ်နေရစဉ်ကျွန်တော်က ဆရာ့ကို စီးကရက်အလွှန်သောက်၍-

"ဆရာတော့ လူ့သက်တမ်း(၇၅)နှစ်ပြည့်အောင်နေရမယ်မထင်ဘူး"

ဟု ဆရာ-တပည့်ခင်မင်သောသဘောဖြင့် ပြောဆိုပါသည်၊ ထိုအခါ ဆရာက

"ဟော့ကောင် ကိုသီရိ. . ငါက သာသနာတော်အတွက် အလုပ်တွေလုပ်ဦးမှာကွ၊ မသေချင်သေးဘူး၊ သေလည်းသေမှာမဟုတ်ဘူး" ဟု ပြောပါသည်။

"ဒါပေမယ့်. . ဆရာက ပရိယတ်တော့ကျွမ်းပြီး ပဋိပတ်ကအားနည်းတော့ ဆရာမသေချင်လို့ဘယ်ရမလဲ၊ ဘုရားလိုအသက်ကိုထိန်းနိုင်တဲ့ အဘိညာဉ်သမာပါတ်မှ မရှိတာ"

ဟု ထပ်တွန့်ပြောသောအခါ ဆရာသည် ပြုံးနေပါသည်။

"ကိုသီရိရေ. . . မင်းပြောတာဟုတ်တော့ဟုတ်တယ်ကွ၊ ငါက ငါတတ်ထားတဲ့ ပရိယတ်ကို လူတွေကိုဘယ်လိုနားလည်အောင်ရေးပြမလဲလို့ အမြဲစဉ်းစားနေတာနဲ့အချိန်ကုန်နေတယ်ကွ၊ မင်းက လယ်တီဆရာတော်ဘုရားကြီးရဲ့ ဒီပနီတွေရေးတာကိုအားကျပြီး စာရေးနေသလို ငါကလည်း ရှေးရှေးဆရာတော်ကြီးတွေရဲ့ကျမ်းစာတွေကို စာသင်သားတွေနားလည်အောင် နိသျ(မြန်မာအနက်)ရေးတာကိုအားကျပြီး ဗုဒ္ဓတရားတော်တွေကို လူသားအားလုံးနားလည်အောင်၊ လိုက်နာကျင့်သုံးစိတ်ဖြစ်ပေါ်လာအောင်၊ အားကျမှုတွေဖြစ်လာအောင်၊ ရေးပြချင်တာကွ၊ အဲဒီအတွက် ငါစဉ်းစားနေရလေတော့ မင်းပြောတဲ့ ပဋိပတ်အားနည်းတာတော့အမှန်ဘဲကွ၊

ဒါပေမယ့် ငါမသေချင်သေးဘူးကွ၊ စာရေးရဦးမယ်၊ စာတရားဟောရဦးမယ် ”

ဟု အားရပါးရကြီးပြောပါသည်။

ဆရာသည် ထိုဆေးလိပ်ကြောင့်ပင် ရောဂါရခဲ့ပါသည်၊ ထိုရောဂါရလာစဉ် ဆရာ၏ညီအစ်ကိုတော် မြေဇင်းဆရာတော်ထံ၌ တရားအလုပ်ကိုလုပ်ခဲ့ပါသည်၊ မန္တလေးမှ တရားစခန်းဝင်ပြီး ဆရာနှင့်ကျွန်တော်တစ်ခါထပ်တွေ့ဆုံရသည်၊ သူ၏အိမ်ရှိပန်းခြံတွင် စကားပြောကြရင်း-

“ကိုသီရိ. . . ငါ့မှာလုပ်စရာတွေအများကြီးရှိသေးတယ်ကွာ၊ ငါသေလို့မဖြစ်သေးဘူး”

ဟု ပြောပါသည်။

ထိုသို့ပြောပြီး(၄)လအကြတွင် ဆရာကြီးကွယ်လွန်ခဲ့ပါသည်၊ ဆရာကြီးကွယ်လွန်သောအခါ ကျွန်တော့်မှာ ဆရာဦးရွှေအောင်ကွယ်လွန်သည်ထက်ပင် စိတ်ထိခိုက်မိရပါသည်၊ ဆရာအလောင်း၊ ဆရာ့အငွေ့အသက်ကိုမြင်ရလျှင် ကျွန်တော်စိတ်မထိန်းနိုင်မှာစိုး၍ ဆရာအသုဘ၊ ဆရာ့ဆွမ်းကျွေး၊ ဆရာ့အိမ်နှင့်ဆရာ့မိသားစုကိုပင် ယနေ့ထိကျွန်တော်ရှောင်နေခဲ့ပါသည်။

ကျွန်တော့်ဘဝအမှတ်တရ ဂါ မသေချင်သေးဘူး ဟု ပြောခဲ့သောဆရာကြီးနှစ်ဦးသည် မသေချင်ပေမယ့် သေမင်း ခေါ်တော့ လိုက်သွားရပါသည်၊ အလားတူ ပုဂ္ဂိုလ်များစွာတို့ သည် စာသင်နေဆဲ၊ တိုင်းပြည်တာဝန်ထမ်းဆောင်နေဆဲ၊ အလုပ်လုပ်နေဆဲတန်းလန်းနှင့်ပင် မသေချင်သေးပါလျက် သေ ခြင်းတစ်မျိုးမျိုးဖြင့် သေမင်းခေါ်ရာနောက်သို့လိုက်နေကြရ သည်မှာ ဒုနှင့်ဒေး ရှိပါသည်။

ထိုဆရာကြီးနှစ်ဦးကို အမှတ်တရ ဂါရဝပြုသောအနေ ဖြင့် စာရေးသူသည် "သေမင်းခေါ်တော့အားရပြီ"ဟူသော စာမူကို ရေးသားခဲ့ရပါသည်။

မူလက ကျွန်တော်သည် ဘဝနေဝင် နည်းလမ်းပြင် ဟူသောစာအုပ်ဖြင့် သေဖို့အတွက်ပြင်ဆင်တတ်ရန်၊ သေနည်း တတ်ရန် ရေးသားခဲ့ပါသည်၊ ယခု ဤစာအုပ်သည် ထိုစာအုပ် ၏အဆက်ဟုဆိုကလည်း ဆိုနိုင်ပါသည်။

တနေကွယ် သေနယ်သို့တစ်ခါကူး
မသေဖူးရယ်လို့၊မထင်လိုက်ပါနဲ့
နေကွယ်တာအချိန်များရင်လှ
သေနယ်ရွာတစ်ခါသွားရလိမ့်မယ်
တားမရဘူး

ငါသည် မုချသေရမည်၊ အချိန်သာလို
လိုတော့သည်။

မသေခင်ချစ်၊ သေလျှင်ပစ်
အနှစ်မပါ၊ ငါ့ခန္ဓာ
မသေခင်ဟုတ်၊ သေလျှင်ပုပ်
အဟုတ်မပါ၊ ငါ့ခန္ဓာ
မသေခင်လှ၊ သေလျှင်ပွ
အသုံးချစရာမပါ၊ ငါ့ခန္ဓာ
မအို၊ မနာ၊ မသေခင်က
ကြိုတင်ကောင်းမှု ကြိုးစားပြုပါလော့။ ။

ဤဆုံးမစာများကို အလေးနက်ထားမှတ်သားကြပြီးလျှင် သေမင်းခေါ်တော့အားပြီး အဆင်သင့်ဖြစ်စေရန်နှင့် တစ်ဘက်ဘဝတွင် ချမ်းသာစွာနေနိုင်ကြစေရန် ဤစာမူကို ရေးသားရန် တိုက်တွန်းခဲ့သော "ပန်းတိုင်းထောင်" စာပေတိုက် ပိုင်ရှင် ဦးသန်းလွင်(ဦးပု)နှင့်တကွ အားလုံးသောလူသားတို့သည် သေမင်းခေါ်မှုကို ကြိုလင့်နိုင်သူများဖြစ်ကြစေရန် ဆန္ဒပြုအပ်ပါသတည်း။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဦးစွာပထမ ဂါရဝ

ပြုမိသောဆရာကြီးဦးရွှေအောင်၊ ဆရာကြီး ဓမ္မာစရိယဦးဌေး လှိုင်၊ ရေးသားရန်တိုက်တွန်းခဲ့သော "ပစ်တိုင်းထောင်"စာပေ တိုက်ပိုင်ရှင် ဦးသန်းလွင်(ဦးပု)နှင့် ကျွန်တော်၏မိသားစုအား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

**ဦးကိုကိုမြိုင်**
**စ/၅၅၊ သုနန္ဒာ(၃)လမ်း**
**မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း - ၆၉၀၃၂၄**

**မဟာသဒ္ဓမ္မဇောတိကဓဇ**
**တက္ကသိုလ်ဘွဲ့သီရိ**
**ဓမ္မာစရိယ ( ဘီ-အေ )**

# အခန်း ( ၁ )

# လိပ်ကန်းထမ်းပိုးထက် ခဲယဥ်းသောလူ့ဘဝ

ဤလောကမှ လူသားတို့အတွက်ရခဲသောတရား ဒုလ္လဘတရား(၅)ပါးကို ဟောကြားထားခဲ့ရာတွင် မနုဿတ္တဘာဝေါ ဒုလ္လဘော- လူ့ဘဝဟာလည်း ရခဲတယ်လို့ ဟောကြားခဲ့ပါတယ်။

လူ့ဘဝရခဲတာနှင့်ပတ်သတ်လို့ မဟာဝဂ္ဂသံယုတ်၊ သစ္စသံယုတ်၊ ကာဏကစ္ဆပသုတ်၊ နခသိခသုတ်၊ မဇ္ဈိမနိကာယ်ဗာလပဏ္ဍိတသုတ်တို့မှာ ဟောထားတာတွေကိုကြည့်ရင်း မည်မျှရခဲတယ်ဆိုတာကို သဘောပေါက်ကြမှာပါ။

"ရဟန်းတို့. . . မဟာသမုဒ္ဒရာကြီး၌ မျက်စိနှစ်ကွင်းအလင်းမရသောလိပ်ကန်းငယ်တစ်ကောင်ရှိပြီး ထိုလိပ်ကန်းငယ်သည် နက်လှစွာသောမဟာသမုဒ္ဒရာရေအောက်အတွင်း၌ ဦးခေါင်းလှည့်မီရာ မရပ်မနားသွားနေသည်၊ အနှစ်တစ်ရာ

တစ်ရာရှိမှ ရောက်လေရာရာ၌ တစ်ကြိမ်၊ တစ်ကြိမ်သာ အထက် ရေပေါ်သို့ဦးခေါင်းပေါ်လေ့ရှိသည်။

အလားတူ ထိုမဟာသမုဒ္ဒရာထဲ၌ အပေါက်တစ်ပေါက် သာရှိသောရထားထမ်းပိုးတုံးတစ်ခုသည် ကျရောက်နေပြီး လေ တိုက်၊ လှိုင်းရိုက်ခတ်မှုကြောင့် မရပ်မနားလွင့်မျောကာနေသည်။

ထိုသို့နေကြရာတွင် တစ်ချိန်တစ်ခါ၌ လိပ်ကန်းငယ်၏ ဦးခေါင်းပေါ်ရာအရပ်သို့ ထမ်းပိုးတုံးသည်ရောက်လာပြီး လိပ် ကန်းငယ်၏ဦးခေါင်းသည် ထမ်းပိုးပေါက်၌ လျှိုမိ၊ စွပ်မိလေရာ၏၊ ထိုသို့လျှိုမိ-စွပ်မိသောအခွင့်သည် ကြုံကြိုက်နိုင်ပါမည် လော. ။

ဟု ဗုဒ္ဓကမေးသည်။

"ကြုံကြိုက်စရာမရှိနိုင်ပါ၊ ကမ္ဘာမည်သည် အလွန်ရှည် ကြာလှသည်ဖြစ်၍ လိပ်ငယ်သည်လည်း မသေမပျောက် ထမ်း ပိုးလည်းမပုပ်မဆွေး၊ ကာလရှည်စွာတည်နေပါက တစ်ကြိမ်, တစ်ခါကြုံကြိုက်ကောင်း ကြုံကြိုက်နိုင်ပါသည်။

ဟု ရဟန်းတို့က ဖြေကြားကြပါသည်။

"ရဟန်းတို့. . . ဤအခွင့်အရေးသည် ခဲယဉ်းသည် ဟု မဆိုလောက်သေး၊ ဤအခွင့်အရေးထက် အဆထောင်မက ခဲယဉ်းသောအရာသည်ရှိသေးသည်၊ အဘယ်အရာနည်း ဟူမူ ဤလူ့ဘဝမှသေလွန်၍ အပါယ်လေးဘုံသို့တစ်ကြိမ်ကျရောက်

သောသူသည် လူ့ဘုံ-လူ့ဘဝသို့ တစ်ဖန်ပြန်ရောက်နိုင်ရန် အခွင့်အရေးပင်ဖြစ်သည်။

ဤအခွင့်အရေးသည် လိပ်ကန်းထမ်းပိုးတို့၏အခွင့်အရေးထက် အဆအရာမက အဆတစ်ထောင်မကသာလွန်၍ ခဲယဉ်းလှပါသည်၊ အဘယ်ကြောင့်နည်းဟူမူ လူ့ဘဝ၊ နတ်ဘဝမည်သည် အကုသိုလ်ဒုစရိုက်တို့ကိုရှောင်ကြဉ်၍ ကုသိုလ်ကောင်းမှုတို့ကိုပြုကျင့်သောသူများမှာ လူဖြစ်နိုင်သည် နတ်ဖြစ်နိုင်သည်။

အပါယ်ဘုံ၌မူကား အကုသိုလ်မှန်း၊ ကုသိုလ်မှန်း၊ ကောင်းမှုမှန်း၊ မကောင်းမှုမှန်း၊ ဒုစရိုက်မှန်း၊ သုစရိုက်မှန်းမသိကြ၍ ကုသိုလ်ကောင်းမှုပြုခြင်းမရှိကြကုန်၊ တိရစ္ဆာန်တို့သည် အားနည်းသောသတ္တဝါကို အားကြီးသောသတ္တဝါတို့က စားကုန်၏၊ သတ်မှု၊ စားမှုအစရှိသော အကုသိုလ်ဒုစရိုက်များနှင့်သာနေကြရကုန်သည်၊ ငရဲဘုံ၊ ပြိတ္တာဘုံတို့မှာလည်း ခံနေရသောဆင်းရဲအတွက် စိတ်ပူလောင်၊ စိတ်ဆိုးစိတ်ညစ်တွေနှင့်သာနေကြရကုန်သည်။

ထို့ကြောင့် လူ့ဘုံ၊ လူ့ဘဝသို့တစ်ဖန်ပြန်ရောက်၍ အခွင့်အရေးသည် လိပ်ကန်းထမ်းပိုးစွပ်ရေးထက်ပင် အဆအရာအထောင်သာလွန်ခဲယဉ်းလှပေသည်"

ဟု ဗုဒ္ဓက ဟောကြားခဲ့ပါသည်။

တစ်ဖန် ဗုဒ္ဓသည် လက်သည်းခွံပေါ်၌ မြေမှုန့်အနည်းငယ်တင်ထားပြီး-

"ရဟန်းတို့ . . မည်သို့ထင်ကြပါသနည်း၊ ငါ၏ လက်သည်းခွံပေါ်က မြေမှုန့်နှင့်မဟာပထဝီမြေကြီးပေါ်ရှိမြေမှုန့် ဘယ်အရာကပိုများသနည်း"

ဟု မေးသည်။

"မဟာပထဝီမြေကြီးပေါ်ရှိမြေမှုန့်ကပိုများပါသည်၊ ဘုရားရှင်၏လက်သည်းခွံပေါ်က မြေမှုန့်သည်နှိုင်းစရာမရှိပါ"

ဟု လျှောက်ထားကြသည်။

"ရဟန်းတို့ . . ဤဥပမာအတိုင်းပင် လူ့ဘဝမှစုတေ ၍ လူ့ဘဝပြန်ဖြစ်သောသတ္တဝါတို့သည် လက်သည်းခွံပေါ်မှ မြေမှုန့်ပမာအနည်းငယ်မျှသာရှိသည်၊ စင်စစ် လူ့ဘဝမှစုတေ၍ ငရဲဖြစ်ရသောသတ္တဝါတို့ကသာ မဟာပထဝီမြေမှုန့်ပမာ ပို၍ များကုန်၏။

ယင်းသို့ဖြစ်ရသည်မှာ အဘယ့်ကြောင့်နည်း.

- ဤတရားသည် ဆင်းရဲခြင်းအမှန်တည်း(ဒုက္ခသစ္စာ)
- ဤတရားသည် ဆင်းရဲခြင်း၏အကြောင်းမှန်တည်း (သမုဒယသစ္စာ)

- ဤတရားသည် ဆင်းရဲချုပ်ရာအမှန်တည်း (နိရောဓသစ္စာ)
- ဤတရားသည် ဆင်းရဲချုပ်ရာရောက်ကြောင်း အကျင့်အမှန်တည်း (မဂ္ဂသစ္စာ)

ဤအမှန်တရား(၄)ပါးကိုမသိသောကြောင့် မကျင့်သောကြောင့်ဖြစ်ကြရသည်၊ ဤအမှန်တရား(၄)ပါးကို သိအောင်ကြိုးစားအားထုတ်ကြရမည်”

ဟု ဗုဒ္ဓက လမ်းညွှန်ဟောကြားခဲ့ပါသည်။

လူ့လောကတွင် လူဟူ၍ သမုတ်ခေါ်ဝေါ်နေကြသောပုဂ္ဂိုလ်များသည် လုဇ္ဇတိပလုဇ္ဇတိတိလောကော-ဖြစ်တတ်၊ ပျက်တတ်သောကြောင့် လောက ဟုဆိုသည်၊ လောက ဝေါဟာရမှလောကို သဒ္ဒါနည်းအရ (ေ-ါ)လောကို ဦး(ူး) ပြု၍=လူ ဟူ၍ဖြစ်လာသည် ဟု ဆိုပါသည်။

တစ်ဖန် ဒေဝတာဟူသော ပါဠိစကားသည် မြန်မာဘာသာ၊ နတ်ကိုရည်ညွှန်းသည်၊ ဗြဟ္မာဟူသောစကားသည် မြန်မာဘာသာ ဗြဟ္မာကြီးကိုရည်ညွှန်းသည်၊ တိရစ္ဆာနဟူသောပါဠိစကားသည် မြန်မာဘာသာတိရစ္ဆာန်အားလုံးကို ရည်ညွှန်းသည်။

အလားတူ မနုဿဟူသောပါဠိစကားသည် မြန်မာဘာသာ လူကိုရည်ညွှန်းသည် ဟု ဆိုပါသည်။

လူဟူသော မနုဿ ပါဠိ၏အနက်အဓိပ္ပာယ်မှာ-

မန + ဥဿ = မနကား စိတ်၊ ဥဿပိုင်စိုးစေခိုင်ဆောင်ရွက်ရသူ၊ စိတ်ကိုပိုင်စိုးစေခိုင်းပြီး ကုသိုလ်-အကုသိုလ်များကိုပြုသောသူကို မနုဿ လူဟူ၍ခေါ်သည် ဟု ဆိုပါသည်။

ထိုလူကိုပညာရှိတို့က. . လူ့. . လူး. . လူ. . ဟူ၍(၃)မျိုးအနက်အဓိပ္ပာယ်ဖွင့်ဆိုပြကြပါသည်။

လူ့ = ပထမအရွယ်ပညာသည်ဘဝသူထက်ငါပညာအရာသာအောင်၊ ပညာတက်အောင်၊ အညွန့်တလူလူနှင့်တူသော လူဘဝကိုရရှိအောင်ကြိုးစားပြီးလုပ်နေသင်နေရ၍ လူ့ဟုခေါ်သည်။

လူး= ဒုတိယအရွယ်အိမ်ထောင်သည်ဘဝ သားကျွေးမှု မယားကျွေးမှု ဟူသော စားဝတ်နေရေး နိုင်ငံတာဝန်အရေးတို့ဖြင့် လုံးလည်လိုက်ကာ လူးနေရသောကြောင့်လူးဟုခေါ်သည်။

လူ = အကြောင်းနှင့်အကျိုးကိုသေချာစွာသိပြီး ဒါန သီလ ဘာဝနာတို့ဖြင့်အေးချမ်းတည်ငြိမ်စွာဘဝကိုရပ်တည်လုပ်ကိုင်သွားသူကိုသာ လူဟုခေါ်သည်။

ယင်းလူကိုပင် ဗုဒ္ဓအဘိဓမ္မာက လူတိရစ္ဆာန်၊ လူပြိတ္တာ၊လူငရဲသား၊ ပရမတ္ထလူသားစစ်စစ်ဟူ၍ ထပ်မံခွဲခြားပြပြန်ပါသည်။

လူတိရစ္ဆာန်ဆိုသည်မှာ -လူ့အဖြစ်ကိုရခဲသော်လည်း သူတပါးထံကျွန်ခံ၍ အသက်မွေးရသူများ၊ ရာဇဝတ်မှုသင့်၍တောကြို အုံကြားပြေးလွှားနေရသူများ၊ လူမြင်မခံဝံ့အောင်ပုန်းနေရသူများကို လူတိရစ္ဆာန်ဟုခေါ်သည်။

လူပြိတ္တာဆိုသည်မှာ -လူအဖြစ်ကိုရခဲသော်လည်း ရှေးကပြုခဲ့ဖူးသော မကောင်းမှုကံကြောင့်လည်းကောင်း၊ ပြုခဲ့ဖူးသော ကောင်းမှုမရှိသောကြောင့်လည်းကောင်း၊ ဤဘဝတွင်အဝတ်အစား အနေအထိုင်လုံလောက်မှုမရှိဘဲ စားရမဲ့ သောက်ရမဲ့ဘဝဖြစ်ကာ တောင်းရမ်းစားသောက်နေရသောသူများသည် လူပြိတ္တာများဖြစ်သည်။

လူငရဲသားဆိုသည်မှာ -လူအဖြစ်ကိုကောင်းစွာရခဲ့သော်လည်းသူ့အသက်သတ်ခြင်း ခိုးခြင်း

စသောဒုစရိုက်မှုများပြုသဖြင့် ပြစ်ဒဏ်ပေးရန်ထိုက်သဖြစ် အစိုးရမင်းအုပ်ချုပ်သူများကထောင်ဒဏ်ချခြင်း သတ်ဖြတ်ခံရခြင်း စသော ပြစ်ဒဏ်များပေးခံရသဖြင့် ဆင်းရဲကြီးစွာခံစားနေရသူများသည် လူငရဲသားများဖြစ်သည်။

ပရမတ္ထလူသားစစ်စစ် -အကြောင်းအကျိုး အကောင်းအဆိုးကိုသိ၍ ကံ- ကံ၏အကျိုးကိုယုံကြည်ကာ မကောင်းမှုပြုရမည်ကိုရှက်ခြင်း ကြောက်ခြင်းရှိသောသူသတ္တဝါများအပေါ်၌ သနားမေတ္တာကရုဏာ၊ မုဒိတာရှိသူ၊ လက္ခဏာရေးသုံးပါးသိ၍ ကုသလကမ္မပထတရားများကို ပွားများအားထုတ်သူတို့သည်ပရမတ္ထလူသားစစ်စစ်ဖြစ်သည်။

ဗုဒ္ဓကအင်္ဂုတ္တရနိကာယ်၌ လူဘုံရှိ လူသားများနှင့်ပတ်သက်၍-

"ရဟန်းတို့. . . . . . . ဇမ္ဗူဒိပ်ကျွန်း၌နေသူတို့သည် အကြောင်းသုံးပါးတို့ဖြင့် ဥတ္တရကုရုကျွန်းနေ လူတို့ထက် လည်းကောင်း တာဝတိံသာနတ်တို့ထက်လည်းကောင်း လွှမ်းမိုး သွာလွန်ကုန်၏။ သုံးမျိုးဟူသည်အဘယ်နည်း-

- ရဲရင့်ကုန်၏
- ခိုင်မြဲသောသတိရှိကုန်၏

ဤကျွန်း၌မြတ်သောအကျင့်ကို ကျင့်နိုင်ရ၏"

ဟူ၍ဟောတော်မူသည်။

ဤလူ့ဘုံရှိလူသားတို့သည် နတ်ရွာနိဗ္ဗာန်ရောက်ရေး၊ ဘုရားပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝကဖြစ်ရေးတို့ အတွက်ကုသလကမ္မပထတရားတို့ကို ရဲရင့်စွာ သတိကြီးစွာဖြင့် ကျင့်နိုင်ကြသလို မိဘသတ်ခြင်းစသော ပဥ္စနန္တရိယကံကြီးများ ကိုလည်း ရဲရင့်စွာပြုတတ်ပြီး အဝီစိငရဲသို့ရောက်အောင်လည်း ပြုတတ်ကြသည်။

လူတို့သည် ပဒေသာပင်ရှိရာလူ့ဘုံသို့ရောက်နေကြ သည်။

မနုဿ သမ္ပတ္တိ - ဒိဗ္ဗသမ္ပတ္တိ နိဗ္ဗနသမ္ပတ္တိတိ -
တိဿော သမ္ပတ္တိယော - ဒီဋ္ဌိ - ၂ (၃၃၀)

ရင်းသည် ဂတိဝိပ္ပတ္တိ ဖြစ်၏။

ဟူသောသမ္ပတ္တိအသီးစုံတွင် ကြိုက်ရာအသီးကိုဆွတ်ခူးစားသုံးနိုင်ကြသည်။

ယခု သင်ဤလူ့ဘုံသို့ရောက်နေသည်၊ သင်သည် မည်သို့သောအသီးကိုခူးစားမည်နည်း၊ မိမိကိုယ်ကို မိမိဝေဖန်စဉ်းစားသုံးသပ်ဆင်ခြင်ရမည်သာဖြစ်သည်။

## ကံကြမ္မာစီးပြီး ကိုယ့်လမ်းကိုယ် ဖောက်ကြသူများသာ

ဤလောကမှာ လူသားများအတွက် ဇနီး၊ လင်၊ သား၊ သမီး၊ ဆွေမျိုးများ၊ မိတ်ဆွေများဆိုတဲ့ အတွယ်အတာတွေများစွာ ရှိကြပါတယ်၊ ဤအတွယ်အတာတွေကို တကယ်စဉ်းစားကြည့်ရင် တရားသဘောနှင့်ကြည့်ရင် တစ်ချို့ကတော့ ပဋ္ဌာန်းဆက်တွေ လို့ပြောကြပါတယ်၊ အတိတ်ဘဝက ပဋ္ဌာန်းဆက်တွေရှိနေကြလို့ ဒီဘဝမှာ မိသားစုရယ်လို့ လာတွေ့ဆုံကြ ရတာပါ လို့ဆိုပါတယ်။

သတ္တဝါဆိုတာ သံယောဇဉ်အရမည်မျှပင် ချစ်ခင်တွယ်တာကြပေမယ့် သတိထားပြီး အသိတရားနှင့်ကြည့်လျှင်တော့---

နာနာဘာဝေါ -လားရာလမ်းကြောင်း ကံအကြောင်းတရား
ချင်းလည်းမတူကြပါဘူး။

ဝိနာဘာဝေါ -ဖြစ်တည်နေရတဲ့ခန္ဓာကိုယ်ချင်းကလည်း
သီးခြားစီပါ၊သူ့ကိုယ်နှင့်သူ့စိတ်၊ ကိုယ့်ကိုယ်
နဲ့ ကိုယ့်စိတ်ဆိုတဲ့သဘောရှိကြပါတယ်

အညတာဘာဝေါ-ခွဲခွာရတဲ့ကံအကြောင်းတရားခြင်းကလည်း
မတူကြပါဘူး၊ တစ်ခြားစီသာဖြစ်ကြပါတယ်

သတ္တဝါတွေဆိုတာဟာ အထူးသဖြင့် သားသမီး၊ သား မယား၊ လင်သား၊ ဆွေမျိုးဆိုတာတွေဟာ ကံကြုံစီးတွေသာဖြစ် ပါတယ်၊ ဆန်ဆုံစား---ကံကုန်သွားရတဲ့သူတွေပါ။ မိမိတို့သည် ကံလှေကြုံစီးတွေသာဖြစ်ကြပြီး ကံမဆုံလှေမကြုံကြသည့်အခါ မှာ သူ့လမ်းသူသွား၊ ကိုယ့်လမ်းကိုယ်သွားရတာပါ။

ဒါ့ကြောင့် ဆရာတော်ကြီးများက-

- နံနက်ခင်းမှာ ခြေလေးချောင်း လေးဘက်တွားသွား ရသည်။
- နေ့လည်ကျတော့ ခြေနှစ်ချောင်း ခြေနှစ်ချောင်းနှင့် ရပ်သွားသည်။
- ညနေကျတော့ သုံးချောင်းထောက် တုတ်ကောက် နှင့်သွားသည်။

ဟု အရွယ်သုံးပါးဘဝရပ်တည်မှုကိုတင်စားပြောကြားကြပါတယ်၊ **ပြီးတော့ ပျောက်ကွယ်သွားတာပါဘဲ။**

မိသားစုသံယောဇဉ်တွယ်တာကြပေမယ့် ခွဲခွာကာနီး အခါကျတော့ ကိုယ့်လမ်းကိုယ်ဖောက်၊ ကိုယ့်တံတားကိုယ် ဆောက်သွားရတဲ့သူတွေသာဖြစ်ကြပါတယ်။

-အကုသိုလ်လမ်း၊ အကုသိုလ်တံတားဆောက်သူ တွေက အပါယ်လေးဘုံသွားရပါမယ်။

-ကာမာဝစရကုသိုလ်လမ်းတွေ တံတားတွေဆောက် သူတွေက လူ့ပြည်နတ်ရွာ ကာမသုဂတိဘုံသို့သွားရ ပါမယ်။

-ဈာန်သမထကုသိုလ်လမ်းတွေ၊ တံတားတွေဆောက် သူတွေက ဗြဟ္မာ(၂၀)ဘုံသို့ သွားကြပါမယ်။

-ဝိပဿနာ၊ လောကုတ္တရာမဂ်၊ ဖိုလ်လမ်းဖောက်သူ တွေကတော့ တဏှာကင်းရာ၊ ဆင်းရဲကင်းရာ၊ မြတ် သောငြိမ်းအေးရာ နိဗ္ဗာန်စံနန်းသို့ သွားကြရပါမယ်။

အဲဒီတော့ သေမင်းခေါ်ရင်း တားမရမဲ့အတူတူ အေး ချမ်းသာယာသောဘဝလမ်းခရီးကိုလျှောက်ပြီး လိုက်နိုင်ရန် သင်ဟာ ယခုကံကြုံစီးဘဝမှာ အချိန်ရသရွေ့ ဒါန၊ သီလ၊ ဘာဝနာဟူသော လက်နက်ကိရိယာတို့ဖြင့် အသိယှဉ်သတိယှဉ် ပြီး လမ်းကောင်းတွေဖောက်၊ တံတားတွေဆောက်ပါ။

- ရေဗူးနှင့်ထီးမပါ နွေအခါမှသိမယ်

- ဒါနနှင့်သီလမပါ သေခါမှသိမယ်

ဆိုတဲ့ဆုံးမစာကို ကံကြံ့စီးသမား၊ သင်လူသားသတိထားပါလေ။

## နောက်ဘဝကို ဘယ်သူက ဖန်တီးပေးခဲ့ပါသလဲ

ယခုလူ့ပ်ရှားဆောင်ရွက်နေသောသင်သည် ယခင်က အမှန်တရားကိုမသိခဲ့သောကြောင့် လောကတွင်ကောင်းလိမ့်မည်ဟုထင်ပြီး. . .

- ကိုယ်ဖြင့်လည်း လုပ်ဆောင်ခဲ့ဖူး၏။

- နှုတ်ဖြင့်လည်းပြောဆိုခဲ့ဖူး၏။

- စိတ်ဖြင့်လည်းတွေးတောကြံစည်ခဲ့ဖူး၏။

ဤအချက်များကြောင့် ယခုလှုပ်ရှားဆောင်ရွက်နေသောလူတစ်ယောက်ဖြစ်နေရပါသည်။

သို့အတွက် လူတစ်ယောက်၊ ပုဂ္ဂိုလ်သတ္တဝါတစ်ယောက်ဖြစ်လာရခြင်းမှာ အခြားအကြောင်းကြောင့်ဖြစ်လာသည်မဟုတ်၊ အတိတ်က-

- အမှန်ကိုမသိသောအဝိဇ္ဇာ

- အမှန်မသိ၍ ကြံစည်ပြောဆိုလုပ်ကိုင်ခဲ့သောသင်္ခါရ ကြောင့် လူတစ်ယောက်၊ ပုဂ္ဂိုလ်သတ္တဝါတစ်ယောက်ဖြစ်လာ ရပါသည်။

လောက၌ မိခင်၊ ဖခင်တို့ဆိုသည်မှာ လူတစ်ယောက် ဖြစ်လာရာ၌ အကူအညီမျှသာဖြစ်ပါသည်။

မိုးရေနှင့်မြေကြီးသည် မြက်ပင်ပေါက်ရန်ကူညီခြင်းမျှ သာဖြစ်၍ မျိုးစေ့သည်သာလျှင် အကြောင်းအရင်းခံဖြစ်သကဲ့ သို့ လူတစ်ယောက်ဖြစ်လာစေရန် ထူထောင်ပေးသောမျိုးစေ့ သည် အတိတ်ကအဝိဇ္ဇာနှင့်သင်္ခါရ(ကုသိုလ်ကံ-အကုသိုလ်ကံ) မျိုးစေ့ပင်ဖြစ်ပါသည်။

လူတစ်ယောက်ဘဝတစ်ခုဖြစ်လာပြီး၍ လူ့ဘဝတာ ဝန်အရ လုပ်ကိုင်ဆောင်ရွက်နေရပြန်သည်၊ ထိုဘဝကြီးသည် နောက်အနာဂါတ်တွင် အိုခြင်း၊ နာခြင်း၊ သေခြင်းရှိလာမည်။

ယခု လူ့ဘဝလုပ်ရှားဆောင်ရွက်နေခိုက် သဘော သဘာဝကိုစိစစ်ကြည့်လျှင်-

- အသိအရင်းခံထား၍ လှုပ်ရှားမှုအမျိုးမျိုး
- တွေ့ကြုံမှုအမျိုးမျိုး
- ခံစားမှု၊ ကပ်ငြိမှု၊ စွဲလမ်းမှုအမျိုးမျိုး

အလိုရှိရာအကျိုးတစ်ခုခုဖြစ်ပေါ်စေရန် လုပ်ဆောင်နေခြင်း အကြောင်း (ကမ္မဘဝ)နှင့်လုပ်ဆောင်ပြီးဖြစ်ပေါ်နေသောအကျိုး (ဥပပတ္တိဘဝ)အမျိုးမျိုးကိုသာ တွေ့ရပါမည်။

သို့အတွက် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ဘဝတို့သည် ပစ္စုပ္ပန်လုပ်ဆောင်ချက်များအနေဖြင့် ရှိနေကြပါသည်။

လူသားတစ်ယောက်၏ဘဝကိုကြည့်လျှင် ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်တို့၏အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်ဖြစ်စဉ်တို့သည် စဉ်ဆက်မပြတ်ဖြစ်နေကြရပါသည်။

ဤသို့ သက်ရှိဘဝဖြစ်စဉ်လှည့်ပတ်မှု၊ ဖြစ်ပေါ်မှု (ပဋိသန္ဓေ)၊ တည်ရှိမှု(ဘဝင်)၊ သေဆုံးမှု(စုတေ) ဤသုံးပါးကို ပင် သံသရာလည်နေရသည် ဟု ဆိုနေကြပါသည်။

## ကံတစ်ခုတည်းက ပဋိသန္ဓေအကျိုးပေးနေပါသည်

လူတစ်ယောက်သည် မွေးသည်မှသေသည်အထိ ဘဝ တစ်ခုအတွင်း၌ လောဘ၊ ဒေါသ၊ မောဟတရားများကိုအခြေခံ ထားသော အကုသိုလ်ဒုစရိုက်တရားများကို သိန်းသန်း ကုဋေ ပြုလုပ်ထားခဲ့ပေမည်။

သဒ္ဓါတရားကိုအခြေခံ၍ ကံ-ကံ၏အကျိုးကိုယုံကြည်ကာ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တရားတို့ကိုလည်း သိန်းသန်းကုဋေပြုလုပ်ခဲ့ပေမည်။

ထိုကုသိုလ်မှု၊ အကုသိုလ်မှုတို့ကိုပြုလုပ်ရာ၌ ပြုဖြစ်အောင်၊ ပြုလုပ်မိအောင် တိုက်တွန်းသောစေတနာကို "ကံ" ဟုခေါ်ပါသည်။

ထိုစေတနာဟူသော ကံ-ကတိုက်တွန်းနှိုးဆော်မှုကြောင့် လူတစ်ယောက်သည် ဘဝတစ်ခု၌ ကုသိုလ်ကံ-အကုသိုလ်ကံတို့ကိုရောထွေးပြုလုပ်မိလျက်သားဖြစ်နေသည်။

- အကုသိုလ်ကံက အပါယ်ဘုံသို့ကျရောက်စေမည်
- ကာမာဝစရကုသိုလ်ကံက လူ့ပြည်နတ်ရွာ ရောက်စေမည်
- မဟဂ္ဂုတ်ကုသိုလ်ကံက ဗြဟ္မာပြည်ရောက်စေမည်
- လောကုတ္တရာကုသိုလ်ကံက နိဗ္ဗာန်ရွှေပြည် ဝင်စေပါမည်

# ကံ (၄) မျိုးအကျိုးပေးစဉ်

ကုသိုလ်ကံ-အကုသိုလ်ကံတို့ကိုပြုလုပ်ထားမိသော လူသားသည် သေဆုံးကွယ်လွန်သောအခါ-

- အကုသိုလ်ကံက အရင်အကျိုးပေးမည်လော
- ကုသိုလ်ကံက အရင်အကျိုးပေးမည်လော
- စုပေါင်း၍ပင် အကျိုးပေးမည်လော

လူတစ်ယောက်သည် ဘဝတစ်ခု၌ ကံပေါင်းများစွာ ပြုလုပ်ခဲ့သော်လည်း ထိုသူသေဆုံးသွားသောအခါ ဘဝသစ်၌ သတ္တဝါအသစ်အဖြစ် ပဋိသန္ဓေကိုဖြစ်စေသည်မှာ "ကံ"တစ်ခု တည်းသာဖြစ်ပါသည်။

ထိုတစ်ခုတည်းသောကံသည်ကား ကုသိုလ်ကံလည်း ဖြစ်နိုင်၏၊ အကုသိုလ်ကံလည်းဖြစ်နိုင်၏။

ဤနေရာတွင် ကံတရားများ၏ပဋိသန္ဓေအကျိုးပေးမည့် ဦးစားပေးကံ(၄)မျိုးကိုသိထားရန် လိုအပ်လှပါသည်။

လူတစ်ယောက်သည် ဘဝတစ်ခုတွင် ကုသိုလ်-အကုသိုလ်နှစ်မျိုးစလုံးကို အကြိမ်ကြိမ်ပြုလုပ်ထားပြီးဆိုကြပါစို့---

ထိုသူသေသောအခါ ထိုကံများအနက်မှ တစ်ခုတည်းသောကံကသာ ရှေးဦးစွာပေါ်ထွက်လာပြီး ပဋိသန္ဓေအကျိုးကိုပေးပါမည်။

နွားခြံမှအပေါက်ဝရှိနွားသည် နွားခြံဖွင့်သောအခါ ရှေးဦးစွာထွက်လာသကဲ့သို့ ဦးစွာထင်သောကံက ဦးစွာအကျိုးပေးပါမည်။

(မွေးသည်မှသေသည်အထိ ပဝတ္တိအကျိုးကိုကား ကံပေါင်းများစွာက ထိုက်သင့်သလိုအကျိုးပေးသွားပါလိမ့်မည်)

အကျိုးပေးဦးစားပေးမှုအရ ကံတရားအကျိုးကို(၄)မျိုး ခွဲခြား၍ ဟောကြားထားပါသည်-

(၁) ဂရုကကံ - ကြီးလေးသောအပြစ်ကံ (ပထမ)

(၂) အာသန္နကံ - အနီးကပ်ခါမှအကျိုးပေးသောကံ (ဒုတိယ)

(၃) အာစိဏ္ဏကံ - အမြဲပြုလုပ်နေသောကံ (တတိယ)

(၄) ကဋတ္တာကံ - ပြုလုပ်ခါမျှမည်မျှကံ (စတုတ္ထ)

-အမိအဖ၊ ရဟန္တာသတ်သူ၊ သံဃာသင်းခွဲသူ၊ ဘုရားကိုသွေးစိမ်းတည်အောင်ပြုသူတို့ကို ပဉ္စနန္တရိယကံထိုက်သူ၊ ကြီးလေးသောကံပြုသူဟုဆိုပါသည်၊ ထိုသူသည် သေလျှင် အခြားကုသိုလ်ကံတွေမည်မျှပင်ပြုထားစေကာမူ မုချဆတ်ဆတ် ထိုဂရုကကံကသာ ရှေးဦးစွာအကျိုးပေးပြီး အဝီစိငရဲသို့ကျရောက်ခံစားရပါမည်။

-မဟာဂုတ်ချာန်(၉)ပါးဟူသော ကုသိုလ်ဂရုကကံပြု ထားသူသည် ရှေးကပြုခဲ့သောအကုသိုလ်ကံ၊ အခြား ကုသိုလ်ကံများရှိနေစေကာမူ မုချဆတ်ဆတ် မဟာဂုတ်ကုသိုလ်ကံက ရှေ့ပြေးထွက်လာပြီး ဗြဟ္မာ (၂၀)သို့ရောက်ပါမည်။

-တစ်မဂ်တစ်ဖိုလ်ရထားသူမှန်လျှင် မုချဆတ်ဆတ် သုဂတိဘုံတစ်ဘုံဘုံသို့ရောက်ပါမည်။

-ဂရုကကံမရှိပါက သေခါနီးတွင် ကပ်၍ပြုလုပ်အပ် သော ကုသိုလ်-အကုသိုလ်ကံက အကျိုးပေးပါမည်၊ ထိုကံကို အာသန္နကံ ဟုခေါ်ပါသည်။

-သေကာနီးပြုလုပ်အပ်သော အကုသိုလ်ကံဇော စောလျှင် အပါယ်ဘုံသို့ရောက်မည်။

-ဘုရားရှင်လက်ထက် တစ်သက်လုံး ရဟန်းတရား အားထုတ်ခဲ့သော တိဿရဟန်းကြီးနှမလှူခဲ့သော သင်္ကန်းသစ်၌စွဲလမ်းအပ်သော အာသန္နကံလောဘ ဇော,စောမိ၍ သေသောအခါ (၇)ရက်ကြာမျှ သန်း ဖြစ်ရသည်။

-ဘဒ္ဒဇီပမထေရ်၏အလောင်းမဟာပနာဒမင်း၏ဆွေ မျိုးများသည် ပြဿာဒ်တော်ကြီးကိုစွဲလမ်းသော အာသန္နကံလောဘဇောကြောင့် ပြဿာဒ်အနီး၌ ငါး၊ လိပ်၊ ဖားစသည်များဖြစ်ခဲ့ရသည်။

-ဖောက်ပြန်သောဇနီးကိုစွဲလမ်းမိသော အာသန္နကံ လောဘဇောကြောင့် ထိုဇနီးအိမ်၌ မြွေ၊ ခွေး၊ နွားငယ် သုံးဘဝဆက်တိုက်ဖြစ်ခဲ့ရသည်။

-အနှစ်နှစ်သောင်းရဟန်းတရားအားထုတ်ခဲ့သော ရဟန်းသည် ပိန်းမြက်ကိုလှေပေါ်မှဆွဲမိ၍ မြက်ပြတ်သွားသည်ကို ဝိနယကုက္ကုစ္စအာသန္နကံဇော-စောမိ၍ ဧရကပတ္တနဂါးမင်းဖြစ်ခဲ့ရသည်။

-ရေတွင်းပေါင်း(၈၄၀၀၀)၊ ရေကန်ပေါင်း(၈၄၀၀၀) လှူခဲ့ပြီးသားနှင့်သမီးကို သာသနာ့ဘောင်သွင်းပြီး အာသနာ့အမွေခံခဲ့သော သီရိဓမ္မာသောကမင်းကြီးသည် နောက်ဆုံးရခဲ့သော သျှစ်သျှားသီးကိုစွဲသော အာသန္နကံအကုသိုလ်ဇောကြောင့် မြွေပြိတ္တာ(၇)ရက် ဖြစ်ရသည်။

-ဘုရားရှင်၏အလှူ့အမ၊ ဗိမ္ဗိသာရမင်းကြီး၏ ချစ်လှစွာသောမိဖုရားမလ္လိကာသည် မင်းကြီးအပေါ်၌ မိမိလိမ်ညာခဲ့သော အကုသိုလ်အာသန္နကံဇောကြောင့် အဝီစိငရဲ၌ (၇)ရက်ခံခဲ့ရသည်။

သေကာနီးပြုလုပ်သောကုသိုလ်ကံဇောစောလျှင် သုဂတိဘုံများသို့ရောက်ပါမည်။

-တစ်သက်လုံး မုဆိုးလုပ်လာခဲ့သောရှင်သောဏအဖေမုဆိုးကြီးသည် သေကာနီးဝယ် ငရဲနိမိတ်

သုတေသနစာကြည့်တိုက်
ပုံနှိပ်ထုတ်ဝေရေးဦးစီးဌာန
ရန်ကုန်
၂၁

ထင်လာရာမှ သားက ဘုရားရှေ့သယ်ဆောင်ပြီး ပန်း၊ ဆီမီးလှူဒါန်းခိုင်းရာ ထိုသို့လှူခဲ့သော အာသန္နကံမရဏာသန္နဇောစောခဲ့၍ နတ်ပြည်သို့ ရောက်ခဲ့ရသည်။

-ကမ္ဗဒါဠိကသည် နှစ်ပေါင်း(၅၀)လူသတ်ခဲ့သော်လည်း ဘုရင်ခိုင်း၍သတ်လျှင် သင့်မှာအပြစ်မရှိဟူသောရှင်သာရိပုတ္တရာ၏ပရိယာယ်စကားကို ယုံကြည်ပြီး တရားတော်ကို တည်ငြိမ်စွာနာပြီးနောက် မကြာခင်ကုသိုလ်အာသန္နကံမရဏာသန္နဇောစောပြီး တာဝတိံသာနတ်ပြည်ရောက်ရသည်။

-ကုသိုလ်ဘာတစ်ခုမျှမပြုခဲ့ဖူးသော မဋ္ဌကုဏ္ဍလီသည် ဘုရားရှင်၏ရောင်ခြည်တော်ကိုဖူးတွေ့ပြီး ကြည်နူးမိသော အာသန္နကံမရဏာသန္နဇော စောမှုကြောင့် တာဝတိံသာနတ်ပြည်ရောက်ရသည်။

-ဂဂ္ဂဋကန်ဘေးမှ ဖားသူငယ်သည် ဘုရားရှင်၏သာယာသောတရားအသံကိုကြည်နူးနာခိုက်၊ နွားကျောင်းသားဒုတ်ထောက်မိပြီး သေရာ၌ ကုသိုလ်အာသန္နကံမရဏာသန္နဇောစောမှုကြောင့် တာဝတိံသာနတ်ပြည်ရောက်ရသည်။

၂၉၅၅၃

သေကာနီးပြုအပ်သော အာသန္နကံကုသိုလ်-အကုသိုလ်မရှိခဲ့လျှင် ဘဝတစ်သက်တာအတွက် အမြဲတစေ အများအားဖြင့် ပြုလုပ်ခဲ့သောကုသိုလ်-အကုသိုလ်များရှိမည်၊ ထိုကုသိုလ်-အကုသိုလ်အမှုများကို အမြဲလေ့ကျက်ထားအပ် သော "အာစိဏ္ဏကံ" ဟုခေါ်ပါသည်။

အာသန္နကံမရှိသော် ထို"အာစိဏ္ဏကံ" က အကျိုးပေးပါမည်။

ဖော်ပြပါအာသန္နကံကုသိုလ်၊ အကုသိုလ်မှုဘဝဇာတ်လမ်းများကိုသတိထား၍ "အာစိဏ္ဏကံ" ကုသိုလ်ပြုလုပ်ထားသူတို့က "ငါကောင်းမှုပြုထားတာဘဲ သေလျှင်သုဂတိရောက်မှာပေါ့"

ဟူ၍ ပေါ့ပေါ့ဆဆ အမှတ်တမဲ့မနေရပါ။ သေကာနီးအကုသိုလ်အာသန္နကံက အကျိုးဝင်ပေးလိုက်ပါက အပါယ်ဘုံသို့ကျရောက်နိုင်သည်ကို သတိပြုကြပါ။

အာစိဏ္ဏကံအကုသိုလ်ပြုလုပ်ထားမိသူတို့ကလည်း "ငါတို့တော့ အကုသိုလ်ကံတွေပြုလုပ်ထားတာများ နေပြီ၊ သေရင်တော့ အပါယ်ကျတော့မှာဘဲ"

ဟု ဆိုပြီးဥပါဒ်စွဲလန်းကာကြောက်မနေကြဘဲ အာစိဏ္ဏကံအကုသိုလ်ကို ကျော်လွှားနိုင်သော အားကောင်းသော ဒါန၊ သီလ၊

ဘာဝနာကုသိုလ်တို့ကို ပြုလုပ်ဆောင်ရွက်ကြပြီး အားကောင်းသော အာသန္နကံကုသိုလ်ဇောဖြင့် သုဂတိဘဝသို့ ရောက်နိုင်အောင် ကြိုးစားရပါမည်။

"အာသန္နကံကုသိုလ်ရှိလျှင် သုဂတိဘဝရောက်နိုင်ဘာဘဲ"

ဟုဆိုပြီး အာသန္နကံကုသိုလ်အားကိုးဖြင့် အကုသိုလ်ဒုစရိုက်မှုတို့ကို ရဲရဲဝံ့ဝံ့ပြုနေသူများမဖြစ်ကြရန်လည်း သတိရှိကြရပါမည်။

ဒါန၊ သီလ၊ ဘာဝနာအာစိဏ္ဏကံကုသိုလ်တို့ကို မပြုမေ့မေ့လျော့လျော့မနေမိကြစေရန်လည်း လိုပါသည်။

ကုသိုလ်အာသန္နကံကြောင့် သုဂတိသို့ရောက်စေနိုင်သည့်အတွက် တစ်သက်တာပြုခဲ့သော အကုသိုလ်အာစိဏ္ဏကံတို့က တစ်ဆက်တည်းသောဘဝအတွက် ပဋိသန္ဓေအကျိုးကို မပေးနိုင်သော်လည်း နောက်နောက်ဘဝများ၌ ပဋိသန္ဓေတစ်ပါးပါးကိုပေးနိုင်သည်ကိုသတိရှိကြပါ။

အကုသိုလ်ကံပြုခဲ့သူတို့သည်ဖြစ်ရာဘဝ၌-

- အသက်တိုခြင်း
- အနာများခြင်း
- ဆင်းရဲခြင်း
- အခြံအရံနည်းပါးခြင်း

- ချစ်သူနည်းပါး၊ မုန်းသူများခြင်း

- ဘဝအောက်တန်းကျခြင်း

စသော ပဝတ္တိအကျိုးများကိုလည်း မုချဆတ်ဆတ်ခံစားကြရသည်ကိုလည်းသတိထား၍ ဒုစရိုက်အမှုများမပြုမိကြရလေအောင် ကြိုးစားရှောင်သင့်ပါသည်။

ဘဝသံသရာလမ်းတစ်လျှောက်တွင် သုဂတိဘဝသို့ရောက်၍ အသက်ရှည်အဆင်းလှ၊ အနာကင်းချမ်းသာ၍ ခြံရံသင်းပင်းများပြီး မိတ်ဆွေကောင်းဆရာကောင်းများနှင့်တွေ့၍ ပါရမီအဆင့်ဆင့်ဖြည့်ကာ ဆင်းရဲခပ်သိမ်းငြိမ်းရာအမှန်ပြည်နိဗ္ဗာန်မျက်မှောက်ပြုနိုင်ရေးအတွက် အသက်ရှိစဉ် မသေခင်က ဒါန၊ သီလ၊ သမာဓိ၊ ပညာအာစိဏ္ဏကံကုသိုလ်များကိုတတ်အားသရွေ့ ကြိုးစားအားထုတ်ကြရပါမည်။

ထိုသို့အားထုတ်ထားကြပါလျှင် သေမင်းခေါ်တော့မကြောက်မရွံ့ အဆင်သင့်လိုက်သွားနိုင်ပါသည်။

အထက်ပါ ဂရုကကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ(၃)မျိုးတို့အကျိုးပေးခွင့်မရှိမှသာလျှင် ဤဘဝ၌ သာမန်အမှတ်မထင်ပြုခဲ့သော ကုသိုလ်ကံ-အကုသိုလ်ကံတို့က ပဋိသန္ဓေအကျိုးကိုပေးနိုင်ပါသည်။

ဤကံကို အာဋတ္တာကံ ဟု ခေါ်ဆိုပါသည်။

ဤကံ(၄)ပါးတို့က နောက်ဘဝတစ်ခုဖြစ်ရန် ပဋိသန္ဓေဇနကကံကို အစဉ်အတိုင်းဖြစ်စေရာဝယ် ထိုကံဖြစ်စေရန်ပြုခဲ့သောကုသိုလ်စေတနာ၊ အကုသိုလ်စေတနာသည်က ပဓာနကျနေသည်ကို သတိပြုကြပါ။

ဗုဒ္ဓက သတ္တဝါတစ်ဦးနောင်ဘဝတစ်ခုကိုဖြစ်စေရန် ဘယ်သူက ဖန်တီးသလဲဆိုတာနှင့်ပတ်သက်၍ နိဒါနသံယုတ် ကဠာရခတ္တိယဝဂ်၊ စေတနသုတ်၌-

"ရဟန်းတို့. . . အကြင်စေတနာဖြင့်ပြုလုပ်မှုကို ဖြစ်စေ၏၊ အကြင်ကြံစည်မှုကိုလည်းကြံစည်၏၊ အကြင် အကိန်းဓာတ်သည်လည်းကိန်း၏။

ဤစေတနာဖြင့် ပြုလုပ်မှုသည် ကံစိတ်တည်ရန်အကြောင်းဖြစ်၏၊ အကြောင်းရှိသော် ကံစိတ်တည်မှုဖြစ်၏။

ကံစိတ်တည်သည်ရှိသော် စည်ပင်သည်ရှိသော် နောင်အခါ၌ တစ်ဖန်ဖြစ်ပေါ်မှုဘဝသစ်သည်ဖြစ်လေသည်။

နောင်အခါ၌ တစ်ဖန်ဖြစ်ပေါ်မှုဘဝသစ်ဖြစ်သည်ရှိသော် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း၊ စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ ပြင်းစွာပူပန်ခြင်းတို့သည် ဖြစ်ကုန်၏။

ဤသို့လျှင် အလုံးစုံသောဆင်းရဲအပေါင်းသည် ဖြစ်ပေါ်လာ၏။

ရဟန်းတို့ . . အကယ်၍စေတနာဖြင့်မပြုလုပ်စေကာမူ၊ မကြံစည်စေကာမူ အကယ်၍ အနုသယအဖြစ်ဖြင့် အတွင်းသန္တန်၌ ကိန်းအောင်းနေအံ့။

ဤကိန်းအောင်းခြင်းအနုသယဓာတ်သည်ပင် ကံစိတ်တည်ရန်အကြောင်းဖြစ်၏။

အကြောင်းရှိသော် ကံစိတ်တည်မှုဖြစ်၏၊ ကံစိတ်တည်သည့်ရှိသော် စည်ပင်သည်ရှိသော် နောင်အခါ၌ တစ်ဖန်ဖြစ်ပေါ်မှုဘဝသစ်သည်ဖြစ်လေ၏။

ဤသို့ဘဝသစ်ဖြစ်ပေါ်သော ပဋိသန္ဓေနေခြင်းစသောဆင်းရဲအပေါင်းသည်လည်း ဖြစ်ပေါ်ရလေသည် ”

ဟူ၍ ဟောတော်မူသည်။

ထိုမှအပြန်အားဖြင့် စေတနာဖြင့်မပြုလုပ်-မကြံစည်၊ အတွင်းသန္တန်၌ အနုသယမကိန်းသော်၊ ဘဝသစ်မဖြစ်ပြီး ဘဝသစ်မဖြစ်သော် ပဋိသန္ဓေနေခြင်းစသော ဆင်းရဲအပေါင်းမဖြစ်ပြီး ဟူ၍ ဟောထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် ဘဝအဆက်ဆက်သေရမည်ကိုကြောက်သောသူတို့သည်လည်းကောင်း၊ သေမင်းခေါ်သည်ကိုမခံချင်သူတို့သည်လည်းကောင်း၊ သေမင်းခေါ်ရာစေစားရာကိုခံရသောစေတနာကြောင့် ဘဝဖြစ်မှုတို့ကိုအဆုံးသတ်နိုင်ကြရအောင်ကြိုးစားကြပါလေ။

# သင်ဘယ်လိုသေရပါသလဲ

သတ္တဝါမှန်သမျှ၊ နာရာမှပြု၊ ပြီရာမှအိုပြီး ဓမ္မတာသဘော အရ တစ်နေ့နေ့မှာသေကြရမှာအမှန်ဆိုတာ အားလုံးသိကြပါ တယ်၊ ဤကဲ့သို့သေကြရာတွင် ဘယ်လိုနည်းတွေနှင့်သေကြရ ပါသလဲ. . .။

ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန်၊ ဘယ်နေရာမှာ ဘယ် ရောဂါနှင့်သေကြရမယ်ဆိုတာ လူတိုင်းမသိနိုင်ကြဘူး- လို့ ဗုဒ္ဓက ဟောခဲ့သလို သေခြင်းဆိုတဲ့သေပုံသေနည်း (၄)မျိုးကိုလည်း ဗုဒ္ဓကအဘိဓမ္မာမှာဟောပြောပြထားခဲ့ပါသည်-

အာယုက္ခယ -ဤလူ့ပြည်၌သတ်မှတ်ထားသော သက်တမ်း ကုန်၍သေရခြင်း (ယခု လူ့ပြည်သည် မူလ ကသက်တမ်း(၁၀၀)ဖြစ်သည်၊ ဘုရားပွင့်စဉ် က လူ့သက်တမ်း(၁၀၀)အပြည့်ရှိသည်၊ ဆုတ်ကပ်ကာလသဘောအရ အနှစ်(၁၀၀) ပြည့်တိုင်း (၁)နှစ်ဆုတ်သည် ဟုဆိုသည့် အတိုင်း ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်သည်မှာ နှစ်ပေါင်း(၂၅၀၀) ကျော်ရှိပြီးဖြစ်သဖြင့် လူ့ သက်တမ်းသည် (၇၅)နှစ်သက်တမ်းသာ ရှိတော့သည်ဟုဆိုပါသည်)

ဤသို့သက်တမ်းကုန်၍သေရခြင်းမျိုးကို ဆီမီး၌ မီးဇာကုန်၍သေရခြင်းသဘောမျိုး နှင့်တူသည် ဟု ဥပမာပြုကြပါသည်။

ကမ္မက္ခယ -မိမိဘဝကို ဇနကကံကပြုလုပ်ပေးလိုက် သည်၊ ထိုဇနကကံဆိုသည်မှာလည်း မိမိ၏ အတိတ်ဘဝကပြုခဲ့သောကုသိုလ်ကံ-အကု သိုလ်ကံသဘောများပါနေသည်၊ ထို ကုသိုလ်-အကုသိုလ်ဇနကကံစွမ်းအရ မိမိ ရရှိထားသော ကံသက်ကလေးကုန်ဆုံး သွား၍ သေရခြင်းမျိုးဖြစ်ပါသည်။ ဆီမီးတွင် ဆီကုန်သွားသဖြင့် မီးငြိမ်းရသော သဘောမျိုးနှင့်တူသည်ဟု ဥပမာပြုကြပါ သည်။

ဥပယက္ခယ -သက်တမ်းကလည်းပြည့်၊ ကံသတ္တိအဟုန် ကလည်းပြည့်သဖြင့် သေဆုံးခြင်းဖြစ်ပါ သည်။ မီးဇာလည်းကုန်၊ ဆီလည်းကုန်၍သေရ သောသဘောမျိုး ဟုဥပမာပြုကြပါသည်။

ဥပစ္ဆေဒက -အသက်တမ်းရော၊ ကံသတ္တိလည်းရှိပါသေး ၏၊ သို့သော် ကံကုသိုလ်(ဥပဃာတကံ)

တစ်ပါးပါးကဖြတ်သဖြင့် ဘေးပယောဂ
တစ်မျိုးမျိုးဖြင့် သေရခြင်းမျိုးဖြစ်သည်။
မီးဇာဆီရှိနေသေးသော်လည်း ရုတ်တရက်
လေပြင်းတိုက်ခတ်မှုကြောင့် မီးငြိမ်းရသလို
ဘေးပယောဂတစ်ခုခုကြောင့် အသက်ဆုံးရှုံး
ရသည့်သဘောမျိုးဟူ၍ ဥပမာပြုကြပါ
သည်။

ဤသေခြင်း(၄)မျိုးတွင် တစ်မျိုးမျိုးဖြင့်ပုဂ္ဂိုလ်သတ္တဝါဟူသမျှတို့သည် ဤရုပ်-ဤခန္ဓာကြီး ဖြစ်-ပျက်အစဉ်ဖြင့် သေကြေပျက်စီးနေရပါသည်၊ နိဗ္ဗာန်မရောက်မချင်း ဤဖြစ်-ပျက်အစဉ်ဖြင့် ရုပ်ခန္ဓာဖြစ်ကာ သံသရာလည်နေကြရမည့်သာ ဖြစ်ပါသည်။

## သေကာနီးဖြစ်ပျက်အာရုံထင်မှုတွေ

သတ္တဝါတိုင်းသေကာနီးတွင် သေကာနီးဇော ဟုခေါ်သော (မရဏာသန္နဇော)စောကြလေ့ရှိပါသည်။

ထိုသေကာနီးကာလဝယ် ရှေးကပြုလုပ်ခဲ့သောမြောက်မြားစွာသောကုသိုလ်ကံ-အကုသိုလ်ကံများထဲမှ လာမည့်ဘဝဝယ် ပဋိသန္ဓေကိုယူဆောင်ပေးမည်ဖြစ်သော တစ်ခုသောကံ၏အပြုအမူသည် ထင်ပေါ်လာပါသည်။

ရှေးကပြုလုပ်ခဲ့သည်များကို ယခုတစ်ဖန်ထပ်မံ၍ အသစ်ဆောင်ရွက်ပြုလုပ်နေရသကဲ့သို့ သေကာနီးဆဲဆဲတွင် နိမိတ်ထင်သောအားဖြင့် ဖြစ်ပေါ်လာပါသည်။

ဤကဲ့သို့စိတ်ထဲတွင်ဖြစ်ပေါ်လာခြင်းကို "ကံ" ထင် သည် ဟုဆိုကြပါသည်။

မိမိနေထိုင်ကောင်းစဉ်က ပြုလုပ်ခဲ့သောကုသိုလ် ကောင်းမှုအရာ၌ ဒါန၊ သီလ၊ ဘာဝနာပြုလုပ်ဆောင်ရွက်ပုံ စသည်များ အကုသိုလ်မကောင်းမှုအရာ၌ သတ်မှု၊ ခိုးမှုစသည့် ပြုလုပ်ဆောင်ရွက်မှုများစသည်တို့သည် သေကာနီးပုဂ္ဂိုလ်၏ စိတ်ထဲတွင်ပြန်ထင်လာခြင်းမျိုးကို ကံထင်လာသည်ဟုဆိုပါ သည်။

ထိုထင်လာသောကောင်းမှုကံ-မကောင်းမှုကံများသည် မိမိ၏အနာဂါတ်ဒုတိယဘဝကို ပို့ဆောင်ထူထောင်ပေးမည် ဖြစ်ပါသည်။

ဘဝသစ်ကိုထူထောင်ပေးမည့်ကုသိုလ်ကံ-အကုသိုလ် ကံကိုပြုလုပ်ဆောင်ရွက်စဉ်က တွေ့ကြုံခံစားခဲ့ဖူးသော အဆင်း အသံ၊အစရှိသောအာရုံတစ်ခုခုသည်လည်းကောင်း၊ အသုံးပြုခဲ့ သော သက်ရှိသက်မဲ့အရာဝတ္ထုတစ်ခုခုသည်လည်းကောင်း၊ ယခု ပင် အသုံးပြုနေရသကဲ့သို့ စိတ်ထဲတွင်လာထင်ပေါ်နေသည်။

ဥပမာ-ကုသိုလ်-အကုသိုလ်ကံပြုစဉ်က တွေ့ကြုံခဲ့ရသောအာရုံများ-

ကုသိုလ်အရာ၌ -ကျောင်းဆောက်ခြင်း၊ ဆွမ်းလှူခြင်း၊
သင်္ကန်းလှူခြင်း စသည့် အမှုအရာများကို
ပြန်၍မြင်ခြင်း။

အကုသိုလ်အရာ၌-နွားသတ်၊ ကြက်သတ်၊ ခိုးယူခြင်းစသော
မကောင်းမှုပြုနေပုံအမှုအရာများကို
ပြန်၍မြင်ခြင်း။

ဤကဲ့သို့သော ကုသိုလ်ပြုပုံအခြင်းအရာ၊ အကုသိုလ်ပြုပုံအခြင်းအရာများကို ပြန်၍မြင်နေရခြင်းကို ကမ္မနိမိတ်ထင်သည်ဟုဆိုပါသည်။

မိမိသွားရောက်ရမည့်နေရာ၊ ဘုံ၊ အရပ်ဒေသများကို အာရုံထဲတွင်ဆက်လက်ထင်ပေါ်လာခြင်းကို ဂတိနိမိတ်(သွားရောက်ရမည့်နေရာအာရုံထင်မှု) ဟု ခေါ်ဆိုပါသည်။

ထိုထင်လာသည့်ဘုံအရပ်ဒေသသို့ ကံအစွမ်းကြောင့် အမှန်တကယ်ရောက်ရှိသွားရမည်ဖြစ်ပါသည်။

ဥပမာ-လူပြန်ဖြစ်မည့်သူသည် မိမိသန္ဓေယူ ကိန်းအောင်းရမည့်မိခင်၏ဝမ်းဗိုက်ကို ထင်မြင်သည်၊ ကျွဲ၊ နွားဖြစ်မည့်သူသည် ကိုယ်တိုင် ကျွဲ၊ နွားဖြစ်နေသကဲ့သို့ ကျွဲ၊ နွား

သဏ္ဍာန်ကိုတွေ့နေရသည်နှင့် မသေမီကပင် ကိုယ်တိုင်မြင်နေရသကဲ့သို့ ထင်မြင်တတ်သည်။

ငရဲရောက်မည့်သူသည် ခွေးနက်ကြီး၊ ငရဲမီးလျှံများစသည်ကိုမြင်ရသည်။

ပြိတ္တာဖြစ်မည့်သူသည် တော၊ တောင်များ၊ ဂူများ၊ ခြုံများကိုတွေ့မြင်ရသည်။

နတ်ပြည်ရောက်မည့်သူသည် နတ်ဗိမာန်၊ ပဒေသာ ပင်၊ ဥယျာဉ်စသည်များကိုတွေ့မြင်ရသည်။

## သေကာနီးကာလအာရုံစိတ်များအခြေအနေ

သေကာနီးအချိန် ဘဝကူးကာနီးအချိန်တွင် နိမိတ်အဖြစ် သာယာကြည်နူးဖွယ်ရာများ၊ ကောင်းသောပစ္စည်းအသုံးအဆောင်များကိုတွေ့မြင်ရသော် ထိုသေကာနီးသူ၏ မျက်နှာမှာ တည်ငြိမ်နေတတ်ပါသည်၊ တစ်ခါတစ်ရံ ရွှင်လန်းနေတတ်သည်၊ ပြုံးနေတတ်ပါသည်။

မကောင်းသောနိမိတ် ထင်လာသောသူသည် ကြောက်လန့်ပြီး အော်ဟစ်ရုန်းကန်နေတတ်သည်၊ တွန့်ပစ်နေတတ်သည်၊ မျက်နှာမှာကြောက်လန့်သောအသွင်တည်ရှိနေပြီး တစ်ချို့ မျက်ရည်ကျနေတတ်သည်။

(ထိုသူများကို မိုးကုတ်ဆရာတော်ဘုရားကြီးက ပြုံး သေ-မဲ့သေ ဟူ၍ တင်စားဟောထားခဲ့ပါသည်)

အာရုံနိမိတ်များထင်ကြရာတွင်လည်း-

အချို့သူမှာ -မျက်စိတံခါးပေါက်မှာလာထင်သည်၊ ဘဝသစ်ကိုကိုယ်တိုင်မျက်စိဖြင့် လှမ်းမြင်နေရသကဲ့သို့ထင်မြင်သည်။

အချို့မှာ -နှာခေါင်းပေါက်မှာလာထင်သည်၊ ဘဝသစ်မှအနံ့များကို ကိုယ်တိုင်နှာခေါင်းဖြင့်နံနေသည်။

အချို့မှာ -လျှာမှာလာထင်သည်၊ ဘဝသစ်၌ စားသောက်ရမည့်အစားအစာများကို ယခုပင် စားနေရသကဲ့သို့ အရသာဖြစ်ပေါ်ခံစားနေရသည်။

အချို့မှာ -ကိုယ်အကြည်မှာလာထင်သည်၊ ဘဝသစ်၌တွေ့ကြုံရမည့်အတွေ့အထိများ၊ သေကာနီးသူ၏ကိုယ်ကာယမှာလာ၍ တွေ့ထိနေသကဲ့သို့ ခံစားရသည်။

အချို့မှာ -စိတ်မှာလာထင်သည်၊ စိတ်ထဲတွင် ကြံစည်တွေးတောစိတ်ကူးမှုဖြစ်နေရသည်။

လူတစ်ယောက်သည် သေကာနီးတွင် ကံ-ကမ္မနိမိတ် ဂတိနိမိတ်တို့သည်လှည့်ကာပြောင်းကာ နာရီပိုင်း-ရက်ပိုင်း-လပိုင်းကြာသည့်ကာလအထိ ထင်မြင်နေတတ်သည်။

သာမန်ပုထုဇဉ်ပုဂ္ဂိုလ်တစ်ယောက်အဖို့ ထိုနိမိတ်များ ထင်နေပြီးသည့်နောက်၌ ထင်မြင်လာသောကံ-ကမ္မနိမိတ်-ဂတိနိမိတ်များမှ အာရုံတစ်ခုခုကိုစိုက်၍ စိတ်အစဉ်သည် မပြတ် ထင်နေရသည်။

နိဗ္ဗာန်သို့သွားမည့်အရိယာပုဂ္ဂိုလ်များသည်ကား လား ရာနေရာဘုံမရှိတော့၍ သေကာနီးတွင် ကံများမထင်တော့ပါ။

လူတစ်ယောက်သည် ရိုးရိုးအာရုံများထင်နေစဉ် ဇော (၇)ကြိမ်ကျလေ့ရှိပါသည်၊ စုတိစိတ်ဇောအချိန်ကျသော် ဇော (၅)ကြိမ်သာဇောပြီး စုတိစိတ်ဖြစ်ပေါ်လာက သေဆုံးရသည်။

ထို့ကြောင့် လူတစ်ယောက်သည် သေကာနီးတွင် ကံ ကမ္မနိမိတ်-ဂတိနိမိတ်အာရုံများထပ်ကာထပ်ကာဖြစ်နေပြီး သေမည့်အချိန်ကျမှ အာရုံတစ်ခုတည်းစူးစိုက်ထင်မြင်ပြီး ဇော (၅)ကြိမ်ကျကာ သေဆုံးရပါသည်။

စုတိစိတ်ကျသေပြီးလျှင် သတ္တဝါသည် ဘဝသစ်၌ ပဋိသန္ဓေအသစ်ဖြစ်ရပါသည်၊ ကြားကာလဟူ၍မရှိပါ။ စိတ်သည် အလွန်လျင်မြန်ရကား တစ်ဘဝမှသေပြီးလျှင်သေပြီးချင်း ဘဝ

သစ်သို့ချက်ချင်းပြောင်းသွားရသည်၊ ကြားကာလအိမ်မှာ (၇) ရက်နေသည်ဆိုသည်များမှာမဟုတ်ပါ။ သားစွဲ-မယားစွဲ-ဥစ္စာစွဲနှင့်သေ၍ ပြိတ္တာဘဝရောက်သွားသူသာ အိမ်သို့ပြန်ကပ်နိုင်သောသဘောရှိပါသည်၊ ယင်းကို (၇)ရက်နေသည် ဟု ဆိုနေခြင်းဖြစ်ပါသည်။

## ဘဝသစ်ပဋိသန္ဓေ ဘယ်လိုယူကြပါသလဲ

ဘဝဟောင်းတွင် စုတိစိတ်ချုပ်ပြီးနောက် ဘဝသစ်တွင် ပဋိသန္ဓေအသစ်ဖြစ်ရသည်၊ ပဋိသန္ဓေဟူသည် ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးခြင်း ဟု အဓိပ္ပာယ်ရပါသည်။

ဘဝဟောင်း မရဏာသန္နဇောကယူအပ်သောဂတိနိမိတ် အာရုံကိုသာလျှင် အာရုံပြု၍-

-ကာမဘုံနှင့် ရူပဘုံတို့၌ ဟဒယဝတ္ထုရုပ်ကိုမှီ၍လည်း ကောင်း၊

-အရူပဘုံ၌ ဝတ္ထုရုပ်ကိုမမှီ၍လည်းကောင်း၊

အဝိဇ္ဇာအနုသယသည် ခြံရံလျက် တဏှာအနုသယလျှင်အကြောင်းရင်းရှိသော ကုသိုလ်ကံ-အကုသိုလ်ကံဟူသော သင်္ခါရမှဖြစ်စေလျက် ဖဿ-ဝေဒနာစသော သမ္ပယုတ်တရား

တို့ခြံရံလျက် တဏှာတည်းဟူသော ဘဝရေသောက်မြစ်မပြတ်ကြသေးသော ပုထုဇဉ်အဖြစ်သာတည်ရှိနေကြသော ပုဂ္ဂိုလ်သတ္တဝါဟူသမျှတို့သည် မှီရာရှိသော (၂၆)ဘုံတွင်လည်းကောင်း၊ မှီရာမရှိသောအရူပ(၄)ဘုံတွင်လည်းကောင်း တပြောင်းတပြန် သံသရာလည်၍ အစုန်အဆန်သွားလာဖြစ်နေကြရပါသည်။

## သံသရာစက်ပြတ်အောင် ဘယ်လိုလုပ်ရမည်လဲ

ဘဝဟောင်းမှ ပဋိသန္ဓေ၊ ဘဝင်၊ စုတိပြီးဆုံးပြီးနောက် ဘဝသစ်၌လည်း ပဋိသန္ဓေ၊ ဘဝင်၊ စုတိတို့သည် ဖြစ်-ပျက်သဘောအရ ဆက်လက်ဖြစ်ရပြန်ပါသည်၊ ဤသို့ ပဋိသန္ဓေ၊ ဘဝင်၊ စုတိတို့ဆက်ကာ-ဆက်ကာမပြတ်ဖြစ်နေခြင်းကိုပင် သံသရာလည်သည် ဟု ဆိုပါသည်။

ဤလောကတွင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိများကို ချစ်ခင်မြတ်နိုးနှောင်ဖွဲ့မှုများကို မဖြတ်နိုင်သေးသမျှကာလပတ်လုံး ပဋိသန္ဓေ၊ ဘဝင်၊ စုတိတို့သည် မြစ်ထဲရှိရေအလျဉ်ကဲ့သို့ သတ္တဝါတစ်ယောက်၏ကိုယ်ထဲတွင်လည်း ဘဝင်အလျဉ်အားဖြင့် မပြတ်မလပ်ဖြစ်ပေါ်နေပါမည်။

တိဟိတ်ပုဂ္ဂိုလ်များသည် ကြာမြင့်စွာပင်-

-သီလကိုဖြူစင်စေခြင်း

-ဓုတင်ကိုဆောင်ခြင်း

-သမာဓိကိုတည်ဆောက်ခြင်း

-ပညာဟူသောဝိပဿနာကိုပွားများခြင်း

တို့ဖြင့် ကောင်းစွာကျင့်ကြံကြလျက် စိတ်၊ စေတသိက်တို့၏ အနိစ္စ-အမြဲမရှိပါတကား၊ ဒုက္ခ-ဆင်းရဲပါတကား၊ အနတ္တ-အစိုးမရတကား ဟု ဝိပဿနာဉာဏ်ဖြင့်သိမြင်ကြသော် စုတေရွေ့လျောခြင်းမရှိသောနိဗ္ဗာန်ကို မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် အမှန်သိပေမည်။

ထိုသို့သိမြင်ခြင်းကြောင့် တဏှာတည်းဟူသော အစေးအဖွဲ့ကိုဖြတ်တောက်နိုင်ကြ၍ သင်္ခါရတရားတို့၏အေးငြိမ်းရာအမှန်မြတ်နိဗ္ဗာန်သို့ ရောက်ကြလိမ့်မည်။

ဤသို့မြတ်နိဗ္ဗာန်သို့မျက်မှောက်ပြုနိုင်ကြလျှင် သံသရာစက်ဝန်းသည် ပြတ်တော့သည်သာဖြစ်ပါသည်။

# ဘယ်နေ့-ဘယ်အချိန်-ဘယ်နေရာ-ဘယ်ရောဂါနှင့်သေရမလဲ

စွဲလာသန္ဓေ၊ တည်နေဖြစ်လာကြသောသတ္တဝါတို့၏ အသက်ကို အိုဘေး၊ နာဘေးတို့က တရွေ့ရွေ့သေဘေးသို့ သယ်ဆောင်နေကြပါသည်။ အိုဘေး-နာဘေးဟူသည် အသက် (၅၀)ကျော် (၇၀)ကျမှဖြစ်သည်ဟုမဆိုရပါ။ ကလလပ် ရေကြည် သန္ဓေတည်သောအချိန်မှအစ၊ မွေးဖွားသောအချိန်မှအစ အို-နာ-ဘေးခတ်ကအစဉ်ပါနေသည်။

အလားတူ သေဘေးခတ်ကလည်း ထိုအချိန်ကတည်း ကပါလာနေသည်၊ ထို့ကြောင့် သုတ္တနိပါတ၌-

"ကြုံရ ဖြစ်ရ၊ ဤလောက၌၊ စွဲလာသန္ဓေ၊ တည်နေ ဖြစ်လာ၊ သတ္တဝါတို့၏အသက်သည် အမှတ်နိမိတ်၊ သင်္ကေတမရှိပါချေ။

-ပြုလုပ်စရာကိစ္စအဝဝကျန်ရှိနေသေးသဖြင့် မသေပါ ရစေနှင့် ဟု ချိန်းချက်သတ်မှတ်ချက်လည်းမရှိပါချေ။

-ဤမျှကြာလျက် အသက်ရှည်အံ့ဟူ၍ မည်သူမည်ဝါ မျှပိုင်ပိုင်မိမိ မသိအပ်နိုင်။

-အကြောင်းအရပ်ရပ် ကာလကြာတည် ရှည်ရန်
ခဲယဉ်းလည်း ခဲယဉ်းလှချေသည်။

-မြက်ပေါ်ဆီနှင်း၊ အပ်ပေါ်မုန်ညင်းတစ်မျှနည်းကျဉ်း
လည်းနည်းကျဉ်းလှချေသည်။

-ထိုအသက်သမုတ်၊ နာမ်ရုပ်သည်လည်း၊ ပြောထူ
များလှ၊ ဆင်းရဲဒုက္ခနှင့်၊ ထာဝရအစဉ်မပြတ်ယှဉ်နေ
ပါ၏။ ”

’ကု ဟောထားပါသည်။

သို့အတွက် သတ္တဝါတို့၏သေခြင်းနှင့်ပတ်သက်၍-

-ဘယ်အသက်အရွယ်မှာသေမယ်ဆိုတာကိုမသိရပါ

-ဘယ်အနာရောဂါနှင့်သေမယ်ဆိုတာကိုမသိရပါ

-ဘယ်အချိန်မှာသေမယ်ဆိုတာကိုမသိရပါ

-ဘယ်သုသာန်မှာမြှုပ်နှံခံရမယ်ဆိုတာကိုမသိရပါ

-သေပြီးနောက် ဘယ်ရောက်မယ်ဆိုတာကိုမသိရပါ

ဟူ၍ ဗုဒ္ဓကဟောကြားထားခြင်းဖြစ်ပါသည်။

# လူတိုင်းအသက်ကိုမြတ်နိုးကြသော်လည်း

လောကရှိလူသားတိုင်းသည် အသက်ကလေးကို တန်ဖိုးထားမြတ်နိုးကြလေ့ရှိပါသည်၊ အသက်အတွက်ဆိုပါက လက်၊ ခြေကိုပင်စွန့်ရမည်ဆိုရင်လျှင် စွန့်ကြပါသည်။

ဥစ္စာပစ္စည်းတွေကိုစွန့်ပြီး ကုရမည်ဆိုရင် ဥစ္စာပစ္စည်းတွေကိုစွန့်လွှတ်ပြီး အသက်ကိုရအောင် စွန့်ပြီးကုကြလေ့ရှိပါသည်၊ သေရမည်ကိုအလွန်ကြောက်လန့်ကြပါသည်။

သို့သော် ထိုအသက်သည် အသေခံတတ်ကြီးပါ ဟု လာ၍ တစ်နေ့နေ့သေရမည်က မွေတာဖြစ်ပါသည်။

မရဏာဟူသော သေမင်းတမန်ဆွဲခေါ်ရာသို့ မလွဲမသွေ လိုက်ပါရမည်ဖြစ်သောကြောင့် မြင်မြင်သမျှသတ္တဝါအနန္တတို့သည် မြေကြီးလက်ခတ်မလွဲ မမြဲမုချသာလျှင် (၉၆)ပါးသော ဘေးရောဂါအပေါင်းတို့၏ အကြီးအမှူးဖြစ်သော သေမင်းတမန်က-

-မည်သူက မင်းစိုးရာဇာဖြစ်သည်

-မည်သူက သူဌေးသူကြွယ်ဖြစ်သည်

-မည်သူက ပညာရှိဖြစ်သည်

-မည်သူကဆင်းရဲသားဖြစ်သည်

ဟု လူလောကဇာတ်ခုံပေါ်ရှိ အမြတ်၊ အလတ်၊ မယုတ်မရွေး သောသူတို့ကို မည်သူ့ကိုမျှမချန် သေမင်းနိုင်ငံသို့ပို့ဆောင်ပေးလေသည်သာ၊ ထိုသေမင်းကို မည်သူမျှတံစိုးလက်ဆောင်ပေး၍ သေဘေးမှလွတ်ရန်ကြိုးစား၍မရနိုင်ပါချေ။

အဲဒါကြောင့် မေတ္တာအေးဆရာတော်က-

-အသက်ငယ်လည်းသေမှာပဲ၊ မမြဲခန္ဓာကြောက်စရာ

-ပစ္စည်းရှိလည်းသေမှာပဲ၊ မမြဲခန္ဓာကြောက်စရာ

-ရုပ်ရည်ချောလည်းသေမှာပဲ၊ မမြဲခန္ဓာကြောက်စရာ

-ကျန်းမာနေလည်းသေမှာပဲ၊ မမြဲခန္ဓာကြောက်စရာ

-မအားသေလည်းသေမှာပဲ၊ မမြဲခန္ဓာကြောက်စရာ

ဟု ဟောထားပါသည်။

လူ့လောက၊ လူ့ဘဝမှာ လူတွေရဲ့ဘဝဟာ-

-အချို့ အမိဝမ်းထဲမှာပင် အသက်မပါသေကြတယ်

-အချို့ မွေးမွေးချင်းပဲသေသွားကြတယ်

-အချို့ စကားပြောနိုင်တဲ့အရွယ်မှာသေကြတယ်

-အချို့ ကျောင်းသားအရွယ်မှာသေကြတယ်

-အချို့ လူလတ်အရွယ်မှာသေကြတယ်

-အချို့ လူကြီးအရွယ်မှာသေကြတယ်

လူ့ဘဝ လူ့ပတ်ဝန်းကျင်မှာ ဤကဲ့သို့သေဆုံးမှုတွေကို များစွာတွေ့ရပါသည်၊ ထို့ကြောင့် ဘုရားရှင်က-

မနုဿာနံ အာယု အပ္ပမာန ခပ္ပိ
ကာတဗ္ဗံ ကုသလံ ဗြဟ္မစရိယံ စရိတဗ္ဗံ

"လူတို့၏သက်တမ်းသည် တိုတောင်းလှချေ၏

ထို့ကြောင့် တိုသောသက်တမ်းကာလအတွင်းမှာ လုပ်သင့်လုပ်ထိုက်တဲ့ကုသိုလ်တရားတွေကို မြန်မြန်လုပ်ကြပါ၊ အသေကင်းကြောင်းတရားကောင်းဆိုသောသတိပဋ္ဌာန်ဝိပဿနာတရားများကို ကြိုးစားအားထုတ်ကြပါ၊ ပွားများအားထုတ်ကြပါ"

ဟူ၍ ဟောကြားခဲ့ပါသည်။

ဗုဒ္ဓက သုတ္တန်ပါဠိတော်မှာ ရှေးက အရကဆရာကြီး၏ဩဝါဒကို ပြန်လည်ဟောကြားထားတာကိုလည်း တွေ့ရပါတယ်။

အပ္ပမာယု မနုဿာနံ ဟာနေယျာနံ
သုခေါနိကာဓရိဒ္ဓိဒွောစနတ္ထိ ပစ္စုဿာ နာဂမော

"လူသားတွေရဲ့အသက်ဟာ တိုတောင်းလှသည်၊ အသက်ရှည်ချင်ပါသော်လည်း ဆင်းရဲပင်ပန်းစွာအသက်ရှည်ကြရတယ်၊ ထို့ကြောင့် တိုတောင်းလှသောလူ့ဘဝမှာ ပေါ့ပေါ့

ဆဆမနေကြဘဲ ဦးခေါင်းမီးလောင်ခံနေရတဲ့ပုဂ္ဂိုလ်သည် မီးကို အရင်ငြိမ်းသတ်မှုပြုသောကျင့်စဥ်တို့ကိုကျင့်သလို ယောက သေမင်းမရောက်လာခင် ကုသိုလ်တရားများကိုကြိုတင်ကျင့်ပါ" ဟူ၍ ဩဝါဒပေးထားပါသည်။

ထိုဩဝါဒကို အဘယ်ကြောင့် ဘုရားရှင်ကဟောကြားပါသနည်း ဟုဆိုသော် ထို"အရက"ဆရာကြီးဟောကြားတဲ့ အချိန်မှာ လူ့သက်တမ်းသည် အနှစ်ခြောက်သောင်းဖြစ်ပါ သည်။

လူ့သက်တမ်းအနှစ်(၆၀၀၀၀)ကာလက လူတို့တွင်-

"ဆဋ္ဌေဝအာဗာဓာ အာပေါသုံ သီတ ဥဏှံ ဇိဃစ္ဆာ ပိပါသာ၊ ဥစ္စာရောပဿာဝေါ "

ဆိုသော အနာရောဂါ (၆)မျိုးသာရှိခဲ့ပါသည်။

- အေးသောရောဂါ
- ပူသောရောဂါ
- ထမင်းဆာသောရောဂါ
- ရေဆာသောရောဂါ
- ကျင်ကြီးစွန့်ချင်သောရောဂါ
- ကျင်ငယ်စွန့်ချင်သောရောဂါ

ဤရောဂါ(၆)မျိုးရှိသော လူ့ဘဝအနှစ်(၆၀၀၀၀)မှာပင်အသက်ရှည်ရတာဆင်းရဲသည်၊ အသက်သည်တိုတောင်းလှသည်ဟု ဟောခဲ့ပါသည်။

ထိုအသက်တိုတောင်းမှုကိုပင် အရကဆရာကြီးက ဥပမာ(၇)မျိုးဖြင့် ဟောကြားသတိပေးထားပါသည်-

| | |
|---|---|
| ဆီနှင်း | -မြက်ပေါ်ရှိဆီးနှင်းပေါက်သည် နေရောင်ခြည်ထိက ချက်ချင်းပျောက်ပျက်ရသလို |
| ရေပေါ်မျဉ်း | -ရေပေါ်၌ဆွဲထားသောမျဉ်းကြောင်းသည် ချက်ချင်းပျောက်ရသလို |
| ရေပွက် | -မိုးရေမိုးပေါက်သည် ရေပေါ်မြေပေါ်ကျပြီး ချက်ချင်းပျောက်ပျက်သွားရသလို |
| တောင်ကျရေ | -တောင်ကျရေသည် ဒလဟောစီးဆင်းပြီး အရာဝတ္ထုဟူသမျှတို့ကိုကိုက်ဖြတ်ကျော်သလို |
| တံထွေး | -သလိပ်တွေ၊ တံတွေးတွေ လျှာဖျားစုပြီး ထွီကနဲ ထွေးလိုက်သလို |
| အသားတစ် | -ပူကျက်နေသောသံဒယ်အိုးထဲသို့ အသားတုံးထည့်လိုက်က ရှဲရှဲနှင့်ကျွမ်းသွားသလို |

သားသတ်နွား -အသတ်ခံရမည့်နွား သားသတ်ရုံသို့ဆွဲသွား
သောအခါ ခြေလှမ်းတိုင်းသည် သေမင်းနှင့်
နီးနေရသလို

အို-နာ-သေရေးဒုက္ခဘေးကြီးများသည် ဤဥပမာများ
ကဲ့သို့ပင် ငယ်-လတ်-ကြီးမရွေး၊ အချိန်မရွေး သေပျောက်သွား
နိုင်သည်-

ဟု ဩဝါဒပေးခဲ့ပါသည်။

ယင်းကို မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက-

ရေဥ္စတုတ်ငေ ု ကံတွေးရေပွက်

တောင်ထိပ်မြစ်တူး၊ အားရှိသူတွေး

သန္ဓေသားချက်၊ သံအိုးသားဒက်

သားချက်အလား၊ သတ်မည့်နွားသို့

မြက်ဖျားမြူနှင်း၊ ပုံမယွင်းဘူး

သေမင်းအားယူ၊ နှဲ့သည့်မူ

ပြုဘိလက်ငင်း၊ ခုချက်ချင်း

ဟူ၍ ရေးသားသီကုံးပြီး ထပ်မံဆုံးမမှုပေးခဲ့ပါသည်။

ဓမ္မပဒဋ္ဌ ဗုဒ္ဓက-

"နွားကျောင်းသားသည် တုတ်နှင့်တံတို့ဖြင့် နွားတို့ကို နွားစားကျက်သို့မောင်းနှင်သကဲ့သို့ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့သည် သတ္တဝါတို့၏အသက်ကိုသေမင်းနိုင်ငံသို့ မောင်းနှင်နေသည်"

ဟူ၍ဟောကြားခဲ့ပါသည်။

ဤတိုတောင်းလှသော လူသားတို့၏အသက်နှင့်ပတ်သက်၍ ဇာတ်တော်တို့၌-

"သတ္တဝါတစ်ဦးတစ်ယောက်သည် ရှေးဦးစွာပဋိသန္ဓေနေခဲ့သည်ရှိသော် သေရန်အတွက် ရှေ့သို့သာဆက်လက်သွားနေသည်၊ မည့်သည့်အခါကမျှ ဆုတ်နစ်ရန်မရှိပါ "

'တိုင်းပြည်သခင်ဘုရင်သည် စစ်အင်္ဂါ (၄)ပါးပြည့်စုံ၍ စစ်ပွဲကိုအောင်နိုင်သော်လည်း သေမင်းကိုမူအောင်မြင်ခြင်းငှာ မစွမ်းနိုင်ပါ "

"ခြင်္သေ့၊ ကျားသစ်တို့သည် ထိတ်လန့်ကြောက်ရွံ့တုန်လှုပ်လျက်ရှိသောသတ္တဝါတို့ကို လွှမ်းမိုးနှိပ်စက်သတ်ဖြတ်စားသောက်နိုင်သော်လည်း သေမင်းကိုမူ နှိပ်စက်သတ်ဖြတ်မှုမစွမ်းနိုင်ချေ၊ သေမင်းကသာ သတ္တဝါအားလုံးကို မညှာမတာသတ်ဖြတ်စားသောက်သည်"

“အလုံးစုံသောသတ္တဝါတို့သည် သေမင်းကိုမိတ်ဖွဲ့၍ လွတ်အောင်ကြိုးစားသော်လည်းမရ၊ တံစိုးလက်ဆောင်ပေး၍ လွတ်အောင်ကြိုးစားလည်းမရ၊ သေမင်းနှင့်စစ်ခင်းရာတွင် မိမိကဘယ်အခါမျှမအောင်နိုင်၊ နောက်ဆုံးသေမင်းရှေ့၌ ဝပ်ဆင်းကြရသည်သာ”

“ကိလေသာရန်သူကို မအောင်သေးသမျှကာလပတ် လုံး သေမင်းရန်သူကိုမအောင်မြင်နိုင်”

ဟူ၍ သေခြင်းတရားနှင့်ပတ်သက်၍ ဆိုင်ရာဆိုင်ရာဇာတ်တို့ ၌ ဟောထားပါသည်။

ဗုဒ္ဓဝံသနှင့် ပါရာဇိကအဋ္ဌကထာ (ပ)၌-

“ဉာဏ်ပညာရှိသောပုဂ္ဂိုလ်သည်-

- ဘဝသစ်၌ပြန်ဖြစ်ရခြင်းသည်ဆင်းရဲ၏။
- ခန္ဓာကိုယ်ပျက်ယွင်း၍သေမင်းနိုင်ငံသို့သက်ဆင်းရခြင်းသည်လည်းဆင်းရဲ၏။

ဤသို့သတိတရားလက်ကိုင်ထားပြီး ဉာဏ်ဖြင့်ဆင်ခြင်ကာ မအို-မနာ-မသေရာ အသင်္ခတမြတ်နိဗ္ဗာန်သို့ရောက်အောင်ကြိုးစားနေကြသည်”

ဟူ၍ ဟောကြားထားပါသည်။

မာလာဘာရီနတ်သားက လူ့ပြည်တစ်ခေါက်ပြန်လာသောပတိပူဇိတနတ်သမီးကို လူတို့၏သက်တမ်းကိုမေးသည်-

"လူတို့၏သက်တမ်းသည် နှစ်တစ်ရာမျှသာရှိပါသည်"

ဟု နတ်သမီးကအဖြေပေးသည်။

"လူတို့သည် နှစ်ပေါင်းတစ်ရာကိုပင် နှစ်ပေါင်းအသင်္ချေယျကဲ့သို့ထင်မှတ်ကြပြီး ကောင်းမှုကိုသုလ်မပြုလုပ်ကြဘဲ မေ့မေ့လျော့လျော့နေကြလေသည်"

ဟူ၍ မာလာဘာရီနတ်သားက သတိသံဝေဂတရားဖြင့်ပြောကြားသည်။

ထိုနတ်သမီး လူ့ဘဝက သေသွားမှုနှင့်ပတ်သက်၍ ဗုဒ္ဓက-

"ပန်းခူးသူသည် ပန်းတို့ကို အာသာရမ္မက်ဖြင့် ဆွတ်ယူသကဲ့သို့ ကာမဂုဏ်တို့စုဝေးရာဘဝ၌ အာသာရမ္မက်ငမ်းငမ်းတက်နေသူများကို သေမင်းသည်ဆွတ်ခူး၏"

ဟူ၍ ဘုရားရှင်ကဟောကြားခဲ့ပါသည်။

ကာမဂုဏ်တို့စုဝေးရာဘဝဟူသည် ပန်းသဖွယ်ဖြစ်ပါသည်၊ ပန်းခူးသူများ မရသေးသောပန်းများကို အာသာရမ္မက်ဖြင့်ဆွတ်ခူးသည်၊ ခူးပြီးသောပန်းများကို မညှိုးနွမ်းအောင် ထိန်းသိမ်း၏၊ ညှိုးနွမ်းသောပန်းများကို နောက်ထပ်တစ်ဖန် ဆွတ်ခူးပြန်၏။

ဤသည်တို့မှာ လောကသဘာဝလူသားတို့၏(ဝါ) ပန်းခူးသူတို့၏သဘာဝနိယာမတရားဖြစ်သည်။

လူ့ဘဝဟူသည်မှာလည်း ပန်းများသဖွယ်ဖြစ်ပါသည်၊ ပန်းများလှသလို လူ့ဘဝသည်လည်းလှပါသည်၊ ပန်းများမွှေးသလို လူ့ဘဝသည်လည်း မွှေးပါသည်၊ ထိုလှသော၊ မွှေးသော ပန်းများကိုအသုံးချသူက ထိုက်တန်သလို အသုံးချသော် တန်ဖိုးကြီးမားလှပါသည်။

အလားတူ လူ့ဘဝအဖြစ်ကိုရလာကြသောလူသားတို့သည် မိမိတို့၏ဘဝကို တန်ဖိုးရှိစွာအသုံးချတတ်သော် တန်ဖိုးရှိသောလူဖြစ်ပြီး လောကဆင်းရဲ(ဝါ)သံသရာဆင်းရဲမှ လွတ်မြောက်ကြပါလိမ့်မည်။

## ကောင်းသောသေခြင်းဖြစ်လိုလျှင် စိတ်မာတ်မပျက်နှင့်

ပုထုဇဉ်လူသားမှန်သမျှတို့သည် မိမိတို့၏အသက်ရှင်သန်မှုကိုလိုလားကြသည်နှင့်အမျှ သေခြင်းတရားကိုမူ အလွန်ကြောက်ကြထိတ်လန့်ကြပါသည်၊ သေခြင်းဆိုသောတရားကို မမြင်လို-မကြားလိုကြပါ၊ မိမိတို့၏ သေခြင်းအကြောင်းကိုမူ တွေးပင်မတွေးကြပါ၊ သူတစ်ပါးက သေစကားလာပြောလျှင်ပင် အမင်္ဂလာ-နိမိတ်မရှိ ဟု ဆိုတတ်ကြပါသေးသည်။

ဗုဒ္ဓကသေခြင်းကိုမကြောက်ရန် သေခြင်းကိုမပြတ် သတိတရားထားပြီးဆင်ခြင်ရန် ဟောကြားလမ်းညွှန်ခဲ့ပါသည်။

ယင်းငါးပါးကို အမြဲဆင်ခြင်နေသောသူသည် သေခြင်းတရားကိုကြိုတင်လက်ခံထားပါက သေခြင်းသည်လည်းကောင်း၊ အသက်ရှင်ခြင်းသည်လည်းကောင်း အလွန်ချိုမြိန်ဖွယ်ရာ ဖြစ်သလို သေရဲသူအသင့်ဖြစ်နေသူဖြစ်နေပါမည်။

ဆင်ခြင်ရမည့်အဘိဏှသုတ်မှာ-

-ငါသည် အိုခြင်းသဘောရှိသည်၊ အိုခြင်းသဘောကို မလွန်မြောက်နိုင်။

-ငါသည် နာခြင်းသဘောရှိသည်၊ နာခြင်းသဘောကို မလွန်မြောက်နိုင်။

-ငါသည် သေခြင်းသဘောရှိသည်၊ သေခြင်းသဘောကိုမလွန်မြောက်နိုင်။

-ငါအား ခပ်သိမ်းသောချစ်ခင်နှစ်သက်ကုန်သောနှလုံးကိုပွားစေတတ်ကုန်သောဆွေမျိုးခင်ပွန်းတို့နှင့် အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားသဖြင့် ရှင်ကွဲကွဲရခြင်းသည်လည်းကောင်း၊ ဘဝတစ်ပါးသို့ပြောင်းသွားသဖြင့် သေကွဲကွဲရခြင်းသည်လည်းကောင်း၊ ဖြစ်တတ်ချေသည်။

ဤသို့နေ့ညမပြတ် ဆင်ခြင်နေအပ်၏။

- ငါသည် ကံ(အလုပ်)သာလျှင်ဥစ္စာရှိသည်
- ငါသည် ကံ(အလုပ်)သာလျှင်အမွေခံရှိသည်
- ငါသည် ကံ(အလုပ်)သာလျှင်အကြောင်းရင်းရှိသည်
- ငါသည် ကံ(အလုပ်)သာလျှင်အဆွေအမျိုးရှိသည်
- ငါသည် ကံ(အလုပ်)သာလျှင်ကိုးကွယ်လဲလျောင်းရာရှိသည်
- ကောင်းသည်လည်းဖြစ်သော၊ မကောင်းသည်လည်းဖြစ်သော အကြောင်းကံ(အလုပ်)ကိုပြုသည်ဖြစ်ငြားအံ့၊ ထိုကောင်းမှု-မကောင်းမှုကံ(အလုပ်)၏ ကောင်းမွေ-ဆိုးမွေသည်ဖြစ်ရအံ့။

ဤသို့နေ့ညမပြတ် ဆင်ခြင်နေအပ်၏။

"ရဟန်းတို့. . . ဤငါးပါးသော အကြောင်းတရားတို့ကို မိန်းမသည်လည်းကောင်း၊ ယောကျ်ားသည်လည်းကောင်း၊ လူသည်လည်းကောင်း၊ ရဟန်းသည်လည်းကောင်း မပြတ်နေ့စဉ်ဆင်ခြင်အပ်၏"

"နတ္ထိမစ္စုသာဃနာဂ‌တော

"သေခြင်းတရားမရောက်လာသောနေရာသည်မရှိ"

"မရဏံ မေ ဓုဝံ"

"ငါ၏သေခြင်းသည်မြဲ၏"

"ဇီဝိတံ မေ အဓုဝံ"

"ငါ၏အသက်ရှင်မှုကားမမြဲ"

"မရဏံ မေ ဘဝိဿတိ"

"ငါ၏သေခြင်းတရားသည် အခါမရွေး နေရာမရွေး ဖြစ်လတ္တံ့"

ဤသို့သော သဘောတရားကိုဆင်ခြင်သုံးသပ်နေသော သူသည် လူ့ဘဝတွင်-

-အကျိုးရှိသောနေခြင်း၊ မြတ်သောနေခြင်းဖြင့်နေသူ ဖြစ်၍ နေရဲသူဖြစ်ပါသည်

-တမလွန်ဘဝအတွက်လည်း ကောင်းမြတ်သောသေ ခြင်း၊ မြင့်မြတ်သောသေခြင်းဖြင့် သေရဲသူအဆင်သင့် ဖြစ်နေသူ ဖြစ်ရပါသည်။

ဗုဒ္ဓက တိကအင်္ဂုတ္တရ တတိယပဏ္ဏာသက သဗ္ဗော ဓဝဂ်-ဗျာပန္နသုတ်၌ အနာထပိဏ်သူဌေးကို ကောင်းသောသေ ခြင်းဖြစ်ရန် စိတ်ဓာတ်မကျစေရန် ဤသို့ဟောကြားလမ်းညွှန် ခဲ့ပါသည်-

"သူကြွယ်. . . စိတ်ပျက်စီးလျှင် ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု (ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု)တို့သည်ပျက်စီး၏၊ ထိုအမှု

များပျက်စီးသောသူ၏ သေခြင်းသည် ကောင်းသောသေခြင်း မဖြစ်နိုင်။

ဥပမာအားဖြင့် အထွင့်တပ်ထားသောအိမ်ကို ကောင်းစွာမိုးမထားလျှင် အထွင့်လည်းပျက်စီး၏၊ အခြင်မှာလည်းပျက်စီး၏၊ နံရံမှာလည်း ပျက်စီး၏။

ဤအတူ စိတ်ပျက်စီးလျှင် ကိုယ်၊ နှုတ်စိတ်အမှုများ ပျက်စီးပြီး သေခြင်းသည်လည်း ကောင်းသောသေခြင်း မဖြစ်နိုင်ပါ။

သူကြွယ် . . . စိတ်မပျက်စီးလျှင် ကိုယ်၊ နှုတ်၊ စိတ် တို့ မပျက်စီးနိုင်၊ ထိုကံများမပျက်စီးသူ၏သေခြင်းသည် ကောင်းသောသေခြင်းဖြစ်၏။ဥပမာ-အထွင့်တပ်သောအိမ်ကို ကောင်းစွာမိုးထားသကဲ့သို့ပင်ဖြစ်သည်"

ဟူ၍ ဟောကြားထားခဲ့ပါသည်။

ဤတရားတော်အရ နေရဲသူ၊ သေရဲသူဖြစ်ရေးအတွက် လူသားတို့သည်-

-ကောင်းသောအပြုအမူ (ကာယကံမှု)

-ကောင်းသောအပြောအဆို (ဝစီကံမှု)

-ကောင်းသောအကြံအစည် (မနောကံမှု)

တို့ဖြင့် မိမိတို့၏ဘဝကို အစဉ်ထာဝရတည်ဆောက်နေရန် လိုအပ်ပါသည်။

# ယေဘုယျအားဖြင့် သေဆုံးခြင်း (ဝါ) ကောင်းရန်လိုသည်

မိမိတို့သည် ပဋိသန္ဓေတည်ကတည်းက အသေခံတတ်ကြီးပါလာ၍ နောင်အနာဂါတ်တွင် သေရမည်ကိုသိထားကြပြီးဖြစ်ရပါသည်။

သေခြင်းတရားသည်-

- အမေ့ဝိုက်ထဲမှာလည်းသေနိုင်သည်။
- မွေးပြီးစလည်းသေနိုင်သည်။
- ကလေးဘဝမှာလည်းသေနိုင်သည်။
- လူလတ်ဘဝမှာလည်းသေနိုင်သည်။
- လူကြီးဘဝမှာလည်းသေနိုင်သည်။
- နောက်ဆုံးမုချသေရမည်။

ထို့အတွက် ပုဂ္ဂိုလ်သတ္တဝါတိုင်းသည် ဘုရားရှင်ဟောကြားခဲ့သောသေနည်း(၄)မျိုးဖြင့် အချိန်မရွေးသေနိုင်ကြသည်-

၁။ အသက်တမ်းကုန်၍သေရခြင်း

(လူ့အသက် ယခု (၇၅)နှစ်သက်တမ်း)

၂။ ကံအစွမ်းကုန်၍သေရခြင်း

၃။ အသက်တမ်း၊ ကံအစွမ်းနှစ်ပါးကုန်၍သေရခြင်း

၄။ အသက်တမ်း၊ ကံစွမ်းရှိသေးသော်လည်း ဥပစ္ဆေဒကံ ခေါ် ကံတစ်ပါးဖြစ်၍ အနာရောဂါဘေး၊ လက်နက်ဘေးစသည်ဖြင့် သေရခြင်း

စသည်ဖြင့်သေခြင်း(၄)မျိုးတစ်မျိုးမျိုးဖြင့် သေကြရပါမည်။

ဤသို့သေခြင်းသဘာဝကို မည်သည့်ထာဝရဘုရား ဖန်ဆင်းကမျှမတားနိုင်၊ မစောင့်ရှောက်နိုင်ပါ။

လူသတ္တဝါတို့ အို-နာ-သေဘေးကို အမိနှင့်သားအ ချင်းချင်းပင် မကာကွယ်နိုင်သောဘေး ဟု ဗုဒ္ဓကဟောကြားခဲ့ ပါသည်-

-အမိသည် ငါအိုပါ၊ ငါ့သားလေးမအိုပါစေနဲ့၊ မနာပါ စေနဲ့၊ မသေပါစေနဲ့။

-သားသည် ငါအိုပါ၊ ငါ့မိခင်မအိုပါစေနဲ့၊ မနာပါစေနဲ့ မသေပါစေနဲ့။

ဟူ၍ အမိက သားကိုမကယ်နိုင်သလို သားကလည်း အမိကို မကယ်နိုင်သောတရားများဖြစ်ကြပါသည်။

မိမိတို့သည် လူ့ဘဝ၌ရပ်တန့်နေစဉ်အတွင်း အသိ ဉာဏ်ပညာသတိတရားရှိပြီး သေမင်းကလက်တို့မခေါ်ခင်

ခေါ်လာသောအခါ မကြောက်မရွံ့ဘဲ လိုက်ပါသွားနိုင်ရန် လိုက်ခါနီးဘဝကောင်းကို အာရုံပြုပြီးလိုက်ပါသွားနိုင်ရေးအတွက် အာသန္နကံဇောကောင်းစေရန်-

-တတ်နိုင်သောဒါနတို့ကိုပြုလုပ်ဆောင်ရွက်နေရခြင်း

-တတ်နိုင်သောသီလတို့ကိုစောင့်ထိန်းနေရခြင်း

-တတ်နိုင်သောဝိပဿနာဘာဝနာတရားတို့ကို ကြိုတင်ကြိုးစားအားထုတ်ထားခြင်းတို့ကို ပြုလုပ်ထားကြရမည်။

သေကာနီးအိပ်ရာထဲ၌လဲလျောင်းနေစဉ်မှာပင် ဒွါရ (၆)ပါး၌ပေါ်လာသောရုပ်-နာမ်အာရုံတို့ကို-

-မြင်သည်-ကြားသည်-နံသည်-စားသည်-ထိသည်-စိတ်ကူးသည် ဟု ရှုမှတ်ပွားများခြင်းဖြင့်လည်းကောင်း၊

-ခံစားရသောဝေဒနာကို နာသည်၊ ကြွင်သည်၊ ကိုက်ခဲသည်၊ အောင့်သည်ဟု ရှုမှတ်ပွားများခြင်းဖြင့်လည်းကောင်း၊

-ထိုရုပ်နာမ်ဝေဒနာတို့၏အမြဲမရှိ၊ ဖြစ်ပေါ်ပြီးနောက် ပျက်စီးချုပ်ငြိမ်းခြင်း အနိစ္စလက္ခဏာ

-ဖြစ်မှုပျက်မှုတို့ဖြင့် အမြဲမပြတ်နှိပ်စက်နေသဖြင့် ဆင်းရဲခြင်း ဒုက္ခလက္ခဏာ

-မိမိအလိုသို့မလိုက်၊ သူ့သဘာဝအတိုင်းဖြစ်ပျက်နေခြင်းပါကလားဟူသော အနတ္တလက္ခဏာ

ဤသို့သုံးသပ်ဆင်ခြင်ပွားများခြင်းဖြင့် လည်းကောင်း၊ အားအကောင်းဆုံးနှင့်သုဂတိရောက်ရန် အသေချာဆုံးဖြစ်သော ဝိပဿနာ အာသန္နကံကုသိုလ်ဇောများကို ပြုလုပ်လေ့ကျင့်ထားကြရန် လိုအပ်လှပါသည်။

ဝိပဿနာအာသန္နကံကုသိုလ်ဇောသည် သုဂတိရောက်ရန် အားအကောင်းဆုံးဖြစ်ပါသည်။

အမှန်အားဖြင့် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကိုပယ်ပြီးသော သောတာပန်အရိယာဖြစ်မှသာ အပါယ်တံခါးပိတ်ပါသည်။

သောတာပန်အစစ်မဖြစ်သေးသော်လည်း ဝိပဿနာတရားပွားများအားထုတ်ထား၍ ရုပ်-နာမ်တို့၏အဖြစ်အပျက်နှင့် ပဋိစ္စသမုပ္ပါဒ်(ကြောင်းကျိုးဆက်မှု)တို့ကိုသိမြင်နေသော ကလျာဏပုထုဇဉ်သည်လည်းကွယ်လွန်လျှင် အပါယ်မကျ၊ သုဂတိဘဝသို့လားရောက်ရ၍ ဂတိမြဲသဖြင့် သောတာပန်နှင့်တူသောကြောင့် စူဠသောတာပန် (သောတာပန်အငယ်စား) ဖြစ်သည်ဟု ကျမ်းဂန်တို့ကဆိုထားပါသည်။

ဗုဒ္ဓက ဓမ္မပဒတွင်-

"ရုပ်နာမ်တရားတို့၏အဖြစ်အပျက်ကိုမမြင်ဘဲ အသက်

တစ်ရာနေရသည်ထက် အဖြစ်အပျက်ကိုရှုမှတ်သိမြင်၍ တစ်ရက်တာမျှအသက်ရှင်ခြင်းက ပို၍မြင့်မြတ်သည်”

ဟူ၍ ဟောကြားထားပါသည်။

ထို့ကြောင့် တစ်မဂ်-တစ်ဖိုလ်ရသည်အထိ အားမထုတ်နိုင်သေးစေကာမူ နောက်နောင်ဘဝများတွင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရေးအတွက်လည်း အထောက်အပံ့ဖြစ်သော၊ ယခုဘဝ ဝိပဿနာအာသန္နကံကုသိုလ်ဇောဖြင့်သေပြီးနောက် သုဂတိဘဝ ရောက်နိုင်ရေးအတွက်လည်း အထောက်အပံ့ဖြစ်သော ဝိပဿနာကမ္မဋ္ဌာန်းဘာဝနာကို မဖြစ်မနေပွားများထားသင့်ကြပါသည်။

ဤအာသန္နကံကုသိုလ်ဇော၌ပါသော စေတနာသည် ကုသိုလ်ကံဖြစ်ပါသည်၊ ဤကုသိုလ်ကံ၏အကျိုးဖြစ်သော မဟာဝိပါက်(၈)ပါးအနက် တစ်ပါးပါးသည် ဘဝသစ်၌ ပဋိသန္ဓေစိတ်အမည်ခံလျက် သုဂတိဘုံဘဝသို့ ပို့ပေးမည်သာ ဖြစ်ပါသည်။

ထို့ကြောင့်သင်သည် သေမင်းခေါ်သူ အသင့်ဖြစ်ရေးနှင့် သေမင်းခေါ်ပြီးနောက် သုဂတိဘုံ၌ချမ်းသာသောသတ္တဝါဖြစ်ပြီး ချမ်းသာစွာခံစားနိုင်ရေးအတွက် ပြုအပ်သောကုသိုလ်ကံတို့ကိုပြုလုပ်ထားကြရန် လိုအပ်လှပါသည်။

# မတွေ့ဘောသေရန်နည်းလမ်း

လူသားဖြစ်သောပုဂ္ဂိုလ်တို့သည် ရောဂါဝေဒနာဖိစီး၍ သေကာနီးဆဲဆဲအခါ ကာလဝယ်ကိုယ်၌ဖြစ်သောဆင်းရဲဒုက္ခ အစုစုတို့သည် လေညှာသို့ရှေးရှုကိုင်ယူအပ်သော မြက်မီးရှူးကဲ့သို့ မိမိကိုယ်ကိုလောင်တတ်သောသဘောရှိပါသည်။

သစ်ပင်တစ်ပင်အိုလာသောအခါ ကိုင်းဖျားမှစ၍အိုလာသည်၊ နာလာသည်၊ ခြောက်လာသည်၊ နောက်ဆုံးပြတ်ကျရသကဲ့သို့ လူ၏ခန္ဓာကိုယ်သည်လည်း ရင့်ရာမှအို၊ အိုရာမှနာ၊ နာရာမှခြောက်သွေ့၍ ခြေသေ၊လက်သေဖြစ်လာရှတော့သည်၊ သွေးလေတို့ပိုင်းဖြတ်၍ ရပ်ဆိုင်းကုန်တော့သည်၊ ယင်းကို ခြေ၊ လက်တွေသွေးဆုတ်ကုန်ပြီး သေတော့မှာဘဲ ဟု ပြောဆိုကြသည်၊ ကိုင်တွယ်စမ်းသပ်ကြည့်ပါက အေးစက်ပြီး မာမာတောင့်တောင့်ကြီးဖြစ်နေတတ်သည်၊ မကြာမီ အောက်ပိုင်းသွေးလေ ပြတ်ပြီးသေသွားသည်။

အထက်ပိုင်းမှာလည်း တဖြည်းဖြည်းချုပ်၍လာသည်၊ မျက်စိက မည်သည့်အရာဝတ္ထုကိုမျှ သဲကွဲစွာမမြင်ရတော့၊ နားရွက်ဖျားလည်း နောက်လန်၍ချုပ်သွားသည်၊ နှာခေါင်းလည်းလန်သွား၊ တိုသွားတော့သည်၊ မျက်နှာ၏အကြောအားလုံး လျော့ကျသွားသည်၊ မေးရိုးများ၊ ပါးချိုင့်ကုပ်၍တင်းမာနေသည်၊

ပါးစပ်ဟောင်းလောင်းပွင့်လျက်နေတော့သည်၊ နှာခေါင်းဖြင့် အသက်မရှုနိုင်တော့၊ ပါးစပ်ဟပြီးသာ အသက်ရှုနေရသည်။

အသက်ကိုလည်း ပုံမှန်မရှုနိုင်တော့၊ အဆင့်ဆင့်အား ယူပြီးရှုရသည်၊ နှလုံးအားမကောင်း၍ ကောင်းစွာအလုပ်မလုပ် နိုင်တော့ချေ၊ ရင်ဘတ်မောက်တက်လာလိုက်၊ ကျသွားလိုက်ဖြင့် တစ်ကိုယ်လုံး၏နောက်ဆုံးလှုပ်ရှားမှု ကွက်ကွက်ကလေးကိုပြ နေသကဲ့သို့ရှိသည်။

ဤသို့သောအချိန်တွင် သေကာနီးဖြစ်သူ၏ သားသမီး ဆွေမျိုးများအနီးအနားမှာရှိနေခဲ့လျှင် ငိုသူကငိုနှင့်ကြသည်။

အချို့က လားရာဂတိကောင်းစေရန် ကြေးစည်တီးပေး သူက တီးပေးကြသည်၊ ကုသိုလ်စာရင်းဖတ်ပြသူက ဖတ်ပြကြ သည်၊ ပရိတ်ရွတ်ဖတ်သူက ရွတ်ဖတ်ကြသည်။

ကျန်ရစ်သူတစ်စုက ဤသို့တတ်သရွေ့ မှတ်သရွေ့ ပြုစုကြသော်လည်း ပေးရမည့်သူက အာရုံယူနိုင်သည်လည်း ရှိသည်၊ မယူနိုင်သည်လည်းရှိသည်။

ဤမြင်ကွင်းကိုထောက်၍ ရှေးလူကြီးသူမများက-

"သေကာနီးဘဝကူးကောင်းစေဖို့ မိဘများမှာ သား
သမီးကောင်းနှင့် မိတ်ဆွေကောင်းရှိဖို့လိုသည်"

ဟု ဆိုစမှတ်ပြုကြပါသည်။

သေကာနီးကာလ သင့်တင့်သောနှလုံးသွင်းမှုရှိ၍ သေရာဇောကောင်းစေရန် ကောင်းသောကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်များထင်လာစေရန်တို့သည် သေရာဇောမျောနေသူအဖို့ အလွန်အရေးကြီးလှပါသည်။

ထိုသေငယ်ဇောမျောနေသောကာလသည် တစ်ဘဝလုံးပြုလုပ်ထားသောကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကိုသာ နောက်ဆုံးအာရုံပြုပြီး လားရာဂတိသို့သွားရသောကာလဖြစ်ပါသည်။

သေကာနီးကာလဝယ် "ငြိမ်းကာနီးမီးအရှိန်ကြီး" ဆိုသကဲ့သို့ စိတ်ဓာတ်အင်အားကြီးကြီးမားမားရှိတတ်ပါသည်၊ ကုသိုလ်ကံဖြစ်စေ၊ အကုသိုလ်ဖြစ်စေ ထင်လာသောအာရုံဇောကို စွဲမိစွဲရာ ပြင်းပြင်းထန်ထန် ညနေချမ်းအချိန်ဝယ် ကြီးမားသောတောင်ထွဋ်ကြီး၏ တောင်ရိပ်ကျသကဲ့သို့ အာရုံ စွဲကပ်တတ်ပါသည်။

သေကာနီးကာလဝယ် မည်မျှပင်ကုသိုလ်ပြုထားပါစေ အာသန္နကံဇောက အကုသိုလ်အာရုံစွဲက မကောင်းသောဘုံသို့ ရောက်ပါမည်။ သေကာနီးကာလဝယ် မည်မျှပင်အကုသိုလ်ကံ ပြုထားပါစေ၊ အာသန္နကံဇောက ကုသိုလ်အာရုံစွဲက ကောင်းသောသုဂတိဘုံများသို့ရောက်ရှိပါမည်။

ဤသည်မှာ လူ့ဘဝနောက်ဆုံးခွဲခွာရာ ကာလအခြေအနေဖြစ်ပါသည့်။

ဤသို့မကောင်းသော အကုသိုလ်အာရုံမဝင်ဘဲ သတိမမေ့ မတွေဝေစေဘဲ သေလိုလျှင် ဗုဒ္ဓက-

- ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလတို့ကိုစောင့်ထိန်းရမည်
- အခါအားလျော်စွာ မရဏာနုဿတိကိုပွားများရမည်
- မေတ္တာတရားကိုလက်ကိုင်ထားပြီး မေတ္တာဘာဝနာပွားများနေရမည်

ဤတရား(၃)ပါးကို ကျင့်သုံးဆောက်တည်နေလေ့ရှိသူသည် ဘဝကူးပြောင်းရာတွင် မတွေဝေဘဲသေရသည်-ဟူ၍ ဟောကြားထားပါသည်။

## သေရမှာကိုကြောက်သူတွေ-
## မကြောက်သူတွေ

ဤသတ္တလောကကြီးတစ်ခုလုံးသည် မမြဲ၊ အကုန်ပင်သေဆုံးကြရသည်မှာ ဓမ္မတာဖြစ်နေပါသည်၊ ဤသည်ကို နေ့စဉ်တွေ့ကြုံဆုံနေကြရပါသည်။

သေမင်းသည် တိုင်းပြည်ကိုအုပ်ချုပ်နေသောမင်းတစ်ပါးကဲ့သို့ သီးခြားအခြားနေရာမှာရှိနေသည်မဟုတ်ပါ။

- သကြားမှာ အချိုဓာတ်ပါသလို

- သံပုရာသီးမှာ အချဉ်ဓာတ်ပါသလို

ပဋိသန္ဓေနေသောအချိန်မှစ၍ မမြဲသောအနိစ္စ အသေဓာတ်ကြီးက ပါလာနေပါသည်၊ ရုပ်-နာမ်ခန္ဓာရလာလျှင် ရာဇဝတ်ဘေးပြေးမလွတ်သလို သေရမည့်ဘေးပြေးမလွတ်ကြပါ။

လူတို့သည်သေရမည်ကိုသိကြပါသည်၊ သို့သော် သေရမည်ကိုလည်းကြောက်ကြပါသည်။

သုတ္တနိပါတ အဋ္ဌကဝဂ် ဂုဟဋ္ဌကသုတ်၌ ဘုရားရှင်က

"လူတို့သည် ကာမဂုဏ်စည်းစိမ်ကိုမစွန့်လွှတ်နိုင်ကြသောကြောင့် စိတ်ငြိမ်းချမ်းမှုကိုမရရှိကြချေ၊ ဆင်းရဲကိုတွေ့ကြုံကြရသောအခါ ငါတို့သည် သေလျှင်ဘာဖြစ်မည်နည်း" ဟု ထိတ်လန့်မြည်တမ်းကြသည်။

စိတ်နှလုံးမသာယာသောသူတို့သည် တမလွန်ဘဝကို စွဲလမ်းတောင့်တ၏၊ သူတို့သည် သေမင်းနှင့်ရင်ဆိုင်သောအခါ ဘဝတဏှာကြောင့် ငိုကြွေးမြည်တမ်းကြသည်။

အချို့သောသူများသည် မိမိနှစ်သက်မြတ်နိုးသောအရာများကိုစွန့်လွှတ်ရသောကြောင့် ရေခမ်းခြောက်သောမြစ်ချောင်းထဲရှိ ငါးများကဲ့သို့ ဆောက်တည်ရာမရဖြစ်ကြရသည်။

ဤအချက်များကိုသတိပြု၍ အတ္တစွဲမရှိ၊ တမလွန်ဘဝစွဲမရှိဘဲ ကျင့်ကြံနေထိုင်ရာ၏။

ပညာရှိသည် ကာမဂုဏ်တရားများကိုပယ်၍ ဤဘဝထိုဘဝများကိုမျှော်လင့်တပ်မက်ခြင်းမရှိပေ "

ဟူ၍ဟောကြားထားခဲ့ပါသည်။

အင်္ဂုတ္တိုရ်-အဘယသုတ်၌ ဗုဒ္ဓထံသို့ ပုဏ္ဏားကြီးတစ်ယောက်သည်ရောက်ရှိလာပြီး သေဘေးနှင့်ပတ်သက်၍ လျှောက်ထားခဲ့ပါသည်။

"မြတ်စွာဘုရား. . . လူတိုင်းသည် သေရမည်ကိုသိကြပါသည်၊ သေရမည်ကိုလည်းကြောက်ကြပါသည်"

ဟုလျှောက်ထားသည်။

"ပုဏ္ဏားကြီး. . . သေဘေးကိုကြောက်သူလေးယောက်မကြောက်သူလေးယောက်ရှိပါသည်"

ဟု မိန့်ကြားပြီးအကျယ်ဟောပြောပြသည်။

၁။ **ကာမဂုဏ်သာ၊ စွဲလမ်းပါ၊ သေမှာကြောက်မည်မှတ်**

သားမယား၊ အိုးအိမ်၊ ရွှေငွေလယ်ယာစသည်များကို စွဲလမ်းအားကြီးသောသူသည် သေခါနီး၌ ထိုကာမဂုဏ်များနှင့် ခွဲခွာရတော့မည် ဟု ပူပန်ကြောင့်ကြပြီး သေရမည်ကိုကြောက်ပါသည်။

ယင်းသေရမှုကို "မဲ့သေ-သေသူ" ဟု ဆိုပါသည်။

၂။ **ကာမဂုဏ်သာ၊ မခွဲလမ်းပါ၊ သေမှာမကြောက်မည့်မှတ်**

လောကီအာရုံကာမဂုဏ်တို့ဟူသည် မသေခင်ခဏ ကလေးသုံးစွဲရသောအရာတွေ၊ သေလျှင်ထားခဲ့ရမည့် မမြဲသော အရာတွေဖြစ်သည်၊ ငါက မခွဲလည်း သူကခွဲမည်။

မီးကိုမလောင်ခင်ကတားဆိုသလို တရားနှင့်ဆင်ခြင် ထား၍ ကာမဂုဏ်တို့ကိုအစွဲအလမ်းမကြီးသောသူသည် သေ ကာနီးတွင်ကာမဂုဏ်တို့ကို မစွဲလမ်း၊ မပူပင်၊ မကြောင့်ကြ တော့၍ သေရမှာကိုမကြောက်တော့ပေ။

ယင်းသေရမှုကို "ပြုံးသေ-သေသူ" ဟု ဆိုပါသည်။

၃။ **မိမိကိုယ်သာ၊ စွဲလမ်းပါ၊ သေမှာကြောက်မည့်မှတ်**

သတ္တဝါတို့မည်သည် မိမိကိုယ်ကိုအလွန်ချစ်-အလွန် စွဲလမ်းတတ်ကြသည်၊ ဘဝနိကန္တိက ဘဝတဏှာအားကြီးကြ သည်၊ မိမိနှင့်တူသောချစ်သူမရှိ၊ ဤကဲ့သို့ မိမိကိုယ်ကိုစွဲလမ်း ချစ်၍ သာယာမက်မော၍နေသဖြင့် သေရတော့မည်ဆိုလျှင် အပူကြီးပူ-အကြောက်ကြီးကြောက်ကြတော့သည်။

ယင်းသေရမှုကို "မဲ့သေ-သေသူ" ဟု ဆိုပါသည်။

## ၄။ မိမိကိုယ်သာ၊ မစွဲလမ်းပါ၊ သေမှာမကြောက်မည့်မှတ်

မိမိကိုယ်ကိုမစွဲလမ်း၊ ဤကိုယ်သည်ငါမဟုတ်၊ နာမ်ရုပ်မျှသာဖြစ်သည်။

လူမမာမှ ပယောဂစုန်းကိုခွာသလို နာမ်ရုပ်မှ ငါ၏အတ္တဒိဋ္ဌိစွဲသက္ကာယဒိဋ္ဌိစွဲကို ဉာဏ်ဖြင့်ခွာထားသူသည် ငါ-ငါ ဟူ၍အစွဲအလမ်းအားမကြီးတော့၊ နာမ်ရုပ်တွေဖြစ်ပျက်နေတာဘဲ ဟုမြင်သည်၊ ထိုသူသည် သေရမှာကိုမကြောက်သူဖြစ်သည်။

ယင်းသေရမှုကို "ပြုံးသေ-သေသူ" ဟု ဆိုပါသည်။

## ၅။ အကုသိုလ်သာ၊ များလေပါ၊ သေမှာကြောက်မည့်မှတ်

သူ့အသတ်သက်ခြင်းစသော ဒုစရိုက်မှုများကို နေ့စဉ်လိုလိုလုပ်နေသောသူသည် သေကာနီးတွင် မိမိပြုလုပ်မိခဲ့သော အကုသိုလ်ဒုစရိုက်များကိုသတိရပြီး ငါသေလျှင် အပါယ်ကျတော့မည်ဟု တွေးတောစဉ်းစားမိပြီး စိုးရိမ်သောကများဖြစ်ပေါ်လာသည်၊ ထိုသူသည် သေရမှာကိုကြောက်လန့်လေသည်။

ယင်းသေရမှုကို "မဲ့သေ-သေသူ" ဟု ဆိုပါသည်။

## ၆။ အကုသိုလ်သာ၊ မများပါ၊ သေမှာမကြောက်မည့်မှတ်

အကုသိုလ်ရှောင်၊ ကုသိုလ်ဆောင်ပြီး သုစရိုက်ဆယ်ပါးတရားကျင့်ခဲ့သူ၊ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာဘာဝနာရှိနေသူတို့သည် မိမိတို့သေဆုံးလျှင် ကောင်းရာမှန်ရာကို သေ

ချာစွာရောက်မည် ဟု ယုံကြည်ထားကြသဖြင့် သေရမည်ကို မကြောက်ကြပါ။

ယင်းသေရမှုကို "ပြုံးသေ-သေသူ" ဟု ဆိုပါသည်။

၇။ **တရားကိုသာ၊ ယုံမှားပါ၊ သေမှာကြောက်မည်မှတ်**

-ကုသိုလ်၊ အကုသိုလ်အကျိုးဆိုတာ ဟုတ်ရဲ့လား

-သစ္စာလေးပါး မဂ္ဂင်ရှစ်ပါးဆိုတာ ဟုတ်မှဟုတ်ရဲ့ လား

-နိဗ္ဗာန်ဆိုတာရော တကယ်ဟုတ်ရဲ့လား

စသည်ဖြင့် ယုံမှားသံသယများရှိနေပြီး မည်သည့်ဒါနသီလမျှ မပြုဘဲနေသည်၊ ထိုသူသည် သေကာနီးကာလ၀ယ် မကောင်း သောအာရုံနိမိတ်များထင်လာ၍ ပူပန်ကြောင့်ကြမှုတွေ ဖြစ်ပေါ်ခံစားလာရသည်၊ ထိုသူသည် သေရမည်ကို ကြောက်လာ သည်။

ယင်းသေရမှုကို "မဲ့သေ-သေသူ" ဟု ဆိုပါသည်။

၈။ **တရားကိုသာ၊ မယုံမှားပါ၊ သေမှာမကြောက်မည်မှတ်**

ကုသိုလ်၊ အကုသိုလ်အကျိုးကိုသိသည်၊ ဒါန၊ သီလ ဘာ၀နာတရားတို့၌ ယုံမှားမှုမရှိ၊ ကောင်းစွာကျင့်သုံးနေထိုင်သူ သည် သေရမည်ကိုမကြောက်ပါ။

ယင်းသေရမှုကို "ပြုံးသေ-သေသူ" ဟု ဆိုပါသည်။

# သေရမှာကိုကြောက်နေပါသလား

"သဗ္ဗေဘာယန္တိ မစ္စုနော"

"သတ္တဝါမှန်သမျှ သေရမှာကို ကြောက်ကြသည်မှာ သဘာဝနိယာမတရားလိုဖြစ်နေပါသည်"

သို့သော် ကြောက်သောသူတို့တွင် ဘုရားရဟန္တာတို့သည် ဤဘဝ၊ ဤခန္ဓာကိုယ်တပ်မက်မှု၊ စွဲလမ်းမှုတဏှာမရှိတော့၍ သေရမှာကိုမကြောက်ကြတော့ပါ။

ပုထုဇဉ်သာမန်လူတို့သည်ကား-

-မိမိ၏ဘဝခန္ဓာကိုလည်းစွဲလမ်းသည်။

-ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မြေး၊ မြစ်၊ ဆွေမျိုးမိတ်သင်္ဂဟများကိုလည်းတွယ်တာသည်။

-အိုးအိမ်၊ ရွှေ၊ ငွေစသောပစ္စည်းဥစ္စာတို့ကိုလည်း တပ်မက်နေသည်။

-မိမိသေဆုံးကာနီးအချိန်တွင် ထိုအရာများကိုခွဲခွာရတော့မည်ဟု တွေးမိကာ ဘဝတဏှာကစွဲလမ်း၍ သေရမှာကိုအလွန်ကြောက်ကြသည်။

သေရမှာကိုကြောက်တတ်သော ပုထုဇဉ်လူသာမန်တို့အား ပုထုဇဉ်ဖြစ်သော်လည်း သတ္တိရှိရှိ ကြည်ကြည်လင်လင် သေနိုင်ရန် ဤနေရာ၌ ဘုရားလောင်းသုတသောမမင်း၏ စိတ်

ထားနှင့်အဖြေကို ပြောကြားလိုပါသည်၊ ထိုထုံးကိုနှလုံးမူနိုင်ရန် တိုက်တွန်းအပ်ပါသည်။

လူသားစား ပေါရိသာဒသည် (၁၀၁)ပါးသောမင်းတို့ ကိုဖယ်၍ ယာဇ်ပူဇော်ရန်စီမံသည်၊ အခြားသူတို့ကသတ်မည် ပြုစဉ် ကြောက်ရွံ့ကြသော်လည်း သုတသောမမင်းကား ကြောက်ရွံ့ခြင်းလုံးဝမရှိ၊ ပကတိကြည်လင်သောမျက်နှာရှိ သည်။

သို့အတွက် ပေါရိသာဒ၊ သုတသောမမင်းကို ဘာ ကြောင့်သေရမှာကိုမကြောက်သလဲ ဟုမေးသည်။

"ပေါရိသာဒ. . . ငါသည် ကုသိုလ်ကောင်းမှုတို့ကို များစွာပြုခဲ့ပြီးဖြစ်သည်၊ မိဘတို့ကိုလည်းလုပ်ကျွေးခဲ့ပြီးပြီ၊ ဆွေမျိုးမိတ်သင်္ဂဟတို့အား ပြုသင့်သည့်ဝတ်တို့ကိုလည်း ပြုပြီး ပြီ၊ ပစ္စည်းဥစ္စာများစွာတို့ကိုလည်း ရဟန်းသူတော်စဉ်တို့အား လှူဒါန်းပေးကမ်းခဲ့ပြီးပြီ၊ ဤကုသိုလ်ကောင်းမှုတို့ကိုပြုခြင်းဖြင့် တမလွန်ဘဝသို့သွားရာ သံသရာခရီးလမ်းကိုရှင်းလင်းသုတ် သင်ပြီးဖြစ်သည်၊ ကုသိုလ်ကောင်းမှုပြုထားပြီးဖြစ်သောကြောင့် ငါသည် သေရမည်ကိုမကြောက်ပါ "

ဟု အဖြေပေးခဲ့သည်။

သို့အတွက် မိမိတို့သည် မိမိတို့ဘဝတွင် ဒါန၊ သီလ မည်မျှပြုထားပြီးပြီလဲ၊ မပြုလုပ်ရသေးလျှင် ပြုလုပ်ရန်လိုအပ် နေကြောင်း သတိရကြဖို့လိုအပ်ပါသည်။

လူတစ်ယောက်သည် သေပြီးနောက် သုဂတိဘဝ(လူ့ဘဝ၊ နတ်ဘဝ)သို့ရောက်ရန် ကုသိုလ်စိတ်အစဉ်ဖြစ်ရန် အာသန္နကံဇောစောရန်လိုအပ်ပါသည်။

နေတ္တိပါဠိတော်ပသန္နစိတ္တသုတ်တွင်-

"ကံ-ကံ၏အကျိုးကိုယုံကြည်၍ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့၏ဂုဏ်ကိုဆင်ခြင်ပွားများအောက်မေ့လျက် သေလျှင် သုဂတိဘဝသို့ရောက်နိုင်သည်"

ဟူ၍ ဟောထားသည်ကိုတွေ့ရပါသည်။

## ဘဝ၏နှလုံးသွင်းမှုများဆန်းစစ်ကြည့်ပါ

ဤလောကဝယ် လူဟူ၍ဖြစ်လာပြီးနောက် အရွယ်ရောက်လာသည်နှင့်တစ်ပြိုင်နက်တည်း စား၊ ဝတ်၊ နေ၊ ရေး တို့အတွက် အလုပ်များကိုတစ်ခုမဟုတ်တစ်ခု မုချလုပ်ကြရတော့သည်။

ထိုသို့အလုပ်,လုပ်ရခြင်းအတွက် လူတွင်နှလုံးသွင်းခြင်းဟူသည်များသည်လည်း မလွဲမသွေပါလာရပါတော့သည်၊ နှလုံးသွင်းမှုတွင်-

-ယောနိသောမနသိကာရ-ကောင်းသောနှလုံးသွင်းမှု

-အယောနိသောမနသိကာရ-မကောင်းသောနှလုံး
သွင်းမှု

ဟူ၍ရှိသည်။

ထိုနှလုံးသွင်းမှုသည် မိမိလုပ်သောအလုပ်နှင့်ပတ်သက်၍ ကောင်းသောနှလုံးသွင်းမှုလည်းရှိသည်၊ မကောင်းသောနှလုံးသွင်းမှုလည်းရှိလာရပါသည်။

ကောင်းသောနှလုံးသွင်းမှုဟူသည် မိမိ၏ဘဝကို လောကအတွက်အသုံးချခြင်းဖြစ်သည်။

မကောင်းသောနှလုံးသွင်းမှုဟူသည် မိမိဘဝအတွက် လောကကို အသုံးချခြင်းဖြစ်သည်။

မိမိဘဝအတွက် လောကကိုအသုံးချရန်ရည်ရွယ်ချက်ဖြင့်လုပ်ဆောင်သောသူများသည် လုပ်သောလုပ်ငန်းတိုင်းတွင် "ငါအတွက်" ဟူသောနှလုံးသွင်းမှုသည့် အမြဲတမ်းပါလွှမ်းမိုးနေတတ်ပါသည်။

ငါ့အတွက်ဟူသော ခံယူချက်လွှမ်းမိုးထားပြီးဆောင်ရွက်လာသူသည် လောကအတွက် ပတ်ဝန်းကျင်အတွက် လေးစားတန်ဖိုးထားသောစိတ်ဓာတ်များမရှိတော့ပါ၊ ငါ့ အတွက်ရမည်ဆိုလျှင် ဘနဖူးမှာပင်သိုက်တူးမည့်လူစားမျိုးဖြစ် သွားရပါသည်၊ သူ့အတွက် အကျိုးရှိမည်ဆိုလျှင် ဘာမဆိုလုပ်ရဲလာ၍ တရား

သည်၊ မတရားသည်ကိုမကြည့်တော့၊ သူကြည့်သည်ကား သူ၏ ဘဝအတွက် သူရည်မှန်းထားသောရည်မှန်း ချက်များပြည့်စုံရေး တို့ပင်ဖြစ်နေပါတော့သည်။

ထိုရည်မှန်းချက်သာပြည့်စုံမည်ဆိုလျှင် လောကပါလ ခေါ် လောကကိုစောင့်ရှောက်တတ်သော ရှက်-ကြောက်တရား များကိုဖျက်ဆီးပြီးလုပ်တော့မည်ဖြစ်သည့်အတွက် လောက ဟူသောပတ်ဝန်းကျင်သည် ပျက်စီးညစ်နွမ်းသွားရပါတော့မည်။

နှလုံးသွင်းမှုကောင်းမှုသည် လောကကိုစောင့်ရှောက် ရာရောက်၍ မိမိလည်းအကျိုးရှိ၊ ပတ်ဝန်းကျင်လောကကိုလည်း အကျိုးရှိစေသောနည်းဖြစ်ပါသည်။

လောကလူသားတို့သည် အလုပ်,လုပ်ရာတွင် ထားရှိရ မည့်သဘောထား(၃)ရပ်ကို ဗုဒ္ဓက လမ်းညွှန်ဟောထားပါသည်-

ပထမသဘောထားမှာ **အတ္တာဓိပတိဖြစ်ပါသည်။** ဤ သည်မှာ မိမိ၏ဂုဏ်သိက္ခာများကို မိမိကလေးစားရန်ဖြစ်သည်၊ တစ်သက်လုံးဖုံးသမျှ-ကုံးမှပေါ် အဖြစ်မျိုးမရောက်စေရန် မိမိ၏ ဘဝတစ်လျှောက်လုံး ထိန်းသိမ်းစောင့်ရှောက်လာသော ဂုဏ် သိက္ခာ၊ အကျင့်စာရိတ္တများ မိမိ၏မျိုးရိုးစဉ်ဆက်ဂုဏ်သိက္ခာများ ကိုလေးစားသောသဘောဖြင့် လုပ်ငန်းများကိုလုပ်ဆောင်ခြင်းမျိုး ကို အတ္တာဓိပတိသဘောထား ဟုခေါ်ပါသည်။

ဒုတိယသဘောများမှာ လောကာဓိပတိဖြစ်ပါသည်။ ဤသည်မှာ ပတ်ဝန်းကျင်လောကကို လေးစားမြတ်နိုးရခြင်း ဖြစ်ပါသည်၊ မိမိ၏ပတ်ဝန်းကျင်လောကတွင် အစဉ်အတိုင်း မိမိ၏မိသားစု၊ မိမိ၏ရပ်ရွာ၊ မိမိ၏မြို့နယ်၊ မိမိ၏နိုင်ငံနှင့် ယခု ခေတ်ဆိုက ကမ္ဘာတစ်ဝှမ်းလုံး လူသားအားလုံးပါဝင်ပါသည်။

မိမိသည် လူ့အဖွဲ့အစည်းတွင် အဖွဲ့ဝင်တစ်ဦးဖြစ်နေသည်၊ တစ်ဦးချင်းကောင်းပါမှ အဖွဲ့အစည်းတစ်ခုလုံးကောင်းပါမည်၊ ပတ်ဝန်းကျင်ကောင်းပါမှ မိမိလည်းချမ်းသာစွာနေရပါမည်။

လောကဥပမာတွင် မော်တော်ကားတစ်စီးချောမွေ့ကောင်းမွန်စွာမောင်းနှင်နိုင်ရေးအတွက် ကားထဲတွင်ပါဝင်သော ခွေးသားစိပ်ကလေးတစ်ခုကအစ သူ့နေရာနှင့်သူ ကောင်းမွန်နေပါမှ သွားနိုင်သလို လူ့လောကတွင် လူအသီးသီး နှလုံးသွင်းကောင်းစွာနှင့်လောကအကျိုး၊ ပတ်ဝန်းကျင် အကျိုးကောင်းစွာ သည်ပိုးဆောင်ရွက်လုပ်ကိုင်ကြပါမှ မိမိလည်းကောင်း၊ ပတ်ဝန်းကျင်လည်းကောင်းပါမည်။

ဤသည်ကို လောကာဓိပတိ ဟုဆိုပါသည်။

တတိယသဘောထားမှာ ဓမ္မာဓိပတိဖြစ်ပါသည်။

ဤဓမ္မအရာ၌ အလွန်ကျယ်ပြန့်လှပါသည်၊ သံသရာလည်မှု၊ သံသရာမှထွက်မြောက်မှုဟူသော လောကီ၊ လောကုတ္တရာနှင့်ပတ်သက်နေပါသည်။

တစ်ဦးချင်းလည်းပတ်သက်သလို ပတ်ဝန်းကျင်လောကဘစ်ခုလုံးနှင့်ပတ်သက်နေပါသည်။

ဤလောက၌ ပစ္စက္ခဘဝပြေမ်းချမ်းသာယာရေးအတွက်ဆိုင်ဆိုင်ရာသတ်မှတ်ထားသောယဉ်ကျေးမှုများ၊ ဓလေ့ထုံးစံများ၊စည်းမျဉ်းဥပဒေများနှင့်လုပ်ထုံးလုပ်နည်းများကို စိတ်ရင်းစေတနာမှန်ကောင်းသော ယောနိသောမနသိကာရမှန်ဖြင့်လေးစားဆောင်ရွက်ရပါမည်။

တမလွန်ငြိမ်းချမ်းသာယာရေးအတွက် သတ်မှတ်ထားသောကိုယ်ကျင့်သီလသိက္ခာများ၊ ကုသိုလ်ကောင်းမှုများ၊ တရားဓမ္မကျင့်စဉ်များကိုလည်း လေးစားလိုက်နာကျင့်ဆောင်ရပါသည်။

အနက်အဓိပ္ပာယ်အားဖြင့် “ဓမ္မ”ဟူသည် ကောင်းသောသဘောဆောင်ပါသည်၊ သို့သော် မိမိတို့၏အယူအဆအရကောင်းသည်ဟု သတ်မှတ်ထားရုံမျှဖြင့် ဓမ္မမဟုတ်ပါ။

ဤ၌ ဓမ္မဟူသည် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို ခေါင်းပါးသည်ထက် ခေါင်းပါးအောင် တစ်နည်း-ကင်းသည်ထက်ကင်းအောင်ပြုလုပ်နိုင်ပါမှ စစ်မှန်သောဓမ္မ မည်ပါသည်။

ဓမ္မာဓိပတိအရ တရားကိုလေးစားခြင်းဆိုသည်မှာလုပ်ငန်းများကိုလုပ်ရာ၌ မိမိ၏တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို ခေါင်းပါးအောင်(ဝါ)အတ္တကင်းအောင်ပြုလုပ်ခြင်းဖြစ်ပါသည်။

အတ္တဟူသည့် တဏှာဖြင့်စွဲလမ်းသောအတ္တ၊ မာနဖြင့် စွဲလမ်းသောအတ္တ၊ ဒိဋ္ဌိဖြင့်စွဲလမ်းသောအတ္တတို့ ရှိကြလေရာ အတ္တကင်းလျှင် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကင်းပါသည်။

အတ္တခေါင်းပါးအောင် ကင်းအောင်လုပ်ခြင်းသည် ဓမ္မာ ဓိပတိကို လေးစားစွာလုပ်ခြင်းမည်ပါသည်။

မိမိ၏ဘဝသက်တမ်းတစ်လျှောက် လုပ်ငန်းများကိုလုပ် ရာတွင် ဓမ္မာဓိပတိသဘောပါဝင်မှုရှိ-မရှိကို သေကာနီးကာလ၌ ထင်ရှားစွာတွေ့ကြရပါလိမ့်မည်။

လူတစ်ယောက်တွင် သေကာနီးကာလ၌ မိမိပြုလုပ် ဆောင်ရွက်ခဲ့သောကံ-ကမ္မနိမိတ်-ဂတိနိမိတ်တို့တွင် တစ်ပါးပါး သည် မလွဲမသွေထင်ရပါမည်။

ကံသည် ဓမ္မနိယာမတရားအရ မိမိပြုလုပ်ခဲ့ဖူးသော တူသောအကျိုးကိုပေးပါမည်၊ ကံကိုလိမ်ညာ၍မရပါ။ မိမိအနေ ဖြင့် မိမိပြုလုပ်ဆောင်ရွက်ခဲ့သည်များကို ပုထုဇဉ်တို့၏သဘာဝ အရ အမှန်ချည်းအကောင်းချည်း ဟု ထင်ထားတတ်ကြပါသည်၊ မိမိထင်ရာမှန်-မမှန်ကို သေကာနီးကာလတွင် သူ့သဘော သူ ဆောင်ကာ ကံ-ကမ္မနိမိတ်-ဂတိနိမိတ်တို့က တူသောအကျိုးကို မလွဲမသွေပေးကြမည်သာဖြစ်ပါသည်။

ဝရမ်းပြေးလူဆိုးရာဇဝတ်သားသည် ရာဇဝတ်ဘေးမှ

ပြေးလွတ်လျှင် လွတ်ပေဦးမည်၊ အကုသိုလ်ကံကိုပြုလုပ်ခဲ့ပါက ပယ်ဉာဏ်ဖြင့်မပယ်သတ်နိုင်သေးသမျှ (၃၁)ဘုံတွင် ဘယ်နေရာပြေးပြေး ယင်းအကုသိုလ်ကံ၏ပြစ်ဒဏ်မှမလွတ်နိုင်ကြပါ။ ပုထုဇဉ်သာဆိုလျှင် အပါယ်လေးပါးတို့ပင် ချက်ချင်းကျသွားနိုင်ပါသည်။

"ဗြဟ္မာပြည်မှာ တဝင်းဝင်း၊ ဝက်စားကျင်းမှာ တရှုပ်ရှုပ်" ဆိုသည်မှာ ယနေ့နတ်ပြည်-ဗြဟ္မာရောက်နေပေမယ့် အကုသိုလ်ကံရှိနေပါက တစ်ချိန်ချိန် အပါယ်လေးဘုံသို့ ပြန်ရောက်ရမည်ကိုဆိုလိုခြင်းဖြစ်ပါသည်။

အကယ်၍ ရဟန္တာဖြစ်ပြီးနောက် ဘဝမရှိလျှင်သော်မှ ဘုရားရှင်ဝိပါက်ခံရသလို ရှင်မောဂ္ဂလာန်ခိုးသားရိုက်ခံရသလို ဝဋ်ကြွေးကိုပေးဆပ်ခံသွားရဦးပါမည်။

ထို့ကြောင့် လောကလူသားသည် မည်သည့်လုပ်ငန်းကို လုပ်လုပ် ယောနိသောမနသိကာရဖြင့် အကုသိုလ်လုပ်ငန်းများ မလုပ်မိအောင်၊ အတ္တစိတ်နည်းပါးအောင်၊ လောကကို မိမိအတွက်အသုံးမချဘဲ မိမိကသာလောကကိုအကျိုးပြုသူဖြစ်အောင် ကြိုးစားကြရပါမည်။

ဤသို့ဆိုလျှင် သေမင်းခေါ်ရာကြောက်စရာမလိုဘဲ အေးချမ်းစွာလိုက်ပြီး အေးချမ်းစွာခံစားနိုင်ပါသည်။

# ဘုရားရဟန္တာတို့လမ်းညွှန်ခဲ့သော
# သေကာနီးနှလုံးသွင်းမှု

ပုဂ္ဂိုလ်သတ္တဝါတစ်ဦး သွေးဆုတ်လာ၍သေတော့မည်ဟု သိလာလျှင် ဆွေမျိုးသားချင်းများလည်း ငိုရန်မလို၊ မိတ်ဆွေကောင်းသဖွယ် ကျင့်ပေးရပါမည်၊ သေရအံ့ဆဲဆဲလူကို-
-ကုသိုလ်ကောင်းမှုတွေပြောပြရမည်

-ပရိတ်တရား၊ ဝိပဿနာတရားများကိုနာစေရမည်

-ဘဝလမ်းကူးကောင်းရန် သံဃောဇဉ်နှောင်ကြိုးများ ဖြတ်ခိုင်းရမည်

သားသမီး၊ ဆွေမျိုးများ ဝိုင်းလာငိုကြသဖြင့် ထိုငိုသံကြားပြီး အိမ်သူအိမ်သားများအပေါ်ငဲ့ကွက်မှုဝင်လာသော် ထိုငဲ့ကွက်မှုတန်းလန်းနှင့်သေခဲ့သော် အပါယ်သို့ရောက်ချေမည်။

သေကာနီး မိတ်ဆွေကောင်းလုပ်မပေးလျှင် မကောင်းသောအာရုံများစွဲလမ်းလာပါက ကောင်းရာဘုံသို့ရောက်ရန် မလွယ်တော့ပါ၊ သေကာနီးပုဂ္ဂိုလ်၏ရောဂါဝေဒနာဖိစီးမှုသည် လေညာသို့ပစ်သောမီးရှူးကဲ့သို့ မိမိကိုယ်ကိုလောင်တတ်ပါသည်၊ ထို့အတွက် ကျန်သူများက သတိထားရပါမည်။

ဗုဒ္ဓက သေကာနီးနှလုံးသွင်းမှုနှင့်ပတ်သက်၍ နှလုံးသွင်းတတ်ရန် ဟောကြားထားရာ၌ အင်္ဂုတ္တိုရ် ဒုတိယပဏ္ဏာသကယမကဝဂ်-ပထမ မရဏာနုဿတိသုတ်၌-

"ကွေးသောလက်မဆန့်မီ-ဆန့်သောလက်မကွေးမီ သေခြင်းတရားရောက်တတ်သည်၊ ရဟန်းတို့. . . သေခြင်းတရားကို ဘယ်လိုနှလုံးသွင်းပါသလဲ ဟု မေးသည်။

ပထမရဟန်းတစ်ပါးက -တစ်ရက်(၂၄)နာရီအတွင်း သေနိုင်သည် ဟု ဆင်ခြင်သည်။

ဒုတိယရဟန်းတစ်ပါးက -နေ့အတွင်းသေနိုင်သည် ဟု ဆင်ခြင်သည်။

တတိယရဟန်းတစ်ပါးက-နေ့၏တစ်ဝက်အတွင်း သေနိုင်သည် ဟု ဆင်ခြင်သည်။

စတုတ္ထရဟန်းတစ်ပါးက -ဆွမ်းတစ်ကြိမ်စားအတွင်း သေနိုင်သည် ဟု ဆင်ခြင်သည်။

ပဥ္စမရဟန်းတစ်ပါးက -ဆွမ်း ၄-၅ လုပ်အတွင်း သေနိုင်သည် ဟု ဆင်ခြင်သည်။

ဆဋ္ဌမရဟန်းတစ်ပါးက -ဆွမ်းတစ်လုပ်စာအတွင်း သေနိုင်သည် ဟု ဆင်ခြင်သည်။

သတ္တမရဟန်းတစ်ပါးက -ဆွမ်းတစ်လုပ်တစ်ဝက်အတွင်း သေနိုင်သည် ဟု ဆင်ခြင်သည်။

အဋ္ဌမရဟန်းတစ်ပါးက -ထွက်သက်-ဝင်သက်အတွင်း သေနိုင်သည် ဟု ဆင်ခြင်သည်။

ထိုအခါ ဘုရားရှင်က ပထမ မှ သတ္တမအထိ ရဟန်းများကိုကဲ့ရဲ့ပြီး အဋ္ဌမရဟန်းကို မမေ့မလျော့သူ ဟူ၍ ချီးမွမ်းတော်မူသည်။

တစ်ဖန် ရောဂါဝေဒနာပြင်းထန်စွာနှိပ်စက်ခံနေရပြီးသောကာနီးဖြစ်သော ဒီဃာဝုဥပါသကာနှင့်ပတ်သက်၍ သေခြင်းနှလုံးသွင်းရန် မဟာဝဂ္ဂသံယုတ် ဒီဃာဝုဥပါသကာသုတ်၌

"ဒီဃာဝု. . . ဤသို့ဖြစ်လျှင် သင်သည် ဘုရားရှင်၌ မတုန်မလှုပ်ကြည်ညိုခြင်းနှင့်ပြည့်စုံသူဖြစ်သော တရားတော်၌ မတုန်မလှုပ်ကြည်ညိုသူဖြစ်လော့၊ သံဃာတော်၌ မတုန်မလှုပ်ကြည်ညိုသူဖြစ်လော့ အရိယာတို့နှစ်သက်အပ်သောသီလနှင့်ပြည့်စုံသူဖြစ်လော့"

"ဤသို့လျှင် ကျင့်ရပါမည်" ဟု ဟောကြားသည်။

"မြတ်စွာဘုရား. . . အရှင်ဘုရားဟောကြားသောသောတာပန်အင်္ဂါလေးပါးတို့သည် တပည့်တော်၌တည်ပါသည်၊ တရားတို့၌လည်း ထင်မြင်ပါ၏"

"ဒီဃာဝု. . . သင် သောတာပန်အင်္ဂါ (၄)ပါးတည်ရှိလျှင် ဝိဇ္ဇာမဂ်ဉာဏ်လျှင်အဖို့ရှိသော-

-အလုံးစုံသောသင်္ခါရတရားတို့၌မမြဲ ဟု အဖန်ဖန်ရှုပါ

-မမြဲသောသင်္ခါရတရားတို့၌ ဆင်းရဲဟု အမှတ်ရှိပါ

-ဆင်းရဲသောသင်္ခါရတရားတို့၌ အစိုးမရဟု အမှတ်ပြု ပါ

-ထိုတရားများကိုပယ်စွန့်အံ့၊ စွဲမက်မှုကင်းဝေးအံ့၊ ချုပ်ငြိမ်းစေအံ့ ဟု အမှတ်ရှိသည်ဖြစ်၍နေပါလော"

"မြတ်စွာဘုရား. . . ထိုတရားတို့သည် တပည့်တော်မှာရှိပါ၏၊ အထူးသဖြင့် ပူပန်မိသည်မှာ တပည့်တော် ကွယ်လွန်သော် ဖခင်ဇောတိကသူဌေးဆင်းရဲခြင်းရောက်မည်ကို စိုးရိမ်နေပါသည်ဘုရား"

ထိုအခါ ဖခင် ဇောတိကသူဌေးက-

"ချစ်သား ဒီဃာဝု. . . သင်သည် ငါ့အတွက် မစိုးရိမ်လင့်၊ ဤသို့နှလုံးမသွင်းလင့်၊ ဘုရားရှင်ဟောကြားအပ်သောတရားကိုသာ နှလုံးသွင်းပါ "

ဟု ပြောကြားသည်။

ထို့နောက် ဒီဃာဝုသည် မကြာခင်ကွယ်လွန်၍ ဗြဟ္မာ့ဘုံသို့ရောက်ရလေသည်၊ ထိုဘုံမှအနာဂါမ်ဖြစ်ပြီး ပရိနိဗ္ဗာန်ပြုပေမည်။

မဟာနာမ်ဥပါသကာသည် ပြင်းထန်စွာဝေဒနာခံစားနေရသော သေကာနီးဆဲဆဲ ဥပါသကာတစ်ဦးကို မည်ကဲ့သို့အားပေးစကားပြောကြားရပါမည်နည်း ဟု ဘုရားရှင်ကိုလျှောက်ထားသည်။

ဘုရားရှင်က (မဟာဝဂ္ဂသံယုတ် ဂီလာနသုတ်)၌ အောက်ပါသံယောဇဉ်ဖြတ်နည်းအဆင့်ဆင့်ကို ဟောကြားပေးခဲ့ပါသည်-

"မဟာနာမ် ပညာရှိဉပါသကာအား သက်သာရာရစေရန် လေးပါးသောတရားတို့ဖြင့် နှစ်သိမ့်ပေးပါ "

"အသင်သည် ဘုရား၊ တရား၊ သံဃာ၌ကြည်ညိုခြင်းရှိ၏၊ အရိယာတို့နှစ်သက်အပ်သောသီလရှိ၏၊ ဤသို့နှစ်သိမ့်ပေးပါ"

"အသင်သည် မိဘနှစ်ပါးတို့အပေါ်၌ငဲ့ကွက်မှုရှိသေးသည် ဟု ဖြေခဲ့သော်. . .

"အသင်သည် သေခြင်းသဘောရှိသူဖြစ်သည်၊ မိဘတို့အပေါ်ငဲ့ကွက်ခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ သေရမည်သာဖြစ်သည်၊ ထို့ကြောင့် မိဘတို့အပေါ်၌ငဲ့ကွက်ခြင်းကို စွန့်ပယ်ပါလော့ ဟု တိုက်တွန်းပါ "

"ကျွန်ုပ်သည် မိဘတို့အပေါ်၌ငဲ့ကွက်ခြင်းကိုပယ်အပ်ပြီး ဟုဆိုသော်. . .

"အသင်သည် သားမယားတို့အပေါ်၌ငဲ့ကွက်ခြင်းရှိသေးသလော ဟု မေးပါ "

"ရှိပါသေးသည် ဟုဖြေသော် သားမယားတို့အပေါ်၌ ငဲ့ကွက်ခြင်းကို စွန့်ပယ်ရန်တိုက်တွန်းပါ "

"ကျွန်ုပ်သည် သားမယားအပေါ်၌ငဲ့ကွက်ခြင်းကိုစွန့် ပြီးပြီဆိုသော်. . .

"အသင့်အား လူ၌ဖြစ်သောကာမဂုဏ်ငါးပါးတို့၌ ငဲ့ကွက်ခြင်း ရှိပါသေးသလော ဟု မေးပါ "

"ရှိသေးသည်" ဟုဖြေသော်-

"နတ်၌ဖြစ်သော ကာမဂုဏ်တို့သည်လူ့ပြည်၌ဖြစ်သော ကာမဂုဏ်တို့ထက် သာလွန်မွန်မြတ်ပါ၏၊ သင်သည် လူ့ပြည် ကာမဂုဏ်ကိုပယ်စွန့်ပြီး စတုမဟာရာဇ်နတ်တို့၌ စိတ်ကိုသက်ဝင် စေပါလော -ဟုတိုက်တွန်းပါ "

"ကျွန်ုပ်သည် လူ့ပြည်ရှိကာမဂုဏ်တို့ကိုပယ်စွန့်ပြီး စတု မဟာရာဇ်နတ်တို့၌သက်ဝင်အပ်ပါပြီ" ဟုဆိုသော်. .

တာဝတိံသာနတ်တို့သည် စတုမဟာရာဇ်နတ်တို့ထက် သာလွန်မွန်မြတ်ကုန်၏၊ အသင်သည် စတုမဟာရာဇ်နတ်တို့၏ စိတ်ကိုပယ်စွန့်ပြီး တာဝတိံသာနတ်တို့၏စိတ်ကို သက်ဝင်ပါ လော-ဟု တိုက်တွန်းပါ"

"ဤနည်းဖြင့် ယာမာ၊ တုသိတာ၊ နိမ္မာနရတိပရနိမ္မိတ ဝသာဝတ္တိနတ်ပြည်တို့ကို တစ်ဆင့်ပြီးတစ်ဆင့် သက်ဝင်ဖို့ တိုက်တွန်းသွားပါ "

"ကျွန်ုပ်သည် ပရနိမ္မိတဝသဝတ္တိမှ စိတ်ကိုပယ်စွန့်ပြီး ဗြဟ္မာလောက၌ စိတ်ကိုထားအပ်ပြီး ဟု ဆိုခဲ့သော်"

"ဗြဟ္မလောကသည် မတည်မြဲသောသက္ကာယ၌ အကျုံးဝင်သောတရားဖြစ်သည်၊ အသင်သည် ဗြဟ္မလောကမှစိတ်ကို ပယ်စွန့်ပြီး သက္ကာယချုပ်ရာနိဗ္ဗာန်၌ စိတ်ကိုရှေ့ရှုဆောင်ပါလေ-ဟုတိုက်တွန်းပါ"

"ကျွန်ုပ်သည် မတည်မြဲသောဗြဟ္မာလောကမှစိတ်ကို ပယ်စွန့်ပြီး သက္ကာယချုပ်ရာနိဗ္ဗာန်သို့ စိတ်ကိုရှေ့ရှုဆောင်အပ်ပါပြီ-ဟုဆိုခဲ့သော်"

"ဤသို့လွတ်မြောက်သောစိတ်ရှိသောဥပါသကာ၏ လွတ်မြောက်မှုကို နှစ်ပေါင်းတစ်ရာပတ်လုံး လွတ်မြောက်သောသောစိတ်ရှိသောရဟန်း၏ လွတ်မြောက်မှုနှင့်တစ်စုံတစ်ရာခြားနားမှုမရှိတော့ပါ"

ဟူ၍ ဗုဒ္ဓက သေကာနီးပုဂ္ဂိုလ်များစိတ်ထားတတ်အောင် လမ်းညွှန်ဟောကြားထားခဲ့သေးပါသည်။

## ရှင်သာရိပုတ္တရာပေးသော သေနည်းနှလုံးသွင်းမှု

ဘုရားရှင်၏ ဇေတဝန်ကျောင်းဒါယကာအနာထပိဏ် သူဌေးကြီး သေကာနီးရောဂါအသည်းအသန်ခံစားနေရချိန်တွင် ရှင်သာရိပုတ္တရာ၏တရားကို နာယူလိုသည်ဆို၍ ပင့်ခိုင်းသော ကြောင့် ရှင်သာရိပုတ္တရာသည် ရှင်အာနန္ဒာနှင့်အတူ အနာထပိဏ်သူဌေးကြီးထံကြွသွားခဲ့သည်။

ထို့နောက် အောက်ပါ သေကာနီးနှလုံးသွင်းမှုကို လမ်းညွှန်ဟောကြားခဲ့ပါသည်။

"သူဌေးကြီး. . . မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့၌ မက်မောမှု၊ တက်ကြွမှု၊ အမြင်မှားမှုတို့ဖြင့် ငါမစွဲလမ်းလိုတော့ပါ၊ ငါ့အား ထိုအရာတို့ကိုမှီ၍ သိမှုတို့သည်လည်း မဖြစ်တော့ပါ ဟု ကျင့်ပါ "

"အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိအာရုံတို့ကိုမက်မောမှု၊ တက်ကြွမှု၊ အမြင်မှားမှုတို့ဖြင့် ငါ မစွဲလမ်းလိုတော့ပါ၊ ထိုအရာတို့ကိုမှီ၍ သိမှုတို့သည်လည်း မဖြစ်တော့ပါ ဟု ကျင့်ပါ "

"အမြင်၊ နား၊ လျှာ၊ ကိုယ်၊ စိတ်တို့၌အသိကို မက်မောမှု၊ တက်ကြွမှု၊ အမြင်မှားမှုတို့ဖြင့် ငါ မစွဲလမ်းလိုတော့ပါ၊ ထိုအရာ

တို့ကိုမှီ၍ သိမှုတို့သည်လည်း မဖြစ်တော့ပါ ဟု ကျင့်ပါ ”

“မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်၊ အတွေ့ကြောင့်ဖြစ်သော ခံစားမှုကိုမက်မောမှု၊ တက်ကြွမှု၊ အမြင်မှားမှုတို့ဖြင့် ငါမစွဲလမ်းလိုတော့ပါ၊ ငါ့အား ထိုအရာတို့ကိုမှီ၍ သိမှုတို့သည်လည်း မဖြစ်တော့ပါ ဟု ကျင့်ပါ ”

“ရေ၊ မြေ၊ လေ၊ မီး၊ အာကာသဓာတ်တို့၌ အသိဉာဏ်ကိုမက်မောမှု၊ တက်ကြွမှု၊ အမြင်မှားမှုတို့ဖြင့် ငါမစွဲလမ်းလိုတော့ပါ၊ ငါ့အား ထိုအရာတို့ကိုမှီ၍ သိမှုတို့သည်လည်း မဖြစ်တော့ပါ ဟု ကျင့်ပါ ”

“ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်၊ အစုတို့ကိုမက်မောမှု၊ တက်ကြွမှု၊ အမြင်မှားမှုတို့ဖြင့် ငါမစွဲလမ်းလိုတော့ပါ၊ ငါ့အား ထိုအရာတို့ကိုမှီ၍ သိမှုတို့သည်လည်း မဖြစ်တော့ပါ ဟု ကျင့်ပါ ”

“အာကာသာနဉ္စာယတနစျာန်၊ ဝိညာဏဉ္စာယတနစျာန်၊ အာကိဉ္စညာယတနာစျာန်၊ နေဝသညာနာသညာယတနစျာန်တို့၌မက်မောမှု၊ တက်ကြွမှု၊ အမြင်မှားမှုတို့ဖြင့် ငါမစွဲလမ်းလိုတော့ပါ၊ ငါ့အား ထိုအရာတို့ကိုမှီ၍သိမှုတို့သည် လည်း မဖြစ်တော့ပါ ဟု ကျင့်ပါ ”

“ဤလောကကိုလည်းကောင်း၊ တမလွန်လောကကိုလည်းကောင်း၊ မက်မောမှု၊ တက်ကြွမှု၊ အမြင်မှားမှုတို့ဖြင့်

ငါမစွဲလမ်းလိုတော့ပါ၊ ငါ့အား ထိုအရာတို့ကိုမှီ၍သိမှုတို့သည်လည်း မဖြစ်တော့ပါ ဟု ကျင့်ပါ ”

“အကြင်ဝတ္ထုပစ္စည်းကို ငါမြင်အပ်သည်၊ ကြားအပ်သည်၊ တွေ့အပ်သည်၊ သိအပ်သည်၊ ရောက်အပ်သည်၊ ရှာမှီးအပ်သည်၊ ထပ်ခါထပ်ခါရှာမှီးအပ်သည်၊ စိတ်ဖြင့်စေစားအပ်သည်၊ ထိုဝတ္ထုပစ္စည်းကိုမက်မောမှု၊ တက်ကြွမှု၊ အမြင်မှားမှုတို့ဖြင့် ငါမစွဲလမ်းလိုတော့ပါ၊ ငါ့အား ထိုအရာတို့ကိုမှီ၍သိမှုတို့သည်လည်း မဖြစ်တော့ပါ ဟု ကျင့်ပါ ”

ဟု ရှင်သာရိပုတ္တရာက လမ်းညွှန်ဟောကြားသည်။

အနာထပိဏ်သူဌေးသည် တရားအဆုံးတွင် ရှိုက်ကြီးတငင်ငိုလေသည်၊ ရှင်အာနန္ဒာက ဥစ္စာတပ်မက်နေ၍ ကုသိုလ်ကောင်းမှုဥ္စတွန့်ဆုတ်ကြောက်ရွံ့နေသည် ဟုထင်မှတ်၍မေးသည်ရာ သူဌေးကြီးက သူ့ဘဝတစ်သက်တာတွင် ဤတရားမျိုးကိုယခင်ကမနာကြားခဲ့ရ၊ ယခုလို သေကာနီးမှနာကြားရ၍ ဝမ်းနည်းမိသောကြောင့် ငိုပါသည် ဟု လျှောက်ထားခဲ့သည်။

“ရှင်သာရိပုတ္တရာက ဤတရားမျိုး လူဝတ်ကြောင်တို့အားဟောကြားက သဘောပေါက်နိုင်မှာမဟုတ်၍ လူဝတ်ကြောင်တို့ကိုမဟောကြားပါ ” ဟုမိန့်ကြားခဲ့သည်။

အနာထပိဏ်သူဌေးက လူဝတ်ကြောင်တို့တွင် အာသိဉာဏ်ရင့်ကျက်သူများရှိပါ၍ ဤတရားကိုဟောကြားပေးပါရန်

ပန်ကြားခဲ့သည်။

ရှင်သာရိပုတ္တရာတို့ပြန်ကြပြီး မကြာခင် အနာထပိဏ် သူဌေးသည်ကွယ်လွန်၍ တုသိတာနတ်ပြည်ဝယ် နတ်သား ဖြစ်သွားရလေသည်။

ထို့ကြောင့် သေမင်းခေါ် ကာနီး လူသားတို့သည် ဤသို့ သောသေကာနီးနှလုံးသွင်းမှုတို့ကို ကြိုတင်သိထားကြပြီး မိမိ တို့ကိုယ်မိမိတို့ မိတ်ဆွေမလိုဘဲ နှလုံးသွင်းကြပြီး မြတ်သော သုဂတိတို့ဘုံသို့ရောက်အောင် ကြိုးစားကြရပါမည်။

## တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရမိန့်ကြားသော သေကာနီးနှလုံးသွင်းမှု

ပုဂ္ဂိုလ်သတ္တဝါမှန်သမျှ မအို၊ မသေရာအရပ်မည်သည် မရှိ၊ မအို၊ မသေသောကိစ္စသည်လည်းကောင်း၊ အသက်သည် လည်းကောင်း၊ လူသားတို့ပြုလုပ်အပ်သောအရာမဟုတ်ပါ၊ စည်းစိမ်အာဏာပြည့်ဝစွာရှိသောဘုရင်မင်းမြတ်သော်မှ သေ ဘေးမှမလွတ်နိုင်၊ သူရဲကောင်းသည်လည်းကောင်း၊ ပညာရှိ သည်လည်းကောင်း၊ သာမန်ဆင်းရဲသားသည်လည်းကောင်း အမှန်မုချသေရမည်သာဖြစ်ပါသည်။

ထိုသို့သေရာတွင် ငါသေတော့မည် ဟု ထင်မှတ်ရသောအချိန်ပိုင်းတွင် -

-မိမိ၏စိတ်အာရုံကိုကြည်လင်အောင် ရှင်းရှင်းထား၍နေပါ

-သံယောဇဉ်ဟူသမျှ ဘာသံယောဇဉ်မျှ (ပစ္စည်းသံယောဇဉ်၊ လူသံယောဇဉ်စသည်)မိမိစိတ်အာရုံတွင်ဝင်ရောက်မလာစေရ၊ ဝင်ရောက်လာလျှင်ဖယ်ထုတ်ပစ်ပါ။

-မိမိပြုခဲ့ဖူးသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်စသည်တို့တွင် မိမိစိတ်ဝင်စား၍ အနှစ်သက်ဆုံးသောကုသိုလ်အာရုံတစ်ခုခုကို ထပ်ပြန်တလဲလဲစွဲနေအောင် နှလုံးသွင်း၍ကျေနပ်ဝမ်းမြောက်နေရပါမည်။

-ကုသိုလ်အာရုံတစ်ခုခုကို စိတ်ကြည်လင်အောင်နှလုံးသွင်း၍ စိတ်ဝင်စားကာ ပျော်မွေ့ရင်းသေသွားတတ်ရမည်။

ဤသည်မှာ တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရပေးခဲ့သော သေကာနီးနှလုံးသွင်းနည်းဖြစ်ပါသည်။

# အခန်း ( ၂ )

## သေမင်းခေါ်တော့ အသင့်ဖြစ်ပြီးသူတွေ (ပြုံးသေ-သေ)

### ပြုံးသေ-သေရသော အထည်သည်ကြီးဘာဝ

ဗာရာဏသီပြည်နှင့် သာဝတ္ထိတို့သည် ယူဇနာပေါင်းများစွာကွာဝေးပါသည်၊ ဗာရဏသီသူဌေးသည် သာဝတ္ထိပြည်နက္ခတ်ပွဲသဘင်အမီ အထည်အဝတ်အစားများရောင်းချရန် လှည်းများနှင့်ကုန်အပြည့်တင်ပြီး သာဝတ္ထိသို့ထွက်လာခဲ့သည်

သာဝတ္ထိရောက်ကာနီး မြစ်တစ်ခုအရောက်တွင် နက်ဖြန်မှသာဝတ္ထိသို့ကူးမည်ဟု ဆုံးဖြတ်ပြီး လှည်းများဖြုတ်ကာ ရပ်နားပြီး ချက်ပြုတ်စားသောက်ကာ တစ်ညတာနားကြသည်။

ထိုညမှာပင် မိုးကြီးကသည်းစွာရွာချသည်၊ ရေများ ဒလဟောစီးဆင်းပြီး မြစ်ရေများလျှံတက်လာသည်၊ ခုနှစ်ရက် ပတ်လုံးရေမကျသဖြင့် သာဝတ္ထိဘက်သို့ကူး၍မရတော့ပေ။

ခုနှစ်ရက်ကျော်၍ မြစ်ရေကျသွားသောအခါ သာဝတ္ထိ ပြည် နက္ခတ်ပွဲသင်သည် ပြီးစီးသွားပြီးဖြစ်သည်၊ သို့အတွက် ဗာရဏသီကုန်သည်ကြီးထွက်လာသောခရီးကလည်းဝေးလှ သည့်အတွက် အထည်အလိပ်တွေပြန်သယ်သွားလျှင် အပြန် ခရီးမှာအချိန်လည်းကြာ၊ လူလည်းပင်ပန်း၊ စရိတ်လည်းထောင်း တော့မှာဖြစ်သည့်အတွက် ဗာရဏသီသို့ပြန်ရန်စိတ်မကူးတော့ ဘဲ ဤမှာပင်လှည်းဝိုင်းချပြီး မိုး-ဆောင်း-နွေပါ သုံးရာသီနေ လျက် စီးပွားရေးလုပ်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

ထိုအချိန်တွင် မြတ်စွာဘုရားရှင်သည် သာဝတ္ထိတွင် သီတင်းသုံးနေထိုင်ပြီး နံနက်ပိုင်းဆွမ်းခံကြွတော်မူသည်။

ဘုရားရှင်သည် ဗာရဏသီသူဌေးကြီး၏စိတ်ကူးအကြံ ကိုသိတော်မူလိုက်သည့်အတွက်-

"အသက်ခုနှစ်ရက်သာရှင်တော့မည့်ဤသူက တစ်နှစ် ပတ်လုံး သာဝတ္ထိမှာနေပြီး ဈေးရောင်းဖို့ကြံနေပါတကား" ဟူသောအသိဖြင့် ပြုံးတော်မူလိုက်သည်။

ဘုရားရှင်၏ပြုံးတော်မူခြင်းကို ရှင်အာနန္ဒာကလျှောက်

လားသည်၊ ဘုရားရှင်က အကြောင်းစုံပြန်လည်မိန့်ကြားပေးတော်မူသည်။

ရှင်အာနန္ဒာသည် ဗာရဏသီသူဌေး၏အကြောင်းစုံကိုသိသောအခါ ဘုရားရှင်ထံခွင့်ပန်ပြီး ထိုလှည်းဝိုင်းသို့ ဆွမ်းခံကြွသည်။

ရှင်အာနန္ဒာသည် ဆွမ်းလောင်းလာသောကုန်သည်ကြီးကို-

"အသက်၏အန္တရာယ်ကိုသိဖို့မလွယ်ကြောင်း၊ အချိန်မရွေး၊ နေရာမရွေး၊ အရွယ်မရွေးသေသွားနိုင်ပုံနှင့် မသေခင်မိမိပိုင်သောလောလောလတ်လတ်အချိန်ကာလေးမှာ ဒါန၊ သီလ၊ ဘာဝနာလုပ်ငန်းများကို မမေ့မလျော့ပြုလုပ်ရန်"

မိန့်ကြားတော်မူလေသည်။

နောက်ခုနှစ်ရက်ကြာလျှင် ဘဝတစ်ပါးသို့ပြောင်းသွားရမည့်အကြောင်းကို ဘုရားရှင်မိန့်ကြားပုံကိုပါ အသိပေးပြောကြားလိုက်သည်။

ရှင်အာနန္ဒာ၏စကားကိုနာကြားရသော ဗာရဏသီသူဌေးကြီးသည် ကြီးစွာသောသတိသံဝေဂရပြီးလျှင် ဘုရားအမှူးရှိသောသံဃာတော်များကို (၇)ရက်တိုင်တိုင် ဆွမ်းအလှူပေးပြီးလျှင် သီလကိုဆောက်တည်သည်၊ ဘာဝနာအလုပ်များကို

ပြင်းပြင်းထန်ထန်ကြိုးစားအားထုတ်ရာ (၇)ရက်ပြည့်သောနေ့တွင် သောတာပန်အရိယာပုဂ္ဂိုလ်ဖြစ်သွားရသည်။

နောက်ဆုံးဆွမ်းကပ်ပြီး ဘုရားရှင်၏တရားကိုနာကြားသည်၊ ပြီးလျှင် ဘုရားရှင်ကိုလိုက်ပို့ပေးပြီး မိမိလှည်းဝိုင်းသို့ပြန်လာပြီးလျှင် မူးလိုက်တာ ဟု ဆိုပြီးလျှင် ခဏလှဲ၍အိပ်လိုက်လေသည်၊ ထိုခဏမှာပင် ကြည်လင်သောမျက်နှာ၊ ပြုံးရွှင်သောအမူအရာဖြင့် မိမိကိုယ်ကိုကျေနပ်နှစ်သိမ့်နေသော အသွင်သဏ္ဍာန်ဖြင့် သေမင်းခေါ်ရာနောက်သို့လိုက်သွားရပြီး တုသိတာနတ်ပြည်ဝယ် နတ်သားသွားဖြစ်ရလေသည်။

ပြုံးသေ,သေရသောသူဌေးကြီး၏ဘဝကား အလွန်အားကျစရာကောင်းလှတော့သည်သာ။

## သေမင်းခေါ်ချိန် ဖခင်ကိုတရားမြင့်စေခဲ့သော အနာထပိဏ်သူဌေး၏သမီး သုမနဒေဝီ

ဗုဒ္ဓ၏ကျောင်းဒါယကာကြီး အနာထပိဏ်တွင် မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါနှင့် သုမနဒေဝီဟူ၍ သမီး(၃)ယောက်ရှိသည်။

အနာထပိဏ်အိမ်တွင် ရဟန်းသံဃာတော်တစ်ထောင်အား နေ့စဉ်ဆွမ်းဝတ်ရှိသည်၊ ထိုဆွမ်းဝတ်တို့ကို သူဌေးကြီးက

သမီးကြီးသုဘဒ္ဒါကိုတာဝန်ပေးထားသည်။

မဟာသုဘဒ္ဒါသည် ဖခင်အနာထပိဏ်ကိုယ်စား ရဟန်းတော်များ၏ဆွမ်းဝေယျာဝစ္စကိုဆောင်ရွက်ပြုစုလျက် တရားကို မပြတ်နာကြားပြီး တရားတော်အတိုင်း ကျင့်ကြံအားထုတ်ခဲ့ရာ မကြာခင် သောတာပန်ဖြစ်သွားသည်။

သောတာပန်ဖြစ်ပြီးနောက် မိဘများ၏စီမံချက်အရ အမျိုးကောင်းသားတစ်ဦးနှင့်အိမ်ထောင်ပြုပြီး ခင်ပွန်းသည်၏ အိမ်နောက်သို့လိုက်ပါသွားရလေသည်။

အနာထပိဏ်သူဋ္ဌေးကြီးသည် သမီးလတ် စူဠသုဘဒ္ဒါကို ဆက်လက်ပြီးသံဃာ့ဝေယျာဝစ္စဆွမ်းကိစ္စတို့ကို တာဝန်ပေးသည်၊ စူဠသုဘဒ္ဒါသည်လည်း ဆွမ်းကိစ္စဆောင်ရွက်ရင်း တရားနာသည်၊ တရားတော်အတိုင်း ကျင့်ကြံအားထုတ်ခဲ့ရာ မကြာခင် သောတာပန်ဖြစ်သွားသည်။

သောတာပန်ဖြစ်ပြီးနောက် သူမလည်းမိဘများ၏ စီမံချက်အရ အမျိုးကောင်းသားတစ်ဦးနှင့်အိမ်ထောင်ပြုပြီး ခင်ပွန်းသည် အိမ်နောက်သို့လိုက်ပါသွားရလေသည်။

ထို့နောက် အနာထပိဏ်သူဋ္ဌေးကြီးသည် သမီးငယ် သုမနဒေဝီကိုဆက်လက်တာဝန်ပေးပြန်သည်၊ သုမနဒေဝီသည်လည်း သံဃာ၏ဆွမ်းကွမ်းဝေယျာဝစ္စကိုဆောင်ရွက်သည်၊

တရားနာသည်၊ ကျင့်ကြံအားထုတ်သည်၊ သုမနဒေဝီသည်ကား သကဒါဂါမ်အဆင့်ရောက်သွားသည်။

သုမနဒေဝီသည် မိမိက သကဒါဂါမ်ဖြစ်ပြီး ဖခင်ကြီးက သောတာပန်သာဖြစ်နေသည်ကိုသိသည်၊ ဖခင်ကြီးအား တရားဓမ္မကိုဆက်လက်အားထုတ်၍ အရဟတ္တဖိုလ်တိုင် အောင်ရောက်စေလိုသည်။

ဖခင်ကြီးကား အထက်မဂ်ကိုရရန် စိတ်မဝင်စားဘဲ အလှူဒါန်၌သာစိတ်ဝင်စားနေသည်။

သုမနဒေဝီသည် ဖခင်ကြီးကို အထက်မဂ်ရစေဖို့ကျင့်ရန် တိုက်လည်းမတိုက်တွန်းရဲ၊ ဖခင်ကြီး အထက်မဂ်အားထုတ်ခွင့်ရရန် အရိပ်အမြွက်သဘောဖြင့် တင်ပြနိုင်မည့်အခွင့်အရေးကိုသာ မျှော်လင့်စောင့်စားနေခဲ့သည်။

၎င်းသို့စောင့်စားနေရင်းနေရင်းနှင့်ပင် သုမနဒေဝီသည် မကျန်းမမာဖြစ်လာသည်၊ သို့သော် မိမိ၏မကျန်းမာမှုကို ဂရုမစိုက်ဘဲ ရဟန်းတော်များ၏ ဆွမ်းကွမ်းဝေယျာဝစ္စကိစ္စများကို မလစ်ဟင်းရအောင် ကြိုးစားဆောင်ရွက်နေခဲ့သည်။

မကျန်းမာသည့်ကြားထဲက ထိုသို့ကြိုးစားလုပ်ကိုင်ဆောင်ရွက်နေသည့်အတွက် အစားပျက်၊ အအိပ်ပျက်ဖြစ်ကာ ကျန်းမာရေးသည် ချို့ယွင်းသည်ထက်ချို့ယွင်းလာပြီး အိပ်ရာထက်ဝယ် ဘုံးဘုံးလဲကျလေတော့သည်။

အလှူမဏ္ဍာပ်တစ်ခု၌စီစဉ်ဆောင်ရွက်ပေးနေသော ဖခင်သူဌေးကြီးသည် သမီးငယ်၏သတင်းကိုကြား၍ အပြေးအလွှားပြန်လာသည်၊ သမီးငယ်၏အနီးသို့ကပ်၍ နဖူးပေါ်လက်တင်စမ်းရင်း-

"ဘယ်လိုနေသေးလဲသမီး"

ဟု စိုးရိမ်တကြီးမေးလိုက်သည်။

"ဘာကိုမေးတာလဲမောင်လေး"

ဖခင်အရင်းကြီးကို သမီးငယ်က မောင်လေး ဟုခေါ်လိုက်သဖြင့် သူဌေးကြီးအံ့အားသင့်သွားသည်၊ စိတ်လည်း အလွန်ပင် မချမ်းမသာခံစားသွားရသည်။

"သမီး ယောင်ယမ်းပြောနေတာလား"

ဟု စိုးရိမ်တကြီးထပ်မေးသည်။

"ယောင်ယမ်းပြောနေတာမဟုတ်ပါဘူးမောင်လေး"

သူဌေးကြီး၏စိုးရိမ်သောကသည် အထွဋ်အထိပ်သို့ ရောက်ခဲ့လေပြီ။

"သမီးလေး . . ဘေးရမှာကိုကြောက်နေသလား"

သူဌေးကြီးက ဝမ်းနည်းကြေကွဲသောစိတ်ခံစားချက် ဖြင့် သမီးကိုမချိတင်ကဲမေးမိသည်၊ သုမနဒေဝီကတည်ငြိမ်စွာပင်-

"သေရမှာမကြောက်ပါဘူးမောင်လေး"

ဟု အဖြေပေးသည်။

သုမနဒေဝီသည် ဒါနနှင့်ပျော်မွေ့နေသောမိမိ၏ ဖခင်ကြီးအား အထက်မဂ်ဖိုလ်အတွက် ဆက်လက်အားထုတ်ရန် သတိပေးလိုသည်မှာကြာပေပြီ၊ အခွင့်အရေးမရခဲ့၊ ဖခင်ကြီး ကား ဒါန၌အလွန်ပျော်မွေ့သဖြင့် ဘုရားရှင်ကပင် "ဘုရားလောင်းသဖွယ်ဖြစ်သူ" ဟု မိန့်ကြားခံခဲ့ရသည်။

ယခုတော့ ဖခင်အတွက် အခွင့်အရေးရပေပြီ၊ အခွင့်အရေးရလာသည်ကို လက်လွှတ်မခံဘဲ ချစ်သမီးသုမနဒေဝီက ဖခင်ကြီးကို သတိသံဝေဂဖြစ်စေရန် ဤကဲ့သို့ မောင်လေးဟူသောစကားကိုသုံးနှုန်း၍အသုံးချသွားသည်။

ထိုသို့အသုံးချပြီးနောက် သုမနဒေဝီသည် သေမင်းခေါ်ရာနောက်သို့လိုက်ပါသွားပြီး တုသိတာနည်ပြည်ဝယ် ခံစား,စံစားရတော့သည်။

သောတာပန်အနာထပိဏ်သူဌေးကြီးသည် သကဒါဂါမ်ရောက်ခဲ့ပြီးမှကွယ်လွန်သွားသောသမီးကို သေကာနီးမှ စိတ်ကယောင်ချောက်ချားဖြစ်ပြီးသေသည်ဟုမှတ်ထင်ကာ သောကပွားနေရသည်၊ သမီးငယ်အတွက် စိတ်မချမ်းမသာ တနုံ့နုံ့ခံစားနေရတော့သည်။

သမီးငယ်၏အသုဘကိစ္စ ဆောင်ရွက်ပြီးသောအခါ သူဌေးကြီးသည် မိမိ၏အားကိုးရာသောကဖြေဖျောက်ရာ ဘုရားရှင်ထံသို့ချက်ချင်းသွားပါတော့သည်၊ သောကအပူလုံးဖြင့် ညှိုးနွမ်းသိမ်ငယ်မျက်ရည်သွယ်သွယ်ကျ၍ ရောက်လာသောအနာထပိဏ်သူဌေးကြီးကို ဘုရားရှင်က-

"ဒါယကာသူဌေးကြီး. . . သမီးငယ်အတွက် အဘယ်ကြောင့် ဤမျှသောကရောက်နေရပါသနည်း၊ သတ္တဝါဟူသမျှ တစ်နေ့တွင် မလွဲကေန် အမှန်ပင်သေကြရမည် မဟုတ်ပါလော" ဟု မေးလိုက်သည်။

"သတ္တဝါဟူသမျှ တစ်နေ့တွင် မလွဲကေန်အမှန်သေရမည်ကို တပည့်တော်သိပါ၏ဘုရား၊ ဒါပေမယ့် သမီးငယ်သုမနဒေဝီသည် နေ့စဉ်နေ့တိုင်း ရဟန်းသံဃာများ၏ဆွမ်းကွမ်းဝေယျာဝစ္စများကို မကျန်မာသည့်ကြားကပင် မနားမနေလုပ်ကျွေးနေပါလျက် သေကာနီးကာလ၌ သတိလက်လွတ်ကာကယောင်ကတမ်းပြောဆိုလျက် ကွယ်လွန်သွားသည့်အတွက် တပည့်တော်သောကရောက်ရခြင်းဖြစ်ပါသည်ဘုရား"

"အဘယ်ကဲ့သို့ ကယောင်ကတမ်းပြောလျက် ကွယ်လွန်သွားပါသနည်း"

"တပည့်တော်ဖခင်ကို မောင်လေး-မောင်လေး ဟု ယောင်ယမ်းခေါ်ဆိုပြောပြီးနောက် ကွယ်လွန်သွားခဲ့ပါသည်

"ဒါယကာသူဌေးကြီး . . . သင်၏သမီးငယ်သည် ယောင်ယမ်းပြောဆိုခြင်းမဟုတ်၊ အရိယာအဆင့်အားဖြင့် သင်ကသောတာပန်၊ သမီးငယ်သုမနဒေဝီက သကဒါဂါမ်ဖြစ်သည် သင့်ထက် သမီးငယ်ကအရိယာအဆင့်မြင့်၍ သင့်ကို မောင်လေးဟုခေါ်ခြင်းဖြစ်သည်၊ ယခုအခါ သမီးငယ်သုမနဒေဝီသည် တုသိတာနတ်ပြည်၌ဖြစ်နေရပြီ"

ထိုစကားကိုကြားရသောအခါ သူဌေးကြီး၏စိတ်သန္တန်ဝယ် သောကဝေဒနာပျောက်သွားပြီး မုဒိတာရောက်တော့သည်။ မြတ်စွာဘုရားကဆက်လက်၍-

"ကုသိုလ်ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ရွှင်လန်းရ၏၊ တမလွန်ဘဝ၌လည်းရွှင်လန်းရ၏၊ ပစ္စုပ္ပန်-တမလွန် နှစ်ဘဝလုံးရွှင်လန်းရ၏။

ဤပစ္စုပ္ပန်ဘဝ၌ ကောင်းမှုပြုပြီးပြီ ဟု ဝမ်းမြောက်ရ၏၊ တမလွန်ဘဝ၌ကား ဤပစ္စုပ္ပန်ကုသိုလ်ကြောင့် သုဂတိဘဝသို့ ရောက်သောအခါ ပို၍လွန်စွာဝမ်းမြောက်ရ၏"

ဟု ထပ်မံဟောကြားတော်မူပါသည်။

ဤလောက၌ ကောင်းမှုပြုကြရာဝယ် သာသနာပ ကုသိုလ်ပြုနည်း၊ သာသနာတွင်းကုသိုလ်ပြုနည်းဟူ၍(၂)မျိုး ရှိသည်။

သာသနာပကုသိုလ်ပြုနည်းဆိုသည်မှာ ပကာသနဂုဏ်ကိုမက်မောရှ်ပြုသောနည်းနှင့် ကောင်းမှု၏အကျိုးကိုခံစားလို၍ပြုသောနည်းဖြစ်ပါသည်။

ဤနည်းအရကောင်းမှုပြုသောအခါ ငါ၊ ငါ့ဟာ၊ ငါ့ ဥစ္စာ၊ ငါ့လုပ်ငန်းတိုးတက်အဆင်ပြေစေရန် ဟူသောရည်ရွယ်ချက်ဖြင့် ပြုသဖြင့် ကောင်းမှုစီးပွားပြီး ဘဝသမ္ပတ္တိဘောဂသမ္ပတ္တိများ ဂုဏ်များပြည့်စုံကြရသည်။

ဤပြုနည်းကို သာသနာပပြုနည်းဟုဆိုပါသည်။

ဤပြုနည်းဖြင့် ကောင်းမှုပြုသူသည် ကျချင်းရာကျသော (ဝိနိပါတဆေး)က မလွတ်၊ ကွယ်လွန်သောအခါ မိမိပြုသောကောင်းမှုကမကယ်နိုင်ဘဲ အပါယ်လေးဘုံသို့ ပရမ်းပတာကျချင်သလိုကျသွားနိုင်ပါသည်။

သောကဖြစ်စဉ်ကိုကြည့်ပါက အသဒိသအလှူကြီးကိုလှူခဲ့သောမလ္လိကာမိဖုရားကြီးသည် ငရဲသို့(၇)ရက်ကျခံခဲ့ရသေးသည်၊ ရေတွင်းပေါင်း(၈၄၀၀၀)၊ ရေကန်ပေါင်း(၈၄၀၀၀)၊စေတီပေါင်း(၈၄၀၀၀)လှူခဲ့သော သီဒိဒေမ္မာသောကမင်းကြီးတို့သည် သေကာနီးကာလနှလုံးသွင်းမှား၍ စပါးကြီးမြွေဖြစ်သွားရသည်။

အတ္တနှင့် အတ္တအကျိုးကို အခြေခံပြုသောကောင်းမှုဟူသမျှသည် အပယ်မျိုးစေ့ကို ရင်ဝယ်ပိုက်ထားသော ကမ္မသကတသမ္မာဒိဋ္ဌိမျိုးသာဖြစ်သည်။

ဤအမြင်မျိုးဖြင့်ပြုသောကောင်းမှုဖြစ်ပါက ဤပစ္စုပ္ပန်ဘဝ၌ရွှင်လန်းဝမ်းမြောက်ရသည်ကမှန်ပါ၏၊ သို့ရာတွင် တမလွန်ဘဝတွင်မူ ရွှင်လန်းခြင်းမှ ရွှင်လန်းရပေလိမ့်မည်။

သာသနာတွင်းကောင်းမှုဆိုသည်မှာ ငါမပါ၊ ကံဟူသမျှလုံးဝကင်းသွားအောင်ပြုသောသာသနာပြုနည်းဖြစ်ပါသည်၊ ဤပြုနည်းမှာ ဝိပဿနာသမ္မာဒိဋ္ဌိဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်တို့၏နောက်ဆုံးမျှော်မှန်းချက်သည် နိဗ္ဗာန်ဖြစ်သည်၊ ထိုနိဗ္ဗာန်ရအောင်, ရောက်အောင် တဏှာ၊ ဥပါဒါန် ကမ္မဘဝကိုပြတ်အောင်ဖြတ်နိုင်ရမည်၊ ထိုဖြတ်နိုင်ဖို့အတွက် ဝိပဿနာသမ္မာဒိဋ္ဌိကျင့်ဖို့လိုပါသည်။

ဤဝိပဿနာသမ္မာဒိဋ္ဌိသည် ဘုရားပွင့်မှသာပေါ်သောကြောင့် သာသနာတွင်းကောင်းမှု ဟုဆိုရပါသည်။

## ဒါန၊ သီလမရှိဘဲ ပြုံးပြုံးလေးဘာဝဖြင့် သေမင်းခေါ်ခံရသူ

သာဝတ္ထိပြည်တွင် သူဌေးစာရင်းဝင် ဗြဟ္မဏဇနီးမောင်နှံရှိသည်၊ သူတို့တွင် သားကလေးတစ်ဦးထွန်းကားခဲ့ပါသည်။

သူဌေးကြီးသည် မိမိ၏ဥစ္စာပစ္စည်းများကို နည်းနည်းမျှ အပွန်းအပဲ့ခံလိုသူမဟုတ်၊ ဘုရားရှင်နှင့်အခြားမည်သည့်ပုဂ္ဂိုလ်ကိုမျှ တစ်ဇွန်းတစ်ယောက်မမျှ မလှူဒါန်းလို၊ မလှူခဲ့ဖူး၍ အများက အဒိန္နပုဗ္ဗက (တစ်ခါမျှမလှူခဲ့ဖူးသူ)ဟူ၍ ခေါ်ခဲ့ကြသည်။

သူတို့တွင် "မဋ္ဌကုဏ္ဍလီ"ဟူသော သားတစ်ယောက်ရှိသည်၊ တစ်ဦးတည်းသောသားဖြစ်၍ မိဘနှစ်ပါးက အလွန်ချစ်မြတ်နိုးကြသည်။

သားကလေး(၁၆)နှစ်သားအရွယ်အရောက်တွင် ဖျော့တော့သော(အသားဝါ)ရောဂါဖြစ်သည်၊ မိခင်က သားကို သင့်တော်သောဆရာကိုပင့်ပြီး သင့်တော်သောဆေးဝါးဖြင့် ကုသပေးစေလိုသည်၊ သို့သော် ဖခင်က ဥစ္စာကိုပို၍ချစ်မြတ်နိုးမက်မောနေသည်၊ ဇနီးကလည်း ခင်ပွန်းကိုမလွန်ဆန်နိုင်ပေ။

သားရောဂါကို ဆေးမြီးတိုဖြင့်ကုသသည်၊ ရောဂါမသက်သာလာသောအခါ ငွေကုန်မှာစိုး၍ ဆေးဆရာအိမ်သို့သွားကာ အသားဝါရောဂါဖြစ်လျှင် ဘယ်လိုဆေးနှင့်ကုသရမလဲဟု မသိမသာမေးသည်။

ဆရာကလည်း လာရောက်ပင့်ဆောင်သည်မဟုတ်သည့်အပြင် ကိုယ်တိုင်ကြည့်ရှုစစ်ဆေးရခြင်းမဟုတ်သဖြင့် သာမန်ကာလျှံကာပြောလိုက်သည်၊ အဒိန္နပုဗ္ဗကသည် ဆရာ၏စကားကိုအဟုတ်ကြီးထင်ပြီး မိမိအတွက်ငွေမကုန်သည်ဖြစ်

၍ သားကို ဆရာပြောသောဆေးဝါး၊ ဆေးမြစ်ကို ကိုယ်တိုင်ရှာ တူးဖော်ထုထောင်းပြီး တိုက်ကျွေးကုသသည်။

ရောဂါလည်းကျွမ်းခဲ့ပြီ၊ အချိန်လည်းနှောင်းခဲ့ပြီ၊ အဒိန္နပုဗ္ဗကသည် နောက်ဆုံးမှသမားတော်ကိုပင့်သည်၊ သို့သော်သမားတော်တို့မစွမ်းနိုင်တော့၊ လက်လျှော့ကြရပြီ။

ထိုအခါကျမှ မိမိသားဆုံးတော့မည်ကိုသိလာသည်၊ သတင်းလာမေးသူများကို ဧည့်ခံရ၍ကုန်မှာစိုးရိမ်ပြန်သည်၊ သို့အတွက် သားကိုအပြင်ထုတ်ထားလိုက်သည်။

ထိုညဥ့်မိုးသောက်သော် မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းမှနေပြီး မဟာကရုဏာသမာပါတ်ဖြင့် လောကကိုကြည့်တော်မူသည်၊ မဋ္ဌကုဏ္ဍလီကိုမြင်တော်မူသည်။

အမှန်အားဖြင့် သူတို့မိသားစုတွင် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ဟူသည် ဘာတစ်ခုမျှမရှိခဲ့။

သို့ရာတွင် မဋ္ဌကုဏ္ဍလီသည် သေအံ့မူးမူးရောက်နေခဲ့ပြီး သေအံ့မူးမူးအချိန်၌ အာသန္နကံသည် အလွန်အရေးကြီးလှပါသည်၊ အာသန္နကံသည် သေကာနီးဆဲဆဲပြုလုပ်သောကံဖြစ်ပါသည်။

မဋ္ဌကုဏ္ဍလီ၌ ဒါန၊ သီလဘာမျှမရှိသည်ကို ဘုရားရှင်သိတော်မူ၏၊ သို့သော် ဘုရားရှင်၌ကြည်ညိုသော ဗုဒ္ဓါနုဿတိ

ဘာဝနာကုသိုလ် အာသန္နကံကြောင့် သုဂတိဘုံဘဝသို့ ရောက်ရမည်ကိုဘုရားရှင်သိတော်မူသည်။

မြတ်စွာဘုရားသည် ရဟန်းသံဃာအပေါင်းခြံရံလျက် သာဝတ္ထိမြို့ထဲသို့ဆွမ်းခံကြွသည်၊ အဒိန္နပုဗ္ဗက အိမ်ရှေ့အရောက်တွင် မဋ္ဌကုဏ္ဍလီထံ ရောင်ခြည်တော်ကိုလွှတ်တော်မူ၏။

မဋ္ဌကုဏ္ဍလီသည် ဘာပါလိမ့် ဟုစဉ်းစားပြီး အရောင်လာရာသို့မျှော်ကြည့်သည်၊ ဘုရားရှင်ကိုဖူးမြင်ရသည်၊ ဘုရားရှင်၌ အလွန်ကြည်ညိုသောစိတ် တဖွားဖွားဖြစ်ပေါ်ခံစားမိသည်။

သို့သော် လက်တို့က မချီမနိုင်၊ လက်အုပ်မချီနိုင်တော့ စိတ်ထဲကကြည်ညိုရုံမှတစ်ပါး အခြားဘာမှမတတ်နိုင်တော့။

ဤကြည်ညိုစိတ်လေးတဒင်္ဂသည်ပင်လျှင် သူ့အတွက် ဖိုးအနဂ္ဃထိုက်သောဘာဝနာကုသိုလ်လေးဖြစ်သွားရသည်။

မြတ်စွာဘုရားကိုအာရုံပြုမိသော ဘာဝနာကုသိုလ်ဇော အာသန္နကံနှင့်အတူ မဋ္ဌကုဏ္ဍလီသည် သေမင်းခေါ်ရာနောက်သို့ ပြုံးပြုံးကလေးနှင့်လိုက်သွားရပြီး တာဝတိံသာနတ်ပြည်ဝယ် ကြီးမားသော နတ်စည်းစိမ်အခြံအရံတို့ဖြင့် ချမ်းသာစွာခံစားရတော့သည်။

မိမိ၏တစ်ဦးတည်းသောသားလေးသေဆုံးရသဖြင့် အဒိန္နပုဗ္ဗကသည် ယူကျုံးမရခံစားရတော့သည်၊ မိမိ၏မိုက်ပြစ်

ဒဏ်ကို အလူးအလဲခံစားရပြီး သောကပရိဒေဝမီးများ တောက်လောင်ခံရတော့သည်။

မိမိ၏မိုက်ပြစ်ကြောင့် မိမိမျိုးဆက်ပြတ်ရလေပြီ၊ အဒိန္နပုဗ္ဗကသည် တွေးရင်းတွေးရင်း မျက်ရည်ကျရသည်၊ သားကို ဖုတ်ကြည်းသဂြိုဟ်သောသုဿာန်သို့နေ့စဉ်သွား၍ ငိုနေရတော့သည်။

မဋ္ဌကုဏ္ဍလီနတ်သားသည် မိမိနတ်စည်းစိမ်ခံစားရသည်ကို ဆင်ခြင်ကြည့်မိ၏၊ မိမိ၏ဘုရား၌ကြည်ညိုမိသောတဒင်္ဂအာသန္နကံကုသိုလ်ကြောင့် ဤစည်းစိမ်ချမ်းသာ ရရှိခံစားရသည်ကိုသိသည်။

သူ၏ကပ်စေးနှဲသောဖခင်ကို လှမ်းကြည့်မိလေသည်၊ သုဿာန်၌မိမိကိုတမ်းတ၍နောင်တကြီးစွာရနေသောဖခင်ကို တွေ့ရသည်၊ ထိုဖခင်ကိုဆုံးမရန်ဆုံးဖြတ်လိုက်သည်။

မဋ္ဌကုဏ္ဍလီရုပ်သွင်တူဖြင့် အဒိန္နပုဗ္ဗက ငိုကြွေးရာ အရပ်၌ရပ်၍ ငိုကြွေးပြသည်။

အဒိန္နပုဗ္ဗကသည် မိမိ၏အနီး၌ငိုကြွေးနေသူကို လှမ်းကြည့်မိလိုက်သည်၊ မိမိ၏သား မဋ္ဌကုဏ္ဍလီနှင့်ချွတ်စွပ်တူနေသည်ကို တအံ့တသြတွေ့လိုက်ရသည်၊ သား၏ချစ်ခြင်းမေတ္တာဖြင့် "အမောင်လုလင်. . . အဘယ်ကြောင့် ဤနေရာလာ၍ ငိုနေရသနည်း" ဟု မေးမိသည်။

"အို ဖခင်. . . ကျွန်ုပ်မှာ ရွှေရထားတစ်စီးရှိပါသည်၊ သို့ရာတွင် ထိုရွှေရထားနှင့်လိုက်ဖက်သောဘီးများကား မရှိပါ၊ ထိုဘီးကိုရှာရင်း ဤနေရာသို့ရောက်လာပါသည်၊ ဘီးကို ရှာမတွေ့သေး၍ ငိုကြွေးမိပါသည်။

အဒိန္နပုဗ္ဗကသည် မိမိစည်းစိမ်ကုန်ခန်းသွားမှာ စိုးရိမ်၍ သားကိုဆေးမကုသခဲ့၍သေဆုံးခဲ့သောကြောင့် ယခုလို ယူကြုံးမရခံစားနေရသည်၊ ယခုမူ မိမိစည်းစိမ်ကို မငဲ့ကွက်တော့ဘဲ သားနှင့်တူသောလုလင်၌ သားကဲ့သို့ချစ်ဇောဖြင့်-

"အမောင်လုလင်. . သင်၏ရထားအတွက် ရွှေဘီးကို လိုချင်လျှင်လည်း ရွှေဘီး၊ ပတ္တမြားဘီးကိုလိုချင်လျှင်လည်း ပတ္တမြားဘီး ငါလုပ်ပေးပါမည်၊ သင်ကြိုက်ရာဘီးကိုသာ ပြောပြပါ "

ဟု အနှမြောမရှိဘဲ ရက်ရက်ရောရောပြောလိုက်သည်။

မဋ္ဌကုဏ္ဍလီနတ်သားသည် မိမိ၏ဖခင်အဟောင်းကို သတိသံဝေဂရစေရန် သင်ခန်းစာပေးလိုသဖြင့်-

"အို-ဖခင်. . . ကျွန်ုပ်ရွှေရထားအတွက် ရွှေ၊ ငွေ၊ ကြေး၊ ပတ္တမြားဘီးဘာမျှမလိုချင်ပါ၊ ကျွန်ုပ်ရွှေရထားအတွက် လဝန်းဘီး၊ နေဝန်းဘီးကိုသာလိုပါသည်"

ဟု ဆိုလိုက်သည်။

"မိုက်ပါဘိ လုလင်ရယ်. . . . သင်သည် မတောင့်တ သိုက်သည့်ကိုတောင့်တဘိ၏၊ သင်သည် ငိုကြွေးရင်း သေလျှင် သာသေမည်၊ နေနှင့်လကိုရဖို့ရန် အကြောင်းမရှိပါ "

"ကောင်းပါပြီ ဖခင်. . . . ကျွန်ုပ်က ကောင်းကင်၌ ထင်ရှားစွာ မျက်စိဖြင့်မြင်တွေ့နေရသော နေနှင့်လကို လိုချင်၍ငိုပါ၏၊ သင့်ဖခင်က သေလွန်ပြီးမမြင်ရတော့သောသားကို တမ်းတ၍ငိုနေ၏၊ လိုချင်၍ငိုသူနှစ်ယောက်တွင် မည်သူက ပို၍မိုက်မဲသည်ဟု ထင်ပါသနည်း"

ထိုအခါ အဒိန္နပုဗ္ဗကသည် အမှန်တရားကိုသိသွားသည်၊ သတိသံဝေဂရသွားသည်။

"အမောင်လုလင်. . . သင်ကား အမှန်စကားကိုဆိုပါ၏၊ သင်က မြင်နေရသောနေနှင့်လကို လိုချင်၍ငို၏၊ ငါကား မမြင်ရသောသားကိုတမ်းတ၍ငို၏၊ ငိုသူနှစ်ယောက်တွင် ငါသည် ပို၍မိုက်မဲသူဖြစ်ပါသည်"

ထို့နောက် လုလင်ကိုကောင်းချီးပေးသောအားဖြင့်-

"ယောပတ်ဖြင့် သွန်းလောင်းအပ်သောမီးကို ရေဖြင့်ငြိမ်းစေသကဲ့သို့လည်းကောင်း၊ ရင်၌တောက်လောင်နေသော သောကကိုသင်၏စကားဖြင့်ငြိမ်းစေပါ၏၊ ငါ၏နှလုံးသား၌ စူးဝင်နေသောငြောင့်ကို သင်၏စကားဖြင့်ပယ်နှုတ်အပ်၏၊ ယခု

ငါသည် သင်၏စကားကြောင့်စိတ်သက်သာရာရပြီးဖြစ်၍ နောက်လပ်မငိုကြွေးတော့ပါ”

“အမောင်လုလင်. . . သင့်ကိုမေးပါရစေ၊ သင်သည် ရှည်သူနည်း နတ်လော၊ သိကြားလော၊ လူသားစစ်စစ်ဖြစ်ပါ သလော”

“အို-ဖခင်. . . . ကျွန်ုပ်သည် သင်ငိုကြွေးတမ်းတနေ သော သင်၏သား မဋ္ဌကုဏ္ဍလီပင်ဖြစ်ပါသည်၊ သေအံ့မူးမူး အချိန် ပြုခဲ့သောအာသန္နကံကုသိုလ်ကြောင့် ကျွန်ုပ် ယခု တာဝတိံသာနတ်ပြည်ဝယ် နတ်သားဖြစ်ခဲ့ပါ၏”

“အမောင်လုလင်. . . ငါ၏ သက်တမ်းတစ်လျှောက် လုံး ငါ၏အိမ်၌ ဒါန၊ သီလ၊ ဘာဝနာဘာမျှမပြုလုပ်ခဲ့ပါ၊ သို့ ဖြစ်လျက် သင်ပြုခဲ့သောကောင်းမှုကား ဘယ်လိုကောင်းမှုမျိုး ပါလဲ”

ထိုအခါ မဋ္ဌကုဏ္ဍလီနတ်သားက မိမိ၏ဘုရားရှင် အပေါ်၌ကြည်ညိုခဲ့သောကုသိုလ်ကံကြောင့် ရောက်ခဲ့ရပုံ အကြောင်းစုံကိုပြောပြသည်။

အဒိန္နပုဗ္ဗကသည် အံ့လည်းအံ့ဩ၏၊ တစ်ကိုယ်လုံး လည်း ပီတိဖုံး၏၊ ဘုရားရှင်ကိုဖူးမြင်ရ၊ ကြည်ညိုရ၊ ဘုရားရှင် ၏ဂုဏ်တော်ကိုအောက်မေ့နေရုံမျှဖြင့် ဤကဲ့သို့သောအကျိုး တရားများကိုရသည်ဟုဆိုလျှင် ဒါနပြု၊ သီလစောင့်၊ ဘာဝနာ

ပွားများပါက အဘယ်မျှလောက်သောအကျိုးတရားများကို ရပေလိမ့်မည်နည်း။

ဤသို့တွေးရင်း ဘုရားရှင်အပေါ်၌ကြည်ညိုလာ၏၊ ဝမ်းမြောက်ဝမ်းသာသောသဒ္ဓါတရားဖြစ်ပေါ်လာသည်၊ ဘုရားကိုကိုးကွယ်ရာဟူ၍ ဆည်းကပ်သင့်၏ ဆုံးဖြတ်လိုက်လေတော့သည်။

"ဖခင်. . . ယနေ့မှစ၍ သရဏဂုံသုံးပါးကိုဆောက်တည်ပါ၊ ငါးပါးသီလကိုမကျိုးမပေါက်စောင့်ထိန်းပါ၊ ယင်းမှာ ဥစ္စာများစွာရှိပါသည်"

ဟု နတ်သားကတိုက်တွန်းပြောဆိုသည်။

အဒိန္နပုဗ္ဗကသည် နတ်သားကိုပဋိညာဉ်ဝန်ခံချက်ပေးပြီး သုသာန်မှအိမ်သို့ပြန်ခဲ့သည်၊ အိမ်ရှင်မကိုအကြောင်းစုံပြောပြသည်၊ လင်မယားနှစ်ယောက်တိုင်ပင်ကြသည်။

သူတို့လင်မယားသည် အမြင်မှန်ရခဲ့ကြလေပြီ၊ သာသနာ၌ကြည်ညိုတတ်ကြလေပြီ၊ မလှူဒါန်းရက်၊ တွယ်တာမှုဖြင့်ရရှိခံစားရသော လောဘတဏှာနှင့်ယှဉ်သော နှစ်သက်ခြင်း ချမ်းသာခြင်းထက် လှူဒါန်း၍ရရှိသောအကျိုးတရားကို ခံစားရသောအလောဘနှင့်ယှဉ်သော နှစ်သက်ခြင်း၊ ချမ်းသာခြင်းကပိုမိုသာလွန်ကြောင်း သာ၏အတွေ့အကြုံဖြင့် ထင်ရှား စွာသိမြင်ကြလေပြီ။

အဒိန္နပုဗ္ဗကသည် ဘုရားအမှူးရှိသော သံဃာတော်များကိုဆွမ်းဖိတ်ကျွေးသည်။

ဆွမ်းကိစ္စပြီးသောအခါ အဒိန္နပုဗ္ဗကသည် ဘုရားရှင်အနီးသို့ချဉ်းကပ်သည်။

"အရှင်ဂေါတမ. . . . အရှင်တို့အား အလှူကိုလည်းမပေး၊ ဥပုသ်သီလလည်းမဆောက်တည်၊ ပူဇော်ခြင်းလည်းမပြု၊ တရားတော်ကိုလည်းမနာယူ၊ အရှင်ကိုကြည်ညိုစေရုံသက်သက်မျှဖြင့် နတ်ပြည်၌ဖြစ်သောသူ မည်သည်ရှိကောင်းပါသလော"

ဟု မေးလျှောက်သည်။

"ပုဏ္ဏား. . . ဒါနလည်းမပြု၊ သီလလည်းမစောင့်၊ ပူဇော်မှုကိုလည်းမပြု၊ တရားကိုလည်းမနာယူပါဘဲလျက် ငါ ဘုရားကိုကြည်ညိုရုံသက်သက်မျှဖြင့် နတ်ပြည်သို့လာကြသူများ၏ အရေအတွက်ကား အရာအထောင်မကများလှ၏၊ သင်၏သား မဋ္ဌကုဏ္ဍလီသည် ငါဘုရား၌ကြည်ညိုရုံသက်သက်မျှဖြင့် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ကြောင်းကို သင့်အားသုဿန်၌ပြောကြားခဲ့ပြီးပြီမဟုတ်ပါလော"

ဟု ဘုရားရှင်က မိန့်ကြားသည်။

ပုဏ္ဏား၏ဆွမ်းကျွေးတရားပွဲ၌ ဘုရားရှင်၏မိန့်ကြားချက်ကို ယုံကြည်သူပုဂ္ဂိုလ်များပါဝင်သလို ယုံမှားမကင်းသူများလည်းပါဝင်နေသည်။

သို့အတွက် ဘုရားရှင်က မဋ္ဌကုဏ္ဍလီနတ်သားကိုယ်တိုင်လာရောက်ရှင်းလင်းစေရန် အမိန့်ရှိလိုက်သည်။

ထိုခဏမှာပင် မဋ္ဌကုဏ္ဍလီနတ်သားသည် အခြံအရံတို့ဖြင့်ပေါ်လာပြီး ဘုရားရှင်အားရှိခိုးကာရပ်တည်နေလေသည်။

"သောက်ချူကြွယ်ကဲ့သို့ ခပ်သိမ်းသောအရပ်မျက်နှာတို့ကိုထွန်းပလျက် နှစ်လိုဖွယ်အဆင်းရှိ၍ ကြီးသောအာနုဘော်ရှိသော နတ်သားလူဘဝက သင်သည် မည်ကဲ့သို့သောကောင်းမှုကိုပြုခဲ့ပါသနည်း"

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . တပည့်တော်သည် လူဖြစ်စဉ်က သာဝတ္ထိပြည်အဒိန္နပုဗ္ဗကပုဏ္ဏား၏ တစ်ဦးတည်းသောသား မဋ္ဌကုဏ္ဍလီဖြစ်ပါသည်၊ သေအံ့မူးမူး၌ မြတ်စွာဘုရားရှင်အပေါ် စိတ်၌ လှိုက်လှဲစွာဖြစ်ပေါ်လာကြသော ကြည်ညိုသဒ္ဓါတည်းဟူသော ကုသိုလ်ကောင်းမှုတစ်မျိုးတည်းကိုသာပြုခဲ့ဖူးပါ၏၊ ထိုကောင်းမှုကြောင့် ဤနတ်စည်းစိမ်ချမ်းသာကိုရရှိခံစားရခြင်းဖြစ်ပါသည်"

ပရိသတ်သည် မဋ္ဌကုဏ္ဍလီနတ်သားကို အံ့ဩစွာကြည့်ကြပြီး-

"အချင်းတို့. . . ဘုရားရှင်၏ကျေးဇူးတော်သည်ကား အံ့ဩဖွယ်ရှိလေစွတကား၊ တစ်သက်လုံးတစ်ခါမျှ မလှူဖူးသော

အဒိန္နပုဗ္ဗက၏သားဖြစ်ပါလျက် အခြားကောင်းမှုမပြုဘဲ ဘုရား၌ စိတ်ကိုကြည်ညိုရုံမျှဖြင့် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ရပြီး နတ်စည်းစိမ်ချမ်းသာကိုရပေ၏"

ဟု နှစ်သက်စကားပြောဆိုကြသည်။

ထိုအခါ ဘုရားရှင်က-

"ဖြစ်ပျက်သမျှဓမ္မဟူသည် စိတ်သာလျှင် ရှေ့သွားဦးဆောင်ရှိ၏၊ စိတ်သာလျှင် အကြီးအမှူးရှိ၏၊ စိတ်ဖြင့်ပြီး၏၊ ဖြူစင်သောစိတ်ဖြင့်ပြောသည်ဖြစ်စေ၊ ပြုလုပ်သည်ဖြစ်စေ၊ ထို ဖြူစင်သောစိတ်ဖြင့်ပြောဆိုခြင်း၊ ပြုလုပ်ခြင်းကြောင့် လူ၏ အရိပ်သည် လူနောက်သို့အစဉ်လိုက်သကဲ့သို့ ချမ်းသာသည် ထိုပုဂ္ဂိုလ်နောက်သို့အစဉ်လိုက်ပါသည်"

ဟူ၍ ဟောကြားတော်မူပါသည်။

လူသား၏ဘဝတွင် ဆင်းရဲနှင့်ချမ်းသာ သံသရာလည်မှုနှင့်လွတ်မြောက်မှုဟူ၍ ဆန့်ကျင်ဘက်တရားအစုံရှိပါသည်၊ ယင်းအစုံတရားနှစ်မျိုးတို့အနက် သတ္တဝါဟူသမျှတစ်မျိုးမျိုးကို မလွဲမသွေတွေ့ကြရမည်ဖြစ်ပါသည်။

ဘုရားရှင်၏ ဟောကြားတော်အရ ယင်းအစုံတရားနှစ်မျိုးကိုပြုလုပ်သူက ပြင်ပဖန်ဆင်းရှင်မဟုတ်၊ မိမိ၏စိတ်သာလျှင် ဖြစ်သည်။

မိမိ၏မကောင်းသောစိတ်၏ပြုမှုပြောဆိုမှုသည် ဆင်းရဲနှင့်သံသရာဝဋ်ကမကျွတ်လည်ခြင်းကိုဖန်ဆင်းပါမည်။

ကောင်းသောစိတ်၏ ပြုမူပြောဆိုမှုက ချမ်းသာ (သို့မဟုတ်)နိဗ္ဗာန်ကိုဖန်ဆင်းပါမည်။

နိဗ္ဗာန်ဟူသည် ဘုံနန်းမဟုတ်၊ တဏှာမှလွတ်မြောက်ခြင်းတဏှာမရှိခြင်းဖြစ်သည်၊ တဏှာနည်းနည်းမရှိလျှင် နည်းနည်းနိဗ္ဗာန်ဖြစ်သည်၊ တဏှာများများမရှိလျှင် များများနိဗ္ဗာန်ဖြစ်သည်၊ တဏှာလုံးဝမရှိတော့လျှင် လုံးဝနိဗ္ဗာန်ဖြစ်သည်။

# သေမင်းခေါ်ရာ ဝမ်းသာစွာလိုက်ခဲ့သော ဒုဋ္ဌဂါမဏီမင်း

ဒုဋ္ဌဂါမဏီမင်းကြီးသည် သီဟိုဠ်တွင် သာသနာပြုမင်းတစ်ပါးဖြစ်ပြီး ဗုဒ္ဓသာသနာတော်ထွန်းကားရေးအတွက် အထူးကြိုးစားဆောင်ရွက်ခဲ့သောမင်းတစ်ပါးဖြစ်သည်။

မင်းကြီးသည် မဟာစေတီတည်နေရာတွင် စေတီတည်၍ မပြီးမီ သေနိုင်သောရောဂါသည် ကပ်ရောက်ခံစားလာရသည်။

ထိုအခါ ဒီဃဝါပီအရပ်၌နေသော ညီတော်တိဿကို ခေါ်တော်မူ၍ ဤစေတီကြီးမပြီးသေးသမျှ ပြီးစီးအောင်ပြုပါလေ ဟု မှာကြားသည်။

ညီတော်တိဿသည် နောင်တော်သေကာနီးအခြေ အနေကိုသိ၍ တည်လက်စစေတီကို အပ်လျှိုသမားတို့ကို ခေါ်ကာ စင်ကြယ်သောအဝတ်ဖြင့် စေတီပြီးစီးသည်သဏ္ဌာန်၊ ပန်းချီဆရာတို့ကိုခေါ်၍ မှတ်တိုင်၊ တံခွန်ကုက္ကား၊ ရေပြည့်အိုးတို့ကို ပြုလုပ်စေသည်၊ ဝါးဖြင့်ထီးတို့ကိုပြုလုပ်စေသည်။

အားလုံးစီမံပြီးသောအခါ မင်းကြီးကိုစေတီပြီးကြောင်း လျှောက်ထားသည်၊ မင်းကြီးသည် လဲလျောင်းလျက် စေတီကို ဖူးမြော်သည်။

မင်းကြီးနာသည်ဟုကြားကုန်သော ရဟန္တာမထေရ်တို့သည် အစုအဖွဲ့ဖွဲ့ကာ မင်းကြီးကိုအလှည့်ကျ တရားတော်မြတ်ကိုရွတ်ဖတ်သရဇ္ဈာယ်ကြသည်၊ မင်းကြီးသည် မိမိ၏စစ်တိုက်ဘက်ဖြစ်ပြီး ရဟန်းပြုသွားသောအဘယမထေရ်ကိုမတွေ့မြင်၍ ဤသို့ကြံစည်မိလေသည်။

"အဘယမည်သောသူရဲကြီးသည် ကျေးမင်းတို့နှင့် နှစ်ဆယ့်ရှစ်ကြိမ်တိုင်အောင် ကြီးစွာသောစစ်ထိုးခြင်းဖြင့် စစ်ထိုးကြရာ၌ ငါမရှုံးအံ့သည်ဖြစ်၍ ငါ့ထံ၌ဝန်းရံကာ အဖော်ပြုလုပ်သည်၊ ယခုအခါ သေမင်းနှင့်စစ်ထိုးရာ၌ ငါ၏ရှုံးလတံ့သည်ကိုမြင်သောကြောင့် ငါ့ထံသို့မကပ်လာသည်ထင်၏"

မင်းကြီး၏ထိုအကြံကို ကရိန္ဒမြစ်အလွန် ပဥ္စလိတောင်၌နေသော ရဟန္တာဖြစ်သောအဘယမထေရ်သည်သိတော်မူ၍ ရဟန္တာငါးရာအခြံအရံနှင့်တကွ ကောင်းကင်ဖြင့်ပျံလာ၍ မင်းကြီးအနားသို့ဝိုင်းရံလာတည်နေသည်။

မင်းကြီးသည် အဘယမထေရ်ကိုမြင်တွေ့သော် ခင်မင်ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ရှေးအနီးကွဲစေပြီးမှ-

"အရှင်ဘုရား . . . အကျွန်ုပ်သည် ရှေးအခါက သူရဲတစ်ကျိပ်ဖြစ်ကုန်သောအရှင်မြတ်တို့နှင့်တကွ စစ်ထိုးရပေပြီ၊ ယခုမူကား ကျွန်ုပ်တစ်ယောက်တည်းသာလျှင် သေမင်းနှင့်စစ်ထိုးခြင်းငှာအားထုတ်ရသည်၊ သေမင်းတည်းဟူသောရန်သူကို ရှုံးစိမ့်သောငှာမတတ်နိုင်ပါချေ"

ဟု လျှောက်ထားသည်။

"လူတို့ကိုအစိုးရသောမင်းကြီး . . . ကြောက်ရွံ့တော်မမူလင့်၊ ကိလေသာတည်းဟူသောရန်သူကိုမအောင်လျှင် သေမင်းတည်းဟူသောရန်သူကိုမအောင်နိုင်ချေ၊ အလုံးစုံသောရုပ်-နာမ်-သင်္ခါရတရားတို့သည် အမြဲမရှိကုန်ဟူ၍ ဘုရားရှင်ကဟောတော်မူချေသည်၊ ထို့ကြောင့် အလုံးစုံသောသင်္ခါရတို့သည်ပျက်ရမည်သာဖြစ်၍ ဇရာ၊ မရဏ၊ အနိစ္စတို့သည် ရှက်ခြင်း၊ ကြောက်ခြင်းမှကင်းသည်ဖြစ်၍ တန်ခိုးအရှင်ဘုရားသခင်ကိုလည်းကပ်၍ နှိပ်စက်ကုန်၏၊ ထို့ကြောင့် ငါ၏ရုပ်-နာမ်

ခန္ဓာဟူသမျှတို့သည် အမြဲမရှိ၊ ဆင်းရဲအတိသာအစိုးမရချေ တကားဟု နှလုံးထားတော်မူလော့"

ဟုမိန့်ကြားသည်။

"အရှင်ဘုရား. . . ယခုအခါ၌ ငိုကြွေးခြင်းစသည်တို့ သည်တည်ရှိပါ၏၊ မသိခြင်းဗိုလ်ပါအစုသည်ဖွဲ့ပါ၏၊ ပြင်းစွာ တွေဝေခြင်းလှံသည်ထပါ၏၊ ယောင်ယမ်းမြည်တမ်းခြင်းအလံ တံခွန်ကိုမြှောက်ထောင်ပါ၏၊ နှလုံးမသာယာခြင်းစည်ကြီးကို တီးပါ၏၊ ရင်ကိုထုခြင်းတည်းဟူသော ကြွေးနင်းခွက်ခွင်းသည် ဖြစ်၏၊ ပြင်းစွာပင်ပန်းခြင်းတည်းဟူသောခရုသင်းကိုမှုတ်ကုန် ၏၊ မျက်ရည်တည်းဟူသောသွေးတို့ယိုစီးကုန်၏၊ ဒုက္ခဝေဒနာတည်း ဟူသောမှိန်းတို့သည်ထိုးကုန်၏၊ ကာယိကဒုက္ခတည်းဟူသော ဆောက်ပါတ်လက်ရိုက်တို့ကိုဆောင်ကုန်၏၊ ယိတ်လန့်ခြင်းတည်း ဟူသောသံစက်ကိုငင်ကုန်၏၊ ပြိုးပြွမ်းသောတံထွေးတည်းဟူ သောယိုစီးခြင်းရှိ၏၊ သံဝေဂတည်းဟူသောဖရင်းသည် လွှမ်းမိုး ၏၊ သေခြင်းတည်းဟူသောမြားသည်စူးဝင်၏၊ မစ္စုတည်းဟူသော ဆင်သည်နှင်း၏၊ ကုသိုလ်-အကုသိုလ်တည်းဟူသောသူရဲတို့သည် စစ်ထိုးတိုက်ခိုက်ကုန်၏၊ ယမမင်း၏တမန်တို့သည်လှည့်လည် ကုန်၏၊ သေခြင်းတည်းဟူသော စစ်သည်သည်ဖြစ်၏၊ ဤစစ်ကို အောင်ခြင်းငှာစွမ်းနိုင်သောသတ္တဝါမည်သည်မရှိ"

ဟု လျှောက်ထားသည်။

"မင်းကြီး. . . သင်သည်နှစ်ခုမြောက်သောအတိတ်ဘ၀သာမဏေဖြစ်စဉ်ကလည်း ကြီးစွာသောကုသိုလ်သမ္ဘာရသမ္မာဆန္ဒကြောင့် နတ်ပြည်သို့ရောက်ကြောင်း နိမိတ်ထင် လျက် နတ်၏ချမ်းသာကိုပယ်လျက် ဤမင်းအဖြစ်သို့လာ၍ များစွာသောကုသိုလ်ကောင်းမှုတို့ကိုပြုတော်မူသည်၊ မင်းကြီး၏ ဧကရာဇ်အဖြစ်ကိုရတော်မူခြင်းသည်လည်း ဘုရားရှင်၏ သာသနာတော်ကိုထွန်းစိမ့်သောငှာသာလျှင် ပြုတော်မူသည်၊ အလွန်များပြားလှသော ကုသိုလ်ရှိတော်မူသောမင်းကြီး. . . သင်သည်မြတ်သည်၊ မပြတ်ကုသိုလ်ဆည်းပူးတော်မူ၏၊ ယနေ့ ထက်တိုင်အောင်ပြုသောကုသိုလ်တို့ကို အောက်မေ့တော်မူလော့၊ ဤသို့အောက်မေ့က နတ်၏ချမ်းသာသည် လျင်စွာ ရောက်လတ့်"

ဤစကားကိုကြားရသောအခါ မင်းကြီးသည် ဝမ်းမြောက်လှသည်ဖြစ်၍-

"အရှင်ဘုရား. . . အရှင်မြတ်သည် အကျွန်ုပ်၏ နှစ်ကြိမ်သောစစ်ပွဲ၌လည်း အဖော်သဟဲဖြစ်လေသည်"

ဟု လျှောက်ထားသည်၊ ထို့နောက် ကောင်းမှုစာရင်းကို အစဉ် အတိုင်း ဖတ်ကြားစေသည်။

ထိုအလှူစာရင်းဖတ်ပြီးသောအခါ မင်းကြီးသည်-

"ဤအစိုးရသောအခါ၌ ငါလှူခဲ့သောဒါနသည် များစွာရှိလှသော်လည်း စိတ်ကမနှစ်သက်၊ ဝမ်းမြောက်မှုမခံစားရပါ၊ ဆင်းရဲဘေးကိုတွေ့၍ အသက်ကိုမငဲ့ဘဲလှူရသော ဆပ်ဆွမ်းနှင့်စစ်ပြေးဘဝတစ်ယောက်စာလှူရသောထမင်းအလှူကိုသာလျှင် ငါအလွန်နှစ်သက်ဝမ်းမြောက်မိပါ၏"

ဟု ဆိုသည်။

ထိုစကားကို အဘယမထေရ်ကြားလျှင် မင်းကြီးအားကြည်ညိုခြင်းတိုးပွားစိမ့်သောအခါ ထိုဒါနနှစ်ရပ်ကိုပင် ထပ်ကာထပ်ကာ ချီးမွမ်းစကားပြောကြားမိန့်ကြားသည်။

ထိုဆွမ်းနှစ်မျိုးမှာ ကောဋ္ဌဗ္ဗမည်သော ရောဟနဇနပုဒ်မလယအရပ်၌နေသောအခါ အလွန်ရှားပါးသော ဒုဗ္ဘိက္ခန္တရကပ်ကြုံရောက်သည်ဖြစ်၍ လူအမျိုးမျိုးတို့သည် မရိုးသီးကိုပြုတ်၍စားသောက်ကြရသည်၊ ထိုအချိန်ဝယ် မင်းကြီးသည် အဖိုးအနဂ္ဃထိုက်တန်သော နားတောင်းတော်နှစ်ခုကိုပေး၍ ဆပ်ဆန်ကိုဝယ်ယူပြီးလျှင် မလိယမဟာဒေဝမထေရ်အမှူးရှိသော ငါးပါးသောရဟန္တာမထေရ်မြတ်တို့အား ဟင်းလေးယာဂုနှင့်တကွသောဆပ်ဆွမ်းကို သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့သည်။

စူဠဂ်ဏ္ဍိယအပြင်၌ ညီတော်တိဿနှင့်စစ်ထိုး၍ အရေးမလှသဖြင့် ပြေးရသောအခါ တစ်ယောက်စာသောထမင်းကို ရွှေခွက်၌ထည့်၍ စားတော့မည်အပြုတွင် အလှူခံတို့ကို ကြွေးကြော်သဖြင့် ကြွတော်မူလာသောရဟန္တာအရှင်မြတ်အား ကိုယ့်အသက်ကိုမငဲ့ကွက်ဘဲ ရွှေခွက်၌ထည့်သမျှသောထမင်းကို အကုန်လှူလိုက်သည်။

"မင်းကြီး . . . ဆပ်ဆွမ်းကိုအလှူခံခဲ့သော ရဟန်းငါးပါးတို့တွင် မလယအရပ်၌သီတင်းသုံးနေသော မလိယမဟာဒေဝမထေရ်သည် ထိုဆပ်ဆွမ်းကိုခံယူပြီးသော် သုမနတောင်၌နေသော ရဟန်းကိုးရာတို့အားခွဲဝေလှူဒါန်း၍ ဘုဉ်းပေးသည်၊ ကိုယ်တိုင်လည်းသုံးဆောင်၏၊ တလင်္ကအရပ်၌နေသော ဓမ္မဂုတ္တမထေရ်သည် ထိုဆွမ်းကိုအလှူခံပြီးလျှင် ကလျာဏီကျောင်း၌ ရဟန်းငါးရာတို့နှင့်ဝေဖန်၍ဘုဉ်းပေး၏၊ ကိုယ်တိုင်လည်း သုံးဆောင်၏၊ ကလင်္ဂအရပ်၌နေသော ဓမ္မဒိန္နမထေရ်သည် ပိယင်္ဂုကျွန်း၌နေသောတစ်သောင်းသော ရဟန်းတို့နှင့်ဝေခြမ်း၍ ဘုဉ်းပေး၏၊ မင်္ဂလာအရပ်၌နေသော တန်ခိုးကြီးသော ခုဒ္ဒတိဿမထေရ်သည် ကေလာသကျောင်း၌ ခြောက်သောင်းသောရဟန်းတို့အားလှူဒါန်း၍ဘုဉ်းပေး၏၊ မဟာဗျဂ္ဃမထေရ်သည်ဆွမ်းကိုခံ၍ ဥက္ကနဂကျောင်း၌နေသော ခုနစ်ရာသောရဟန်းတို့အား လှူဒါန်းပြီးမှကိုယ်တိုင်လည်း ဘုဉ်းပေး၏။

ရွှေခွက်ဖြင့်ထည့်သော တစ်ယောက်စာသောဆွမ်းကို အလှူခံသော ကုဋ္ဌဗိုကပုတ္တတိဿမထေရ်သည်လည်း တစ်သောင်းနှစ်ထောင်ကုန်သောရဟန်းတို့အား လှူဒါန်း၍ ဘုဉ်းပေးလေသည်”

ဟု အဘယမထေရ်က မင်းကြီး၏စိတ်ကိုကြည်ညိုခြင်း၊ တိုးပွားစိမ့်သောငှာ သုံးဆောင်သောအခြင်းအရာကို မိန့်ဆိုတော်မူသည်။

“အရှင်ဘုရား. . . အကျွန်ုပ်သည် နှစ်ဆယ့်လေးတို့ပတ်လုံး သံဃာတော်တို့အား များစွာကျေးဇူးကိုပြုသည့် ဤသို့သံဃာတော်တို့၏ကျွန်ဖြစ်သော ကျွန်ုပ်၏ရုပ်အစုသည်လည်း သံဃာအားကျေးဇူးများခြင်းငှာဖြစ်စေပါသတည်း၊ ဤမဟာစေတီကိုမြင်ရာအရပ်ဖြစ်သော သံဃာတို့ကံကြီးကံငယ်ပြုရာဥပုသ်အိမ်၌ ကျွန်ုပ်ကိုယ်ကို မီးသဂြိုဟ်ပါလေ”

ဟု မိန့်ကြားတော်မူသည်။

ထို့နောက် မင်းကြီးသည် ညီတော်တိဿကိုခေါ်ပြီး-

“ငါ့ညီတိဿ. . . သင်သည် မဟာစေတီ၌ မပြီးသေးသမျှ အလုံးစုံသောကိစ္စတို့ကို ကောင်းစွာပြီးအောင်လုပ်ပါလေ နံနက်အခါ၊ ညဦးအခါတို့၌ ဤမဟာစေတီတော်ဝယ် ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူခြင်း၊ ပဥ္စင်္ဂတူရိယာဖြင့်ပူဇော်ခြင်းကို ပြုပါလော့၊ ငါသည် ဘုရားရှင်တို့၏သာသနာ၌ အကြွင်းအလှူဝတ် ကိုပြု၏၊

ထိုအလှူဝတ်တို့ကိုလည်း မပျက်မယုတ်အောင် အားထုတ်ရစ်လော့၊ သံဃာတော်ကိစ္စ၌ မမေ့မလျော့ပါလင့်”

ဟု မိန့်တော်မူပြီး တိတ်ဆိတ်ငြိမ်သက်စွာနေသည်။

ထိုအခါ ရဟန်းတော်များသည် မင်းကြီးဘေး၌ တရားများကိုရွတ်ပွားသရဇ္ဈာယ်မှုပြုတော်မူသည်။

ထိုအချိန်ဝယ် နတ်ပြည်မှနတ်ရထားများသည် ဆိုက်ရောက်လာပြီး သူ့ရထားတက်ပါ၊ ငါ့ရထားတက်ပါ ဟု ဖိတ်မန္တကပြုကြသည်။

“အမောင်တို့. . . ငါသည် တရားနာလိုသေးသည်၊ ထိုမျှလောက်ငံ့လင့်ပါဦး”

ဟု ဆိုခြင်းငှာ လက်ဝါးကာခြင်းကိုပြုလေသည်။

သံဃာတော်များသည် တရားသရဇ္ဈာယ်ခြင်းကို မြင်သည်ထင်၍ရပ်နေကြသည်။

“အရှင်ဘုရားတို့ အဘယ်ကြောင့်ရပ်ကြပါသနည်း”

ဟု မင်းကြီးကမေးသည်။

“မင်းကြီးကရပ်စေလို၍ အမှတ်ပေးသည်ထင်၍ ရပ်ပါသည်”

ဟု မိန့်ကြားကြသည်။

"အရှင်ဘုရားတို့တရားရွတ်သည်ကိုရပ်စေလို၍ အမှတ်ပေးသည်မဟုတ်ပါ။ ရထားခြောက်စင်းလာ၍ နတ်တို့ တောင်းပန်သည်ကိုသာ သည်းခံပါဦးဟု အမှတ်ပေးခြင်းသာ ဖြစ်ပါသည်"
ဟု လျှောက်ထားသည်။

ထိုစကားကိုကြားသော် မင်းကြီးသည် သေဘေးမှကြောက်သောကြောင့် ကယောင်ကတမ်းပြောနေသည် ဟု အောက်မေ့ကြသည်၊ လူတို့၏ ထိုသံသယကိုပျောက်စေခြင်းငှာ အဘယမထေရ်က-

"မင်းမြတ်. . . သင်၏အလို့ငှာ ရထားရောက်လာသည်ကို ဘယ်သို့သိနိုင်ပါအံ့နည်း"
ဟုမေးသည်။

"အရှင်ဘုရား. . ပန်းကုံးတို့ကို ဤအရပ်မျက်နှာတို့သို့ ပစ်ပါလော့"
ဟုဆို၍ပန်းတို့ကိုပစ်စေသည်။

ပန်းတို့သည် ရထားလှည်းသံတို့၌ အသီးသီးငြိကုန်ရထားတွဲရရွဲဆွဲလျက်တည်ကြကုန်၏၊ ကောင်းကင်၌ ပန်းကုံးများတွဲရရွဲဆွဲသည်ကိုမြင်မှ လူအများသံသယကင်းကုန်သည်။

"အရှင်ဘုရား. . . နတ်ရွာခြောက်ပြည်တွင် အဘယ်နတ်ရွာသည် မွေ့လျော်ဖွယ်ရှိပါသနည်း"

ဟု မင်းကြီးက အဘယမထေရ်ကိုမေးလျှောက်သည်။

"မင်းကြီး ဘုရားဖြစ်ထိုက်သော မေတ္တေယျဘုရားလောင်းသည် တုသိတာနတ်ပြည်၌နေသည်၊ ထို့ကြောင့် တုသိတာနတ်ပြည်သည် မွေ့လျော်ဖွယ်ရှိသည်" ဟု သူတော်ကောင်းတို့ချီးမွမ်းကြသည်။

အဘယမထေရ်က ဤသို့မိန့်ကြားပြီးသောအခါ မင်းကြီးသည် မဟာစေတီကိုရှုမျှော်ကာ လျောင်းလျက်သာလျှင် မျက်စိမှိတ်တော်မူသည်၊ ထိုခဏမှာပင် စုတေ၍ တုသိတာနတ်ပြည်၌ ဥပပတ်နတ်ကိုယ်သည် ထင်ရှားဖြစ်လေသည်။

မိမိပြုအပ်သော ကောင်းမှုကံ၏အကျိုးတရားကို ထင်ရှားစိမ့်သောငှာ နတ်၏တန်ဆာတို့ဖြင့် လွန်စွာတင့်တယ်သောကိုယ်ကို လူအများအားထင်ရှားပြလျက် မဟာစေတီကို လက်ျာရစ်သုံးပတ်လှည့်၍ စေတီအားလည်းကောင်း၊ သံဃာများအားလည်းကောင်း ရှိခိုးပြီးမှ တုသိတာနတ်ပြည်သို့ တက်တော်မူလေသည်။

ဤဒုဋ္ဌဂါမဏိမင်းကြီးသည် ကျေးမင်းတို့အား စစ်တိုက်ခြင်းကြောင့် များစွာသောအကုသိုလ်ကံတို့ကို ပြုခဲ့ငြားသော်လည်း ထိုအကုသိုလ်ကံတရားတို့သည် အခြားမဲ့သောဘဝ၌ အကျိုးပေးမမြဲသော အနိယတကံဖြစ်၍ များစွာအားကြီးသော

ကုသိုလ်ကံဟာရားက ပိတ်ပင်ထားခဲ့သဖြင့် တုသိတာ နတ်ပြည်သို့ မိမိအိမ်ကဲ့သို့ရောက်ဝင်ရလေသည်သာ။

# ဗိုလ်မှူးကျော်စွာဗလ (ခ) ဖိုးသာချမ်း၏ ပြုံးသေ-သေမင်းခေါ်ခံရပုံ

ဖိုးသာချမ်းသည် ရွှေဘို၊ ညောင်ပင်သာရွာသားတစ်ဦး ဖြစ်ပါတယ်၊ သူဟာ ရွှေလုံ့ဗိုလ်တပ်တွင် ကျော်စွာဗလဟူသော အမည်ဖြင့် ဗိုလ်မှူးတာဝန်ထမ်းဆောင်ခဲ့ရသူတစ်ဦး ဖြစ်ပါတယ်။

၁၈၈၅-ခုနှစ် အင်္ဂလိပ်-မြန်မာတတိယစစ်ပွဲဖြစ်လာ တော့ တောင်ငူစစ်မျက်နှာသို့ စစ်သူကြီးရွှေလုံ့ဗိုလ်နှင့်အတူ ချီတက်ခဲ့ရပြီး တောင်ငူခံစစ်ကို အင်္ဂလိပ်တို့မထိုးဖောက်နိုင် အောင် ကြိုးစားခုခံတိုက်ခိုက်ခဲ့ကြပါတယ်။

သီပေါမင်းပါတော်မူသွားပြီးနောက် ကင်းဝန်မင်းကြီး အမိန့်အရ စစ်သူကြီးရွှေလုံ့ဗိုလ်တပ်များ နေပြည်တော်သို့ ပြန်လည်ဆုတ်ခွာရန် အမိန့်ရောက်လာပါတယ်။

ထိုအခါ စစ်သူကြီးရွှေလုံ့ဗိုလ်က ဗိုလ်မှူးကျော်စွာအား နယ်စပ်ဒေသတွင် တပ်ဖျောက်နေခဲ့ရန်နှင့်အခြေနေစောင့်ကြည့် ရန်ထားခဲ့ပြီး ဗိုလ်မှူးကျော်စွာဗလတို့ဟာ နယ်စပ်ဒေသ နယ်ခြား

ကျောက်တိုင်အနီးမှာ သာမန်အရပ်သားများအဖြစ် ရှာတည်နေခဲ့ကြရပါတယ်၊ လယ်ယာမြေအသစ်များကိုဖော်ထုတ်လုပ်ကိုင်နေခဲ့ကြပြီး တစ်ဘက်ကလည်း ရွှေလုံ့ဗိုလ်ထံမှ မည်သို့သောလမ်းညွှန်ချက်ရောက်လာသည်ကိုစောင့်မျှော်နေခဲ့ကြရပါတယ်။

သို့သော် မကြာခင် သူတို့ထံ အ,မင်္ဂလာသတင်းရောက်လာပါတယ်၊ သူတို့၏ဗိုလ်ချုပ် စစ်သူကြီးရွှေလုံ့ဗိုလ်ကို အင်္ဂလိပ်အစိုးရက ကပ္ပလီကျွန်းသို့ပို့လိုက်ပြီဟူသောသတင်းဖြစ်ပါတယ်၊ သူတို့၏အခြေအနေသည် မျှော်လင့်စရာမရှိ ဖြစ်သွားကြရပါတယ်။

သို့အတွက် ဗိုလ်မျုးကျော်စွာဗလဟာ မိမိတပ်မှလူများကိုအရပ်ဒေသသို့ပြန်လိုက ပြန်ကြရန်နှင့် မိမိမှာမူ ရွှေဘိုညောင်ပင်သာမှ မိမိ၏ဇနီးသားသမီးတို့ကိုပြန်ခေါ်ပြီး ဤကျောက်တိုင်ရွာတွင အခြေချရန်ဆုံးဖြတ်ချက်ချခဲ့ပါတယ်။

မိမိနှင့်အတူနေလိုသူများကိုလည်း ခွင့်ပြုနေထိုင်ခွင့်ပြုခဲ့ပါတယ်၊ တစ်ဘက်ကလည်း တိုင်းပြည်၏အခြေအနေကို စောင့်ကြည့်ရန်ဆုံးဖြတ်ခဲ့ပါတယ်။

ဤသို့ဖြင့် နယ်ခြားကျောက်တိုင်စိုက်ရာနေရာလေးဟာ ကျောက်တိုင်ရွာကလေးဖြစ်ပြီး ဗိုလ်မျုးကျော်စွာဗလတစ်ဖြစ်လဲဖိုးသာချမ်းတို့၏စံပျော်ရာရွာကလေးဖြစ်လာပါတော့တယ်။

ဖိုးသာချမ်းသည် မိမိတို့၏အခြေအနေသည် စစ်တိုက်ရန်မဖြစ်နိုင်တော့သည့်အခြေအနေကိုသိလာပြီး မိမိဘဝကို လယ်ယာလုပ်ငန်းဖြင့် စီးပွားရေးထူထောင်ရန်ဆုံးဖြတ်လျက် လယ်ယာကိုဦးစားပေးလုပ်ကိုင်ခဲ့ပါတော့တယ်။

မကြာခင်ပင် ဖိုးသာချမ်းဟာ လယ်များစွာပိုင်ဆိုင်သော လယ်ပိုင်ရှင်တစ်ဦးဖြစ်လာပြီး သားသမီးများဖြင့်သာယာချမ်းမြေ့စွာနေခဲ့ရပါတော့တယ်။

သားသမီး(၅)ယောက်နှင့် ဥစ္စာစီးပွားပြည့်စုံစွာရှိနေသော ဖိုးသာချမ်းဟာ အသက်(၅၀)အရွယ်တွင် သေမင်းက ခေါ်ရန်အချက်ပြလာပါတယ်၊ ချောင်းတဟွတ်ဟွတ်ဆိုးသော ပန်းနာရောဂါရလာပါတယ်။

ငယ်စဉ်လူပျိုလူရွယ်က တိုင်းရေး ပြည်ရေး စစ်ရေးတို့ဖြင့် အချိန်ကုန်ခဲ့ရ၊ ယခု စစ်ရေးပြီးတော့ မိသားစုစီးပွားရေးဖြင့် လူးလားခေါက်ပြန်ရုန်းကန်နေရသောဘဝမှာ ယခုသေမင်း ရောဂါကပေါ်လာပြီဆိုတော့ ထိုအချိန်က ထိုအရပ်တွင်နာမည်ကြီးသော ဓာတ်စာဆရာ "ဆရာစ" ဆိုသောသမားတော်နှင့် ကုသပါတယ်၊ ဆရာညွှန်းသောအစားအစာကိုစားပါတယ်၊ ရောဂါက သက်သာသလောက်သက်သာလာပါတယ်၊ ဒါပေမယ့် လုံးဝပျောက်ကင်းတော့မရှိပါ။

ထိုအချိန်မှာ ဖိုးသာချမ်းဟာ မိမိသားများကို ကျောင်းထား၊ ပညာသင်ပေးသောမုံရွာဆရာတော်ကလေး ဦးပညာနှင့်တွေ့ဆုံခဲ့ရပါတယ်။

ဆရာတော်ကလေးက ရုပ်-နာမ်-ဓမ္မဖြစ်ပျက်ပုံ၊ ဓမ္မစကြာတရားတော်အရ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊နာရခြင်း သေရခြင်းတရားတို့ကိုဟောပြောပြသည်၊ အာနပါနရှုနည်း၊ သတိပဋ္ဌာန်တရားပွားများနည်းတို့ကို သွန်သင်ဆုံးမမှုပေးပါတယ်။

ထိုအချိန်ကစပြီး ဖိုးသာချမ်းဟာ အာနပါနရှုနည်းနှင့် ဝိပဿနာကိုကြိုးစားအားထုတ်ပါတော့တယ်။

သူသူငါငါသတ္တဝါမှန်သမျှ မိမိတို့ပြုလုပ်သောကံသာလျှင် ဥစ္စာရှိတယ်၊ နေ့စဉ်နှင့်အမျှ မိမိတို့ကြံစည်ပြောဆိုပြုလုပ်တဲ့ကံအရသာလျှင် ဖြစ်နေကြရတယ်၊ ဘယ်သူမှဖန်တီးတာမဟုတ်ဘူး၊ ကိုယ့်ကံကို ကိုယ်ကြိုက်သလိုဖန်တီးနေခြင်းသာဖြစ်တယ်။

"ဘဝဆိုတာရပ်တည်မနေဘူး၊ နေရုံနှင့်မပြီးဘူး သေကြရဦးမယ်၊ ဘယ်သူမဆို တစ်နေ့မုချသေရလိမ့်မယ်၊ သေရတာဟာကြောက်စရာမဟုတ်ဘူး၊ ကြောက်နေလို့လည်း သေမှာမဟုတ်ဘူး၊ နေတတ်ဖို့လိုသလို သေတတ်ဖို့ကလည်း အရေးကြီးတယ်၊ နေတတ်လျှင် အထိုက်အလျောက်သေတက်လာပါမယ်"

ဆရာတော်၏ ဤတရားကို ဖိုးသာချမ်းအလေးအနက်ထားစဉ်းစားပြီး မိမိဘဝအသက်ရှိနေချိန်ကာလအတွင်း မိမိလုပ်သင့်သောဒါန် သီလကိုလုပ်ပါတော့တယ်၊ ကျောက်တိုင်ရွာမှာ ဘုန်းကြီးကျောင်းဖြစ်လာအောင်ဆောင်ရွက်ခဲ့ပါတယ်၊ ကျောင်းပြီးတော့ မုံရွေးဆရာတော်အကူအညီနှင့် ကျောင်းထိုင်ဘုန်းကြီးရအောင်ဆောင်ရွက်ခဲ့တယ်၊ သားငယ်ကို ပဥ္စင်းဘောင်တတ်ပေးခဲ့တယ်။

ဤသို့သော် အာစိဏ္ဏကံ အာသန္နကံကုသိုလ်တွေလုပ်လာတော့ ဖိုးသားချမ်းဟာ စစ်သားဘဝမှာတုံးက သေမှာကြောက်ခဲ့သေးတယ်၊ ယခုတော့ နေတတ်-သေတတ်လာပြီးဖြစ်လို့သေမှာကိုမကြောက်တော့ပါဘူး။

ဇရာ၊ ဗျာဓိကမရပ်မနား သွားနေပြီးနှိပ်စက်ခံနေရတာကိုသိမြင်လာပါတယ်။

ဤသို့ဖြင့် လမ့်နှစ်ချီပြီး ရောဂါနှင့်နပမ်းလုံးပြီး အသက်ရှင်ခဲ့ပါတယ်၊ ဒါပေမယ့် ဖိုးသာချမ်းအဖို့ ဇရာ၊ ဗျာဓိကရင့်လာသလို ဝိပဿနာကျင့်စဉ်တရားကလည်း ရင့်လာပြီးဖြစ်ပါတယ်။

ဖိုးသာချမ်းအသက်(၆၀)မှာ သေဖို့ကြုံလာပါပြီး **သူသေ**ဖို့ကြုံလာတာကို ဖိုးသာချမ်းလည်းသိပါတယ်၊ မိသားစုကမသိ**ကြ**ပါဘူး။

ဖိုးသာချမ်းသေမယ့်ညက သားသမီးတွေကို အကုန်ခေါ်ခိုင်းပါတယ်၊ ရဟန်းဘဝရောက်နေတဲ့သားငယ်ကိုလည်း ပင့်ခိုင်းတယ်၊ သားငယ်ရဟန်းရောက်လာသည်အထိ ရွှင်ရွှင်ပြပြပါဘဲ။

ညနေစာစားပြီးတော့ အောက်လင်းဓာတ်မီးကိုထွန်းခိုင်းပြီး မိသားစုတွေကို ရတနာသုံးပါးမမေ့ဖို့ ဒါန၊ သီလ၊ ဘာဝနာကိုတတ်နိုင်သလောက်ပြုဖို့ မိခင်ကြီးကိုရိုသေစွာ စောင့်ရှောက်လုပ်ကျွေးဖို့မှာပါတယ်။

သားသမီးတွေပြန်လွှတ်ပြီးတော့ သားငယ်ကိုပရိတ်ရွတ်ပေးဖို့နှင့်ပရိတ်နာလိုကြောင်းလျှောက်ထားသည်၊ ဖခင်ခေါင်းရင်းမှာ သားငယ်ကသီတင်းသုံးပြီး ဖခင်ကြီးပရိတ်နာနိုင်ရန် ပရိတ်ကိုဖြေးညှင်းသာယာ ပီသသောအသံဖြင့် ရွတ်ဖတ်ပေးပါတယ်။

ပရိတ်ရွတ်ဖတ်ပြီးတော့ သာဓုခေါ်ပါတယ်၊ သားရဟန်းက ဖခင်၏ထိပ်နားမှအိပ်ယာခင်းပြီး ကျိန်းပါတယ်၊ သားနှစ်ယောက်က ဖခင်ဘေးကအိပ်ကြပါတယ်၊ မိခင်ကြီးခေါ်မှန်းနှင့် သမီး မမင်းသော်တို့က ခြေရင်းနားက အိပ်ကြပါတယ်။

နံနက်အရုဏ်တက်(၄)နာရီခွဲလောက်မှာ တစ်အိမ်လုံး မွှေးလာလို့ သားပဉ္ဇင်းကအရင်သိပြီး အကိုတွေနှင့်အမနှင့်

အမေတို့ကို နှိုးထစေပါတယ်၊ မီးလည်းထွန်းညှိစေပါတယ်၊ မီးလည်းထွန်းပြီးရော အမွှေးနံ့တွေတဖြည်းဖြည်းလျော့သွားပါတယ်၊ ဖခင်ကြီးကြည့်လိုက်တော့ အိပ်ပျော်နေသလိုပါဘဲ၊ အိပ်နေတယ်ထင်ပြီ မည်သူမျှမနှိုးကြပါဘူး၊ မိခင်ကြီးနှင့်နှမက သားကိုဆွမ်းကပ်နိုင်ရန် ဆွမ်းသွားချက်ကြပါတယ်။

သားကြီးနှစ်ယောက်ကလည်း အိမ်အောက်ထပ်ဆင်းသွားကြပါတယ်၊ သားဦးပဥ္စင်းက မိမိဖခင်ကြီးအခြေအနေကို သုံးသပ်ကြည့်မိပါတယ်၊ အမွှေးနံ့တွေရတယ်၊ ပျောက်သွားတယ်၊ မိမိက ဓမ္မိကဥပါသကာကြီးအကြောင်း ကြားသိ သင်ထားရလေတော့ ထိုအကြောင်းကိုသတိရမိတယ်။

ဖခင်ကြီးကို ဒါယကာကြီး လို့လှုပ်နိုးခေါ်မိတယ်၊ "ဒါယကာကြီး. . . ပရိတ်နာဦးမလား၊ ဦးပဥ္စင်းရွက်ပေးဦးမယ်" လို့ မိန့်ကြားတယ်။

ဒါယကာကြီးထံက ဘာသံမျှမကြားရတော့ဘူး၊ နှိုးလို့လည်းမရတော့ဘူး၊ အသက်ရှူ-မရှူ နာဝစမ်းကြည့်တယ်၊ လေတိုးမှုလုံးဝမတွေ့ရတော့ဘူး။

အဲဒီအချိန်ကျမှ သားဦးပဥ္စင်းလည်း စိုးရိမ်စိတ်၊ သောကစိတ်တွေပေါ်လာပြီး အမေ၊ အမနှင့် အစ်ကိုတို့ကို အားချင်းခေါ်ပြောပြရပါတယ်။

အားလုံး ဖခင်အနားသို့စုရုံးရောက်လာကြပါတယ်၊ ဖခင်ကြီးပုံစံက သေပုံမပေါက်၊ အိပ်ပျော်နေသောပုံသဏ္ဍာန်ရောက်နေပါတယ်၊ မျက်နှာက အလွန်ကြည်လင်နေပါတယ်။

ဖခင်ကြီးက လုံးဝကိုနိုးလို့မရတော့ပါဘူး၊ အမွှေးနံ့တွေလှိုင်နေတဲ့အချိန်ကပဲ ဖခင်ကြီးသေသွားတာဖြစ်ပါမယ်။

ထိုအချိန်ကျမှ ဖခင်ကြီးသေပြီဆိုတာကို သိကြ၊ လက်ခံကြပြီး ငိုကြွေးကြပါတယ်။

ဒါပေမယ့် ဖခင်ကြီးဟာ ဇနီး၊ သားသမီးတွေအိပ်ချိန်မှာ ပရိတ်နာပြီး ဘဝကူးသွားရသည့်အတွက် သားသမီးတွေဘက်က သံယောဇဉ်နှောင်ကြိုးကြောင့် ငိုကြွေးပူဆွေးမှု အာရုံတွေပြတ်ရသလို သားသမီးတွေမှာလည်း သောကပူဆွေးမှုသက်သာရစေပြီး ခံသာစေပါတယ်။

ဖိုးသာချမ်းဟာ မည်သူကိုမျှလတ်တလောသောကမဖြစ်စေဘဲ အေးချမ်းစွာဘဝကူးသွားသည့်အတွက် သူ၏ဘဝကူးမှု၊ သေဆုံးမှုဟာ (သို့မဟုတ်)သေမင်းခေါ်မှုဟာ "ပြုံးသေ" ခေါ်မှုလို့ဆိုရပါမယ်။

# မေမေ၏ ချမ်းမြေ့စွာသေခြင်းနည်း

ကျွန်မတို့မိသားစုဘဝကိုကြည့်လျှင် ဖေဖေက ကျောင်းဆရာတစ်ဦးပါ၊ မေမေက မအူပင်နယ်ဘက်က မိဘမဲ့တောသူတစ်ဦးပါ၊ ရန်ကုန်-မြောက်ဥက္ကလာပမြို့နယ်မှာ စက်ချုပ်အတတ်သင်ယူပြီး စက်ချုပ်နေရာမှ ဖေဖေနှင့်တွေ့ပြီး လက်ထပ်ခဲ့သူဖြစ်ပါသည်။

မေမေက ငယ်စဉ်ကတည်းက ဘဝနာခဲ့သူဆိုတော့ မိမိဘဝအတွက် မမျှော်လင့်ထားသော ပညာတတ်ကျောင်းဆရာတစ်ဦးနှင့်ညားခဲ့၍လည်းကောင်း၊ ကိုယ့်အိုးကိုယ့်အိမ်နှင့် သပ်ရပ်သီးသန့်စွာနေရသဖြင့်လည်းကောင်း မေမေသည် ဖေဖေကိုလင်လိုတစ်မျိုး၊ ဆရာလိုတစ်မျိုး၊ ကျေးဇူးရှင်လိုတစ်မျိုးသတ်မှတ်ပြီး ရိုသေစွာပြုစုခဲ့ပါသည်။

ဖေဖေကလည်း မေမေကို မိဘမဲ့မိန်းကလေးတစ်ဦးဖြစ်၍ မယားလိုတစ်မျိုး၊ တပည့်လိုတစ်မျိုး၊ နှမငယ်လိုတစ်မျိုးဖြင့် စောင့်ရှောက်ခဲ့ပါသည်။

ကျွန်မကိုမွေးပြီးသောအခါ ဖေဖေသည် မူလတန်းကျောင်းအုပ်ဖြစ်နေပါပြီ၊ မေမေကလည်း တစ်ဘက်တစ်လမ်းကစက်ချုပ်ပါသည်၊ ဖေဖေ၏တပည့်မတွေထဲက ဆင်းရဲ၍ကျောင်းဆက်မတက်နိုင်သောမိန်းကလေးများကို မေမေသည်

သင့်တော်သောနှုန်းဖြင့် စက်ချုပ်ပညာသင်ပေးပါသည်၊ တတ်မြောက်သွားသောအခါ အလုပ်ရုံ၊ စက်ရုံများသို့ ဖေဖေက သွင်းပေးပါသည်။

ဤသို့ဖြင့် ကျွန်မတို့မိသားစုဘဝလေးသည် မချမ်းသာသော်လည်း မဆင်းရဲဘဲ ပြည့်အသိုင်းအဝိုင်းအခြံအရံများ ဖြင့် ချမ်းမြေ့လှပါသည်။

သို့သော် ဘဝဟူသည် ဖြစ်ပျက်တို့ဖြင့် မရပ်မနားဖြစ်ပျက်နေသောသဘာဝတရားဖြစ်သည် ဟုဆိုသည့်အတိုင်း ကျွန်မ(၆)နှစ်သမီးအရွယ်တွင် ဖေဖေသည် ဒီဇင်ဘာကျောင်းသားပွဲတော်အောင်ဆန်းကွင်းသို့တာဝန်သွားထမ်းဆောင်ရင်း အပြန်တွင်ကားတိုက်ခံရ၍ ရုတ်တရက်ကွယ်လွန်သွားခဲ့ရပါသည်။

ကျွန်မတို့ သားအမိဘဝကံဆိုးမိုးမှောင်ကျခြင်းဖြစ်ပါသည်၊ မေမေသည် လောကဓံကိုကြံ့လာခဲ့သူဖြစ်၍ ဖေဖေဆုံးပါးသည်ကိုကြာရှည်စွာခံစားမနေတော့ဘဲ ဖေဖေ့ရင်သွေး ကျွန်မဘဝရှေ့ရေးအဆင်ပြေမှု၊ ပညာဆက်လက်သင်ကြားနိုင်မှုတို့ကိုသာ ကြိုးစားစီမံပါတော့သည်။

ဖေဖေဆုံးပါးစဉ်က မေမေ့အသက်သည်(၂၈)နှစ်အရွယ်၊ အရွယ်ကောင်းတုန်းအချိန်ဖြစ်၍ မေမေ့ကိုစောင့်ရှောက်လိုသူများ၊ ကယ်ဆယ်လိုသူများ အလွန်ပင်ပေါများပါသည်။

အမေက ငါ့သမီးလေးဘဝကို ပထွေးလက်ထဲမအပ်လို၊ ပထွေးရှေ့မှာသိမ်ငယ်တာမဖြစ်စေလိုဟူသော ကြီးမားသော မိခင်မေတ္တာစာတ်ဖြင့် ထိုကယ်ဆယ်လိုသူ၊ စောင့်ရှောက်လိုသူများကို ညင်းပယ်ခဲ့ပြီး တစ်ဘက်ကအိမ်ဆိုင်လေးဖွင့်၊ တစ်ဘက်ကလည်း စက်ချုပ်ပညာသင်ကျောင်းကိုဖွင့်လှစ်ခဲ့ပါသည်၊ ထိုမှရသောဝင်ငွေကလေးဖြင့် ကျွန်မဘဝကို ဘွဲ့ရသည်အထိ မြေတောင်မြှောက်ခဲ့ပါသည်။

ကျွန်မလည်း ပညာတတ်ဘွဲ့ရလာသောအခါ မိမိ၏ မြို့နယ်မှာပင် ကျောင်းဆရာမ အလုပ်ဝင်လုပ်ပြီး မိခင်ကြီးကို တစ်ဘက်တစ်လမ်းက ကူညီပေးခဲ့ပါသည်၊ မေမေက ကျွန်မအတွက်ငဲ့ပြီး နောက်အိမ်ထောင်မပြုဘဲစောင့်ရှောက်ခဲ့သလို ကျွန်မကလည်း မေမေ့တစ်သက်အိမ်ထောင်မပြုဟု ဆုံးဖြတ်ပြီး မေမေနှင့်ချမ်းမြေ့စွာနေထိုင်လုပ်ကိုင်ခဲ့ပါသည်။

ကျွန်မကိုလက်ထပ်လိုသူများပေါ်ခဲ့ပါသည်၊ မေမေကလည်း ကျွန်မကိုအထီးကျန်ဖြစ်နေမည်ကိုစိုးရိမ်၍ အိမ်ထောင်ပြုရန်တိုက်တွန်းခဲ့ပါသည်၊ ကျွန်မသည် ကျွန်မဆုံးဖြတ်ချက်ကို မပြင်ခဲ့ပါ။

ဤသို့နေထိုင်လာခဲ့ရာ ကျွန်မသည်လည်း အပျိုဟိုင်းကြီးဘဝရောက်ခဲ့ပြီးဖြစ်သလို အမေ့ဘဝသည်လည်း ဇရာပိုင်းသို့ချဉ်းနင်းဝင်ရောက်ခဲ့ရပါပြီ။

ကျွန်မသည် မေ့မေ့ကို မဟာစည်တရားရိပ်သာသို့ ပို့ရန်ဖြစ်လာပါသည်၊ အရွယ်ရှိစဉ်ကမူ မေမေသည် ဒါနကို တတ်နိုင်သလောက်ပြုပါသည်၊ နိစ္စပတ်သံဃာဆွမ်းကိုလောင်း လှူပါသည်၊ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်မှုကိုပြုပါသည်။

"ငါ့ဘဝ အတိတ်က ဒါန၊ သီလနည်းခဲ့လို့ မိကွဲ-ဖကွဲ နှင့် ဆင်းရဲဒုက္ခရောက်နေရတာ၊ ဒီဘဝမှာတော့ ငါနိုင်သရွေ့ ဒါန၊ သီလကိုပြုမည်"

ဟု မကြာခဏပြောပြီး ဒါန၊ သီလပြုပါသည်။

မေမေ၏အသိဉာဏ်ထဲတွင် သူမဘဝအတိတ်ကုသိုလ် ကံမကောင်း၍ မိဘမဲ့ဖြစ်ရသည်၊ သီလလေးကောင်း၍ ဥပမိ သမ္ဘတ္တိသင့်တင့်ပြီးပညာတတ်ကျောင်းဆရာယောကျ်ားကို ရခဲ့ ရသည်၊ သို့သော် အတိတ်ကုသိုလ်ကံက ဆက်လိုက်နေ၍ လင်သားနှင့် အိုအောင်မင်းအောင်မပေါင်းရ ဟု သူမယုံကြည် ထားသည်။

ထိုကံဆိုးကိုလွတ်မြောက်အောင် ဒါနပြုမည်၊ သီလ ဆောက်တည်မည်၊ မေမေ၏ယုံကြည်မှုသည် ဤမျှသာရှိခဲ့ပါ သည်။

ယခု မေမေသည် ဇရာထောင်းခဲ့ချေပြီ၊ ဥပုသ်စောင့် တရားနာလာရာမှ စာပေအသိတရားမရှိသော်လည်း နာဖူး-ကြား ဖူးသောအသိဖြင့် ဝိပဿနာကိုနားလည်သလိုလို ရှိလာသည်။

သို့အတွက် မေမေသည် ယခင်ကသူခံစားခဲ့ရသော ကုသိုလ်ကံ-အကုသိုလ်ကံထက် ဤသံသရာကလွတ်မြောက်သောနိဗ္ဗာန်ကိုဝိုးတဝါးသဘောပေါက်လာသည်၊ ထိုတရားကို ကျင့်လိုသည် တရားခွေများကိုနာကြားလာသည်၊ ကျွန်မက ပရိတ်၊ ပဋ္ဌာန်းကိုနှုတ်တိုက်သင်ပေးထား၍ ပရိတ်၊ ပဋ္ဌာန်းကို ရွတ်ဖတ်ပူဇော်တတ်လာပါသည်။

မဂ်-ဖိုလ်-နိဗ္ဗာန်ကို ဝိုးတဝါးသိသောအသိကို အသုံးချကာ မေမေက ကျွန်မကိုတရားရိပ်သာစခန်းကိုဝင်လိုကြောင်း ပြောပြလာသည်၊ ကျွန်မက မေမေ့ကို ကျွန်မအတွက်ကြောင့် ကြမှုမရှိရန်၊ နောက်ဆံတင်းမှုမရှိရန်ပြောကြားပြီး မေမေ့ကို မဟာစည်တရားရိပ်သာသို့ပို့ပေးပြီး လိုအပ်တာများကိုကူညီထောက်ပံ့စောင့်ရှောက်ပေးခဲ့ရပါသည်။

မေမေသည် တရားစခန်းသို့(၉)ကြိမ်၊ (၁၀)ကြိမ်မျှ ဝင်ပြီးသောအခါ တရား၏အနှစ်သာရကို သိသွားပါသည်၊ သံသရာဝဋ်ကိုလည်း သဘောပေါက်လာသည်။

မေမေသည် စာမတတ်-ပေမတတ်အန္ဓပုထုဇဉ်မှ ကလျာဏပုထုဇဉ်အဆင့်သို့ ဝင်လာသည်ဟု ထင်ပါသည်။

ကလျာဏပုထုဇဉ်သည် ကမ္မနိယာမကို ဉာဏ်ဖြင့် ထိန်းချုပ်နိုင်သူ ဟု ဆိုပါသည်။

သတ္တဝါမှန်သမျှကံသာလျှင် ဥစ္စာ၊ ကံသာလျှင်အမိ၊ ကံသာလျှင်အဖ ဟူသောသဘောဖြင့် မိမိ၏ဘဝကို ကံ၏ လက်ထဲသို့ ထိုးမအပ်တော့ပါ။

ကံသာလျှင် ဥစ္စာ-အမိ-အဖဖြစ်သည်မှန်သော်လည်း ဉာဏ်သာလျှင် အမိ၊ ဉာဏ်သာလျှင် အဖ ဟူသောအမြင်သစ်ဖြင့် ကံကို မိမိ၏ဉာဏ်အတိုင်းဖြစ်လာစေရန် မိမိ၏ဘဝကို ဉာဏ်လက်ထဲသို့ထိုးအပ်လာတတ်ပါသည်။

ထိုအခါ ဒါန၊ သီလ၊ ဘာဝနာတရားတို့ကို ဉာဏ်ဖြင့် ယှဉ်၍ ပြုလုပ်ဆောင်ရွက်တတ်လာသည်။

ဤသည်မှာ ကလျာဏပုထုဇဉ်ဘဝ၏သဘာဝအမှန် ဖြစ်သည်၊ မျက်ကန်းအန္ဓပုထုဇဉ်များက ဒါနကိုဘဲလုပ်လုပ်၊ သီလကိုဘဲဆောက်တည်-ဆောက်တည်၊ ဘာဝနာကိုဘဲပွားပွား၊ "ငါ"ကိုရှေ့တန်းတင်ပြီး သံသရာသုခချမ်းသာကို မျှော်လင့်ပြီး လုပ်ဆောင်ကြခြင်းသာများသည်။

ထိုသူများသည် ကံကိုမိမိက လွှမ်းမိုးနိုင်ရန် ကမ္မနိယာမကိုမသိခဲ့သဖြင့် ကံကသာလျှင် မိမိတို့ကိုလွှမ်းမိုးခံရပြီး တစ်ဘဝပြီးတစ်ဘဝ သံသရာလည်ရတော့သည်၊ မိမိက ကံကို မလွှမ်းမိုးနိုင်သမျှ မိမိကို ဘယ်ဘုရားကမျှ ဤသံသရာက လွတ်အောင်မလုပ်နိုင်ပါ။

မျက်ကန်းအန္ဓပုထုဇဉ်ဘဝကို နှိုင်းယှဉ်ကြည့်လျှင် နွေရာသီရောက် ရွက်ကြွေသစ်တော၏ သစ်ရွက်ဝါနှင့်ဖမာ တူလှပါသည်၊ သစ်ရွက်ဝါတို့သည် တောင်လေတိုက်လျှင် မြောက်ဘက်သို့ကြွေကျရကုန်သည်၊ မြောက်လေတိုက်လျှင် တောင်ဘက်သို့ကြွေကျရရှာသည်၊ လေက လေရူးတိုက်ချင်သည့်ဘက်မှ တိုက်၏၊ မည်သည့်ဘက်က တိုက်သည်ဖြစ်စေ၊ ရွက်ဝါတို့သည် တိုက်လေ၏လမ်းကြောင်းအတိုင်းသာလိုက်၍ ကြွေကျကုန်ရသောသဘောရှိကြသည်။

ထိုသို့ရွက်ဝါများကြွေကျကြရာ၌ လွင်ပြင်သို့ကျခြင်းလည်းကျမည်၊ ချောက်ထဲသို့ကျခြင်လည်းကျမည်၊ သန့်ရှင်းသောနေရာ၌ကျခြင်လည်းကျမည်၊ ညစ်ပတ်သောနေရာ၌ ကျခြင်လည်းကျမည်၊ သတ်မှတ်ချက်မရှိ လေတိုက်ရာအလိုက်လိုက်၍ ကျရရှာသည်။

အလားတူပင် မျက်ကန်းအန္ဓပုထုဇဉ်သည် ကံကို ပြုလုပ်သောအခါ-

- တကာယ်ရှိသောရုပ်နာမ်တရားတို့နှင့် ယင်းတို့၏ ကြောင်းကျိုးဖြစ်စဉ်ကိုလည်းကောင်း
- ခဏမစဲ တစ်လစပ်ဖြစ်-ပျက်မှုသဘောကို လည်းကောင်း

နှလုံးမသွင်းဘဲ ဘဝချုပ်ငြိမ်းရေးအတွက် မရည်ရွယ်ဘဲ ဘဝ သံသရာစည်ပင်ချမ်းသာရေးကိုသာ ရည်ရွယ်ဆုတောင်းပြီး အမှတ်မှား၊ အသိမှား- အယူမှား (သညာဝိပ္ပလ္လာသ၊ စိတ္တ ဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသ)တို့ဖြင့် တကယ်မရှိသော "ငါ"(အတ္တ) ကိုရှေ့တန်းတင်ပြီး လုပ်မိခဲ့သဖြင့် ထိုကံသည် နွေရာသီ၏လေဦး လေရူးသဖွယ်ဖြစ်လာရပါတော့သည်။

ထို့ကြောင့် အန္ဓပုထုဇဉ်ဘဝသည် ယနေ့ ဧကရာဇ် ဘုရင်ဖြစ်နေရာမှ နက်ဖြန် အကျဉ်းသားဖြစ်သွားနိုင်သည်၊ ယနေ့ နတ်မင်းပြဟ္မာပြည်မှာတဝင်းဝင်း-ဝက်စားကျင်းမှာ တရှုပ်ရှုပ် ဆိုသည်မှာ ဤသဘောကိုဆိုလိုခြင်းဖြစ်ပါသည်။

အန္ဓပုထုဇဉ်တို့၏ ထိုကဲ့သို့ မတည်ငြိမ်သောဘဝကို ပရမ်းပတာကျချင်သလိုကျသွားနိုင်သောဘဝ (ဝိနိပါတဘေး) ဟု ဆိုပါသည်။

ဖြစ်ချင်သလိုဖြစ်အောင် သတ်မှတ်၍မရကောင်းသော ဘဝ(အနိယတဂတိက)ဟူ၍လည်း ဆိုပါသည်။

ဤသို့ဖြစ်ရခြင်းမှာ ကံကိုထိန်းချုပ်နိုင်သော ကမ္မနိယာ မကို မသိသောကြောင့်ဖြစ်ပါသည်၊ အမှန်မှာ ကံကို အရိယ သစ္စာအားလျော်သော "သစ္စာနုလောမိက" ဉာဏ်ဖြင့်သာ ထိန်းချုပ်နိုင်ပါသည်။

သစ္စာနုလောမိကဉာဏ်ဆိုသည်မှာ သံသရာမှလွတ်မြောက်ရန်အတွက် ကံကိုဖြတ်တောက်သောဉာဏ်ဖြစ်ပါသည်။ ကံကိုဖြတ်မှ ဘဝပြတ်ပါမည်၊ ကံရှိနေသေးလျှင် ဆိုင်ရာဆိုင်ရာ ဘဝကို အကျိုးပေးမည်သာဖြစ်ပါသည်၊ ဘဝမပြတ်သရွေ့ သံသရာမှလွတ်မြောက်ရန်မဖြစ်နိုင်ပါ။

ကံကိုဖြတ်ရာ၌ အရေးကြီးဆုံးသောအချက်မှာ ဘဝကို တောင့်တတတ်သော သမုဒယသစ္စာ ခေါ် တဏှာကို ကင်းသည်ထက်ကင်းအောင် နောက်ဆုံးအမြစ်ပြတ်သွားအောင် သမ္မာဒိဋ္ဌိအမြင်ဖြင့် ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

သမ္မာဒိဋ္ဌိအမြင်ဖြင့် ဆောင်ရွက်နိုင်ရန် ဘဝကိုတည်ဆောက်ထားသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌ မမြဲ၊ ဆင်းရဲ၊ အစိုးမရ (အနိစ္စ-ဒုက္ခ-အနတ္တ)တရားတို့ကို ကိုယ်တိုင်ကိုယ်ကျမြင်ဖို့လိုပါသည်။

- အနိစ္စကိုမြင်လျှင် မာနကွာပါ၏
- ဒုက္ခကိုမြင်လျှင် တဏှာကွာပါ၏
- အနတ္တကိုမြင်လျှင် ဒိဋ္ဌိကွာပါ၏

အမှန်အားဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိတရားတို့သည် ကိလေသာတရားများ၏ ဦးစီးခေါင်းဆောင်ဖြစ်၏၊ ထိုတဏှာ၊ မာန၊ ဒိဋ္ဌိတို့ကွာလျှင် ကျန်သောကိလေသာတရားများလည်း ကွာပြီးဖြစ်၏။

ထိုအခါ ကိလေသာအပူများငြိမ်းသည်နှင့်အမျှ စစ်မှန်သောငြိမ်းချမ်းမှုကိုရပါတော့သည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တအမှန်တရားများကို ကိုယ်တိုင်ကိုယ်ကျသိလာသောအခါ မှားယွင်းသောအမြင်ကွာပါသည်၊ မှားယွင်းသောအမြင်ကွာသောအခါ အမြင်မှားမရှိတော့သဖြင့် စစ်မှန်သောအသိကိုရပါတော့သည်။

စစ်မှန်သောအသိကိုရသည်နှင့်တစ်ပြိုင်နက်တည်း ဘဝနှင့်ပတ်သက်သောစည်းစိမ်ချမ်းသာဟူသမျှကို "အတုချမ်းသာ" အဖြစ်မြင်ပါတော့သည်၊ ယင်းနေရာတွင် စစ်မှန်သောချမ်းသာကို မျက်ဝါးထင်ထင်တွေ့မြင်ရပါတော့သည်၊ ဤသည်မှာ သစ္စာနုလောမဉာဏ်ဖြင့် ကံကိုထိန်းချုပ်ခြင်းဖြစ်ပါသည်။

ကံကိုထိန်းချုပ်နိုင်သောနည်းကို သိပါမှ မိမိ၏ဘဝအတွက် ရွှေဦးရွက်ကြွေသစ်တော၏ရွက်ဝါကဲ့သို့ တိုက်လေအရပ်ပရမ်းပတာကျရသော "ဝိနိပါတဆေး"မှလွတ်မြောက်ကာ တစ်ဆင့်ပြီးတစ်ဆင့်ပို၍-ပို၍မြင့်မားသော ပို၍-ပို၍ စစ်မှန်သောချမ်းသာအသိနှင့် ငြိမ်းချမ်းမှုကိုရနိုင်ပါမည်။

မေမေသည် မဟာစည်ဝိပဿနာရိပ်သာမှ ကံကိုထိန်းချုပ်နိုင်သော သစ္စာနုလောမိကဉာဏ်ကိုရပြီးသောအချိန်မှစ၍ ထိုဉာဏ်ဖြင့်ပင် ဒါနကိုလည်းပြုပါသည်၊ သီလကိုလည်း ဆောက်တည်ပါသည်၊ ဘာဝနာကိုလည်းပွားပါသည်။

ရတနသုတ်၌ သောတာပန်ဘဝသည် အရပ်လေးမျက်နှာမှတိုက်ခတ်လာသောလေပြင်းမုန်တိုင်းတို့ကြောင့် တုန်လှုပ်ခြင်းမရှိသောကျောက်တိုင်နှင့်တူသည် ဟု ဘုရားရှင်က ဟောကြားခဲ့ပါသည်။

မေမေသည် သောတာပန်အဆင့်ရောက်သည်-မရောက်သည်ကိုတော့မသိပါ၊ ကလျာဏပုထုဇဉ်အဆင့်ကနေ သောတာပန်အဆင့်ကတော့ရှိမည်ဟူ၍တော့ မှတ်ထင်ထားမိပါသည်။

မေမေ၏ဘဝသည် ကံကိုထိန်းချုပ်လာနိုင်၍ ရွက်ဝါနှင့်မတူတော့ဘဲ ခိုင်မာသောကျောက်တိုင်နှင့်တူပြီ ဟု ကျွန်မထင်မြင်မိပါသည်။

မေမေ၏တရားအားထုတ်မှုသက်တမ်းကလည်း (၁၀) နှစ်ကျော် (၁၅)နှစ်ထဲ ဝင်လာခဲ့ပြီးဖြစ်သည်။

မေမေအသက်(၅၅)နှစ်တွင် တရားစခန်းရက်ရှည်ဝင်ပါသည်၊ တရားစခန်းရက်ရှည်ဝင်၍ (၁)လကြာပြီးတွင် တစ်နေ့သောညနေချိန်၌ မေမေသည်မိမိအထုပ်အပိုးများနှင့်အတူ အိမ်သို့အငှားကားဖြင့် ရောက်ရှိလာပါသည်။

ကျွန်မနှင့် စက်မှုပ်သင်တပည့်မများမှာ တအံ့တဩနှင့် မေမေ့ကို ဝမ်းသာတလဲကြိုဆိုကြပါသည်။

ကျွန်မကတစ်ဘက်က မေမေပြန်လာ၍ ဝမ်းသာမိပ်သည်၊ တစ်ဘက်ကစဉ်းစားမိတော့ တရားမွေ့အားထုတ်မှုနှင့် မွေ့လျော်နေသောမေမေသည် ယခုရက်ရှည်ဝင်မည်ဆိုပြီးသွားကာမှတစ်လအကြာ ရုတ်တရက်အကြောင်းမကြား ဘာမကြား ပြန်လာ၍ တစ်ခုခုများပြဿနာဖြစ်လားသလား ဟု သံသယစိတ်ဝင်လာပါသည်။

မေမေ့ကိုအကဲခတ်ကြည့်တော့လည်း ကြည်ကြည်သာသာ တည်တည်ငြိမ်ငြိမ်ကြွနေ့ပျက်သော မျက်နှာအမူအရာဘာမျှ မတွေ့ရပါ။

ကျွန်မက မေမေ့ကိုနေရာချပေးရင်း-

"မေမေ. . ရက်ရှည်တရားစခန်းဝင်မည်ဆိုပြီး အခုမှ တစ်လဘဲရှိသေးတယ်၊ ဘာဖြစ်လို့ပြန်လာတာလဲ"

ဟု စိုးရိမ်မကင်းသံဖြင့် မေးမိသည်။

"ဘာမှမဖြစ်ပါဘူး သမီးရဲ့. . . မေမေပြန်လာချင်လို့ ပြန်လာတာပါ၊ သမီး ဒီညနေ ဘာတွေချက်ထားသလဲ၊ မေမေ့ကိုဖွယ်ဖွယ်ရာရာလေးလုပ်ကျွေးပါလား၊ သမီးလေး ကုသိုလ်ရအောင် မေမေစားပေးမယ်လေ"

မေမေ၏စကားသည် ထူးတော့ထူးဆန်းနေပါသည်၊ သို့သော် ပကတိအကောင်းချည်းဖြစ်နေ၍ မေမေ သူပြန်လာ

တာကိုကျွန်မ စိတ်မကောင်းခံစားနေရတာကိုသိ၍ နှစ်သိမ့်ချော့မော့သည့်အနေနှင့်ပြောသည်ဟု ထင်မြင်လိုက်မိပါသည်။

ကျွန်မသည် မေမေစိတ်ဆင်းရဲမှာစိုး၍ ဘာမျှထပ်မမမေးတော့ဘဲ သူစားချင်တာကိုသာမေးပြီး တပည့်မတစ်ယောက်ကိုအားချင်းဈေးသွားဝယ်စေကာ ချက်ပြုတ်ကျွေးမွေးပါသည်။

မေမေသည် ထမင်းစားကာနီး ရေမိုးချိုး သနပ်ခါးလိမ်းကာ အဝတ်အစားအသစ်များကိုချုဝတ်ပါသည်၊ ကျွန်မကျွေးတာကိုလည်း ပြုံးရွှင်စွာနှင့်စားပါသည်။

"ငါ့သမီးလေး မေမေ့ကိုပြုစုလုပ်ကျွေးရတဲ့ကုသိုလ်ကြောင့် ဤသံသရာဝဋ်ဆင်းရဲမှကျွတ်လွတ်နိုင်သောသူ ဖြစ်ပါစေ"

ဟု စားပြီး ဆုပေးပါသည်၊ ထို့နောက် ခဏတစ်ဖြုတ်နေပြီး ဘုရားခန်းဝင်ကာ တရားထိုင်ပါတော့သည်။

ည(၉)နာရီတရားထိုင်အပြီးတွင်-

"သမီးရယ် . . . မေမေ့ကို အိပ်ယာခင်းအသစ်၊ ခေါင်းအုံးစွပ်အသစ် လဲပေး သား"

ဟု ပြောပါသည်။

ကျွန်မကလည်း မေမေ့ဆန္ဒအတိုင်းလုပ်ပေးပါသည်၊ မေမေ၏ ပြုမူပြောဆိုပုံများသည် ထူးတော့ထူးနေပါသည်၊ သို့သော် ကျွန်မအလေးအနက်ထားမစဉ်းစားမိပါ။

မေမေက အိပ်ကာနီးတွင် ကျွန်မကိုသူမအနီးသို့ ခေါ်ပြီး-

"သမီး . . သမီးအဖေရဲ့ဘဝကို မေမေအလွန်သနားတယ်၊ သူ့ဘဝထောက်တည်ရာမရဘဲနဲ့ ရုတ်တရက်ကွယ်လွန်သွားရတယ်၊ ကျေးဇူးရှင်ကြီးကို မေမေဘာမျှကျေးဇူးမဆပ်လိုက်ရဘူး၊ ငါ့သမီးကိုတော့ မေမေ အမွေပေးခဲ့ရပါစေ၊ ယခုလက်ရှိပစ္စည်းဆိုတာ တစ်ဘဝအတွက်သာ အသုံးဝင်တာပါ။ သံသရာအသုံးဝင်ဖို့အတွက် သမီးအနေနှင့်ဝိပဿနာတရားကိုအားမထုတ်ချင်သော်လည်းအားထုတ်ပါ။ ဝတ္တရားတစ်ခုအနေနှင့်တတ်နိုင်သမျှအားထုတ်ပါလို့ မေမေမှာချင်တယ်၊ ဒါပါဘဲသမီး၊ သမီးလုပ်စရာရှိတာသွားလုပ်၊ ပြီးတော့အိပ်ပါ၊ မေမေလည်း အိပ်တော့မယ် "

မေမေသည် ကျွန်မကို ဤကဲ့သို့ တည်ငြိမ်အေးဆေးစွာမှာပါသည်၊ ကျွန်မကလည်း ယနေ့ မေမေ ထူးထူးခြားခြားတွေမှာကြားပြောနေပါသည်၊ ဘာဖြစ်လို့ပါလိမ့် ဟု သာမန်သာစဉ်းစားမိပါသည်၊ လူက ပကတိကောင်းနေတော့ စိုးရိမ်စိတ်မဝင်မိပါ။

ကျွန်မလည်း အလုပ်ကိစ္စများပြီးသောအခါ မေမေ အိပ်နေသည်ကို ခဏဝင်ကြည့်ပြီး မိမိအခန်းပြန်ကာ အိပ်ပါသည်။

နောက်နေ့အရုဏ်တက် မေမေဆွမ်းကပ်နိုင်ရန် စော စောထပြီး ဆွမ်းချက်ပါသည်၊ ဆွမ်းပွဲကိစ္စအားလုံးပြီးစီးသော အခါ ယခင်ကဆိုလျှင် (၄)နာရီကျော် (၅)နာရီပတ်ဝန်းကျင် ထနေကျမေမေသည် ယခုမထ၍ ကျွန်မသည် အမေ၏အခန်း သို့ဝင်ကာ အမေကိုအသံပြုနှိုးမိပါသည်။

ယခင်က အိပ်ယာထ၊ အိပ်ယာနိုးအလွန်ဆပ်သော မေမေသည် ယခု ကျွန်မနှစ်ခွန်း-သုံးခွန်းခေါ်သည်ကိုပင် မနိုး၊ သာမန်နှစ်ခြိုက်စွာအိပ်ပျော်နေသကဲ့သို့ပင် ရှိနေပါသည်။

ကျွန်မသည် အမေ့ကိုသံသယဝင်မိ၍ သွားရောက် လှုပ်နှိုးမိပါသည်၊ မေမေ့ကိုလုံးဝနှိုးမရတော့ပါ။ မေမေဆုံးပါပြီ၊ ဘယ်အချိန်ကဆုံးလည်း ကျွန်မ မသိပါ၊ မေမေ့ကို အမျိုးမျိုး စမ်းသပ်ကြည့်ပါသည်၊ မရတော့ပါ။

မေမေဟာ ညကပင်တည်ငြိမ်စွာကွယ်လွန်သွားခဲ့ပါပြီ၊ ကျွန်မသည် ထိုအခါကျမှပင် တပည့်မများကို အရေးတကြီး နှိုးပြီး အသိပေးရပါသည်။

တစ်အိမ်လုံးလည်း ပွက်လောရိုက်သွားရပါတော့သည်၊

မေမေသည် ညက ကျွန်မကိုမှာသည်နေသည်ကို ယခုမှသဘော ပေါက်မိပါတော့သည်၊ ကျွန်မစိတ်ဆင်းရဲမှာစိုး၍ ကျွန်မရှေ့တွင် သေမပြဘဲ တိတ်ဆိတ်သောညကာလ တစ်ဦးတည်းတည်ငြိမ်စွာ အသက်ထွက်သွားပါသည်၊ မေမေအတွက် ရက်လည်ဆွမ်းကျွေး သောအခါမှ ဆရာတော်ကို မေမေပြန်လာခြင်းအကြောင်းကို လျှောက်ထားမေးမြန်းမိသည်။

"ဒါယကာမကြီးက ဘုန်းကြီးကို အရှင်ဘုရားတို့မှာ ယောဂီတွေတရားပြရတာနှင့် ကိစ္စဝိစ္စတွေများပါတယ်ဘုရား တပည့်တော် ဒုက္ခမပေးလိုတော့ပါဘူး၊ အိမ်ပဲပြန်ပါရစေတော့ ဘုရား-လို့ လျှောက်ထားပြီး ပြန်သွားတာပါဘဲ၊ ဘာကြောင့်လဲ မေးတော့လည်း မလျှောက်ထားမပြောဘူး၊ ခွင့်သာပြုပါဘုရား လို့ပြောပြီး ပြန်တာဘဲ၊ ဘုန်းကြီးကလည်း သူ့ဆန္ဒအတိုင်းလိုက် လျောလိုက်တာပါဘဲ"

ဆရာတော်က ဤသို့မိန့်ကြားပြီး-

"ဒါယကာမကြီး. . . စိတ်သောကမဖြစ်နဲ့၊ ဆရာမ မိခင်ကြီးက ဝိပဿနာတန်ခိုးကြောင့် သူ့သေခြင်းကိုသူကြိုသိ လို့ ဘုန်းကြီးတို့ကိုလည်းဒုက္ခမပေးလို၊ သမီးဖြစ်ကဲ့ဆရာမကို လည်း နောက်ဆုံးတရားအမွေပေးချင်လို့ အဂ္ဂသာဝကကြီး ရှင်သာရိပုတ္တရာက မိခင်ကြီးကို အကျွတ်တရားရစေချင်လို့

မိခင်အိမ်ပြန်ပြီး ပရိနိဗ္ဗာန်ပြုသလို ဆရာမ့အမေက အိမ်ပြန်ပြီး ဆရာမကိုမှာချင်တာမှာပြီး တရားအသိနှင့်ကွယ်လွန်တာပါ"

ဟု ထပ်မံမိန့်ကြားသည်။

"ဩော်. . . မေမေ၏သေရာစခန်း သေမင်းခေါ်ရာ သွားမှုသည် ချမ်းမြေ့လှသည်တကား"

ဟု ကျွန်မစိတ်ထဲ ကျေနပ်နှစ်သက်ဝမ်းမြောက်နေမိပါတော့သည်။

# အခန်း (၃)

## သေမင်းခေါ်တော့ အချိန်မအားသူတွေ
## (မှဲ့သေ-သေ)

### တိုင်းပြည့်လွတ်လပ်ရေးအတွက်ထမ်းရွက်ရင်း သေမင်းခေါ်ခံခဲ့ရသောသခင်ညက်ဘဝ

ဖိုးညက်သည် မြေပိုင်ရှင်ဖိုးသာချမ်း၏သားငယ်ဖြစ်သည်၊ ဖိုးသာချမ်းဆိုသည်မှာလည်း တစ်ချိန် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲဖြစ်စဉ်က တောင်ငူခံတပ်မှ တာဝန်ယူတိုက်ခိုက်ခဲ့ရသောရွှေလှံဗိုလ်တပ်မှ ဗိုလ်မှူးဖြစ်ခဲ့သူဖြစ်သည်။

ဖိုးသာချမ်းသည် သူ၏သားကို ရှေးရိုးစဉ်လာဘုန်းကြီးကျောင်းပညာရေးကိုမသင်စေ၊ အစိုးရအထောက်အပံ့ခံ

ညောင်ပင်သာစက်ရုံဘုန်းတော်ကြီးအလယ်တန်းကျောင်းတွင် ကျောင်းထားခဲ့သည်၊ ထိုကျောင်း၏ကျောင်းအုပ်ဆရာတော် ဦးပညာသည် မျိုးချစ်စိတ်အလွန်ပြင်းထန်သူဖြစ်သည်၊ သူ၏ ကျောင်းသားများကို တစ်ချိန်ချိန်တွင် စစ်ပွဲဝင်နိုင်ရန်ဟုဆိုကာ မြန်မာစစ်ပညာဖြစ်သောသိုင်းပညာကိုကောင်းစွာသင်ပေးသည်၊ လူငယ်များကိုလည်း မျိုးချစ်စိတ်ဓာတ်ရိုက်သွင်းပေးခဲ့သည်။

ဤသို့ဖြင့် သခင်အသင်းများပေါ်လာသောအခါ သူ၏ ဒကာများကို သခင်အသင်းသို့ဝင်စေပြီး သခင်အမည်ခံခိုင်းခဲ့ သည်၊ ဤသို့ဖြင့် (၇)တန်းကျောင်းသား မောင်ဖိုးညက်သည် သခင်ညက်ကလေးဖြစ်လာရသည်။

သခင်ညက်ကလေး(၇)တန်းအောင်သောအခါ ဖြူးရှိ အမျိုးသားကျောင်းသို့ဆက်လက်တက်စေခဲ့သည်၊ ဖြူးမြို့သို့ ကျောင်းဆက်တက်စဉ် သခင်ညက်သည် ဖြူးမြို့ရှိသခင်ခေါင်း ဆောင်များဖြစ်စကြသော သခင်သန်း၊ သခင်ချို၊ သခင်ပြုံး၊ သခင်မမရီတို့မောင်နှမဓိသားစုတွေနှင့် အဆက်အသွယ်ရခဲ့ပြီး သခင်ဘဝတစ်ပိုင်း ကျောင်းသားတစ်ပိုင်းဘဝဖြစ်ခဲ့သည်။

ဤဘဝတွင် သူသည် သူ့ဘဝကိုအမျိုးသား လွတ် မြောက်ရေးအတွက် အသက်ပေးလှူထားခဲ့သည်၊ အမျိုးသား လွတ်မြောက်ရေးအတွက် ကျရာတာဝန်ကို ဦးလည်မသုန် ထမ်းရွက်ရန်ဆုံးဖြတ်ခဲ့သည်။

သူသည် သူ့ကိုယ်သူ အမျိုးဘာသာသာသနာအတွက် ဆောင်ရွက်လိုသောအာဇာနည်စိတ်ဓာတ်ကိုမွေးခဲ့သည်။

အာဇာနည်တို့ဟူသည် သတ္တိ-ဗျတ္တိနှစ်ရပ်ရှိရသည်။

သတ္တိသည် စွန့်စားရဲမှုဖြစ်၍ ဗျတ္တိကား ထိုအစွမ်းကို ထင်ရှားစွာပြနိုင်သောဉာဏ်ပညာအရည်အချင်းဖြစ်ပါသည်။

လူ၏ကောင်းမြတ်သောလက္ခဏာ (၀ါ) ကြီးကျယ်မြင့်မြတ်မှုများတွင် သတ္တိမရှိ၍မဖြစ်ပါ၊ သတ္တိနှင့်သာတွဲ၍ ဖြစ်ပေါ်ရစမြဲဖြစ်ပါသည်။

ဘုရားလှောင်းဝေသန္တရာမင်းကြီး၏ ဒါနပါရမီသည် လှူရဲသောသတ္တိအပေါ်တွင်အခြေခံခဲ့သည်၊ ယေရှုခရာဇ်သည် လက်ဝါးကပ်တိုင်ပေါ်တွင် နှိပ်စက်သတ်ဖြတ်ခံရဲသည်မှာ သတ္တိကြောင့်ဖြစ်ပါသည်။

လောကတွင် သတ္တိမရှိက မည်သည့်အရာမျှမအောင်မြင်နိုင်ပါ၊ အောင်မြင်နေသူမှန်သမျှ သတ္တိရှိနေ၍သာဖြစ်ပါသည်။

တိုက်ရဲခိုက်ရဲမှုသတ္တိမဟုတ်၊ နိုင်ငံရေးသမား၊ သိပ္ပံပညာရှင်၊ အနုပညာရှင်၊ စာရေးဆရာစသည်တို့မှာလည်း သူ့သတ္တိနှင့်သူဖြစ်ပါသည်၊ သတ္တိချင်းမတူသဖြင့် မည်သူကပို၍သတ္တိရှိသည်ဟူ၍ပြော၍မရပါ။

သတ္တိဆိုသည်မှာ စိတ်ပိုင်းဆိုင်ရာအခြေအနေတစ်ရပ်ဖြစ်သည်၊ အတွင်းအမြင်တစ်မျိုးဖြစ်ပါသည်၊ လူတစ်ဦးချင်း၏စိတ်နေသဘာဝနှင့် အသိဉာဏ်အမြင်ပေါ်၌အရင်းခံ၍ ပေါ်ပေါက်လာရစမြဲဖြစ်သည်။

ယင်းစိတ်သဘာဝနှင့် အသိဉာဏ်အမြင်တို့ ပေါင်းစပ်လှုပ်ရှားမှုအပေါ် မူတည်၍ သတ္တိရှိခြင်း၊ မရှိခြင်းသည် ဖြစ်ပေါ်လာရသည်။

သတ္တိသည် အကြမ်းအားဖြင့် (၂)မျိုးရှိသည်-

တစ်မျိုးကား တစ်စုံတစ်ခုစိတ်လှုပ်ရှားမှု၊ ခံစားမှုမှထကြွဖြစ်ပေါ်လာသော တိုက်ရဲခိုက်ရဲအန္တရာယ်ကို ရင်ဆိုင်ရဲသောသတ္တိဖြစ်သည်၊ ယင်းကို သွေးပူသောသတ္တိ(ဝါ)ကာမသတ္တိ ဟုခေါ်ပါသည်။

တစ်ခြားတစ်မျိုးမှာ အသိဉာဏ်ဖြင့် ဝေဖန်ဆန်းစစ်၍မိမိက မှန်ကန်သည်ဟု ယူဆချက်၊ လုပ်သင့်လုပ်ထိုက်သည်ဟုဆုံးဖြတ်ချက်တို့အပေါ် မူတည်၍ မိမိဘဝစည်းစိမ်၊ မိမိလက်ငင်းခံစားနေရသော ချမ်းသာသုခကိုစွန့်လွှတ်ကာ လုပ်ရဲသောသတ္တိဖြစ်သည်။

ယင်းကိုသွေးအေးသောသတ္တိ(ဝါ)ဉာဏသတ္တိဟု ခေါ်ပါသည်၊ ယောက်ျားအာဇာနည်ဖြစ်ရန်မှာ-

-အမှား-အမှန်အကျိုးရှိ-မရှိကို ခွဲခြားသိတတ်သော ပညာရှိခြင်း၊

-ငါ့နိုင်ငံ၊ ငါ့လူမျိုး၊ ငါ့သာသနာကြီးပွားတိုးတက်ရမည် ဟုသက္ကာယဒိဋ္ဌိကြီးခြင်း

ဤအင်္ဂါနှစ်ချက်နှင့်ညီလျှင် ယောကျ်ားအာဇာနည် ဖြစ်လာပါသည်၊ ထိုအာဇာနည်ကိုပင် သူရဲကောင်းဟု ခေါ်ဆို ပါသည်၊ သူရဲကောင်းတွင် သာမန်သူရဲကောင်းနှင့် အမြင့်မြတ် ဆုံးသူရဲကောင်းဟူ၍ (၂)မျိုးရှိပါသည်။

ဓမ္မကို ဓမ္မဖြစ်အောင်တိုက်ရာတွင် -ငါ-ပါသော သူရဲ ကောင်းသည် သာမန်သူရဲကောင်း ငါ-မပါသောသူရဲကောင်းမှ အကြီးမြတ်ဆုံးသူရဲကောင်းဖြစ်ပါမည်။

နိုင်ငံနှင့်လူမျိုးအတွက် အနစ်နာခံကြသည်၊ ဥစ္စာပစ္စည်း များကိုစွန့်ကြသည်၊ ခြေလက်အင်္ဂါကိုစွန့်ကြသည်၊ အသက်ကို စွန့်ကြသည်၊ ထိုသူများသည် လောက၌ အဓမ္မမထွန်းကားရေး အတွက် ဘဝကိုစတေးကြသူများဖြစ်ကြသည်။

မိမိအနစ်နာခံမှုကြောင့် အကျိုးတရားရလာသောအခါ ငါအနစ်နာခံလို့ရလာ၍ ငါသာခံစားထိုက်သည် ဟုဆိုသော သူရဲကောင်းသည် -ငါ-မလွတ်သောစွန့်လွှတ်မှုဖြင့် စွန့်လွှတ် သောသူရဲကောင်းဖြစ်၍ သာမန်သူရဲကောင်းဖြစ်ပါသည်။

မိမိ၏စွန့်လွှတ်စွန့်စားမှုသည် တိုင်းပြည်နှင့်လူမျိုးအတွက်သာဖြစ်သည်၊ ငါ့အတွက်မပါသော သူရဲကောင်းသည် သာအမြင့်မြတ်ဆုံးသူရဲကောင်းဖြစ်ပါမည်။

ဖိုးညွတ်ခေါ် သခင်ညွတ်သည်ကား တိုင်းပြည်လွတ်လပ်ရေးအတွက် မိမိအသက်ကို စွန့်လွှတ်လှူရဲသောအာဇာနည်သူရဲကောင်း -ငါ-မပါသောအမြင့်မြတ်ဆုံးသူရဲကောင်းဖြစ်လိုသောဆန္ဒအပြည့်အဝရှိသူဖြစ်သည်။

ဤဆန္ဒဖြင့်ပင် ဖိုးညွတ်ဘဝသည် ကျောင်းသားဘဝမှ သခင်ဘဝသို့လုံးဝရောက်ခဲ့သည်။

သခင်ညွတ်သည် သခင်နိုင်ငံရေးသမားဘဝ မိမိဒေသပတ်ဝန်းကျင်တွင်ဟောပြောရေးစည်းရုံးရေးများ လုပ်နေစဉ်ကာလအတွင်း ဂုံးမင်းကွင်းရွာသူ ငယ်ရွယ်သူမသိန်းနုနှင့်အိမ်ထောင်ကျခဲ့သည်၊ သားနှစ်ယောက်၊ သမီးတစ်ယောက်ထွန်းကားလာခဲ့သည်၊ ဇနီး၊ သားသမီးတို့ကို အမေထံတွင်အပ်ကာနိုင်ငံလွတ်လပ်ရေးအတွက်သာ ကျရာတာဝန်ကိုထမ်းဆောင်နေခဲ့သည်၊ ဤသို့ဖြင့် ဒုတိယကမ္ဘာစစ်ကြီးစတင်ဖြစ်ပေါ်လာသည်။

မိမိ၏သူငယ်ချင်းလည်းဖြစ်၊ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်လည်းဖြစ်သော ကိုမောင်မောင် (နောင်ရဲဘော်သုံးကျိပ်ဝင်

ဗိုလ်ဉာဏ)နှင့်ပေါင်းမိပြီး သခင်ညတ်ဘ၀ ရောက်ခဲ့သည်၊ သူ၏သူငယ်ချင်း ကိုမောင်မောင် ဂျပန်ပြည်စစ်ပညာသင်ရန် လျှို့ဝှက်ခရီးစဉ်နှင့်ပါသွားသည်၊ သခင်ညတ်သည် သခင်ဘ၀ဖြင့် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကို အင်တိုက်အားတိုက်ဆောင်ရွက်နေခဲ့ရာ သားသမီး၊ သားမယားတို့၏ဘ၀ရပ်တည်ရေးကို မိခင်ကြီးကိုသာပုံအပ်ထားခဲ့သည်။

ဂျပန်က အမေရိကန်ကိုစစ်ကြေငြာပြီး ဒုတိယကမ္ဘာစစ်ထဲသို့ဝင်လာသောအခါ ရဲဘော်သုံးကျိပ်သည် ဂျပန်တပ်များနှင့် နယ်ချဲ့အင်္ဂလိပ်တို့ကို တော်လှန်ပါဝင်လာခဲ့သည်၊ ယိုးဒယားတွင် ဗမာလွတ်လပ်ရေးတပ်မတော် (ဘီ-အိုင်-အေ) ကို ဖွဲ့စည်းခဲ့ကြသည်။

ယိုးဒယားတွင် ဘီ-အိုင်-အေ တပ်မတော်ဖွဲ့နေစဉ် မြန်မာပြည်အတွင်းသို့ ရဲဘော်သုံးကျိပ်ထဲမှ ဗိုလ်နေဝင်း၊ ဗိုလ်တာရာ၊ ဗိုလ်စောနောင်၊ ဗိုလ်တောက်ထိန်တို့သည် အတွင်းသူပုန်အဖြစ် လျှို့ဝှက်စွာဝင်ရောက်လာကြသည်။

ဗိုလ်တာရာတို့သည် အထက်မြန်မာပြည်သို့အတွင်းသူပုန်ဆောင်ရွက်ရန်လာစဉ် ဖျူးမြို့ရှိ သခင်ပြုံး၊ သခင်ချို၊ နှမသခင်မ မရီတို့ထံဝင်ရောက်ပြီး ရဲဘော်သုံးကျိပ်နှင့် ဘီ-အိုင်-အေတပ်မတော်အကြောင်းစုံကို လျှို့ဝှက်စွာသတင်းပေးပြီး လျှို့ဝှက်လုပ်ငန်းများလုပ်ရန်ကိစ္စတို့ကိုလည်း လမ်းညွှန်ခဲ့ပါသည်။

ထိုအချိန်က ဖြူးမြို့မှရဲဘော်သုံးကျိပ်တွင် ပါဝင်သွားခဲ့သူတို့မှာ သခင်စံလှိုင်(ဗိုလ်မှူးအောင်)နှင့် သခင်မောင်မောင် (ဗိုလ်ဉာဏ)တို့ဖြစ်သည်။

သခင်ပြုံးသည် သခင်မောင်မောင် (ဗိုလ်ဉာဏ)တို့ပါလာကြောင်း သခင်ညက်ကိုပြောပြသည့်၊ အတွင်း သူပုန်ဆောင်ရွက်ရန်ကိစ္စများကိုလည်း လမ်းညွှန်ခဲ့သည်။

နောက်တွင် သခင်ပြုံးနှင့်သခင်သန်းတို့က သခင်ညက်နှင့်ကညွတ်ကွင်းမှ သခင်သန်းတို့ကို ယိုးဒယားမှမြန်မာပြည်သို့ ဖာပွန်စစ်ကြောင်းလမ်းမှချီတက်လာသော ဗိုလ်ဉာဏတို့ကိုကြိုဆိုရန်စေလွှတ်ခဲ့သည်၊ သခင်ညက်က မိမိ၏သူငယ်ချင်းပြန်ပါလာ၍ စိတ်ရောကိုယ်ပါသွားရောက်ကြိုဆိုနေချင်သည်။

သခင်ညက်တို့သည် ဖြူးမှ ပဲခူး၊ ပဲခူးမှတစ်ဆင့် မော်လမြိုင်သို့ကားတစ်တန်၊ ခြေလျင်တစ်တန်ဖြင့်သွားလာခဲ့ရသည်၊ မော်လမြိုင်သို့ရောက်သောအခါ ဗိုလ်ဉာဏတို့တပ်များ ဖာပွန်စစ်ကြောင်းဆို၍ ဖာပွန်ဘက်သို့ဆက်လိုက်ရပြန်သည်။

ဖာပွန်သို့ရောက်သော် သခင်ညက်သည် သူ၏သူငယ်ချင်း ကိုမောင်မောင် (ဗိုလ်ဉာဏ)ကို မတွေ့မြင်ရတော့ချေ၊ ဗိုလ်ဉာဏသည် အင်္ဂလိပ်သစ္စာခံကရင်စစ်သားများ၏ မလိမ့်တပတ်လုပ်ကြံမှုဖြင့်တိုက်ပွဲကျသွားပြီးဖြစ်သွားသည်၊ အထိမ်းအမှတ်ကျောက်တိုင်ငယ်သာ တွေ့ခဲ့ရသည်။

သခင်ညက်တို့သည် ကြေကွဲခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်ပန်းလူပန်းဖြင့် ဘီ-အိုင်-အေတပ်နှင့်အတူ ပြန်ချီတက်ခဲ့ရသည်၊ ဘီ-အိုင်-အေတပ် ရန်ကုန်သိမ်းပြီးမှ ဖြူးသို့ပြန်ခဲ့ရသည်၊ ဗိုလ်ဥာဏအခြေအနေကို သခင်ပြုံး၊ သခင်သန်းတို့ကို အကျိုးအကြောင်းပြောပြကြရသည်။

သခင်ညက်သည် ထိုမှပြန်အရောက်တွင် ပင်ပန်းရောဂါ၊ ငှက်ဖျားရောဂါတို့ဖြင့် အိပ်ယာထဲဘုံးဘုံးလဲတော့သည်၊ ထိုအချိန်ထိုအခါက ဆေးရုံ၊ ဆေးပေးခန်း၊ ဆေးကုခန်းဟူ၍မရှိလေတော့ ကြံ့ရာမြန်မာသမားတော်နှင့်သာ ကုရသည်။

ဆေးကမစွမ်း၊ အစာကမစားနိုင်၊ စားလိုသောအစာကိုကျွေးပြန်သော် ရောဂါဝေဒနာနှင့်ဓာတ်မတည့်၍ နောက်ဆုံးသခင်ညက်ဘဝသည် သေရာညောင်စောင်းလဲလျောင်းရမည့်အခြေအနေရောက်လာသည်၊ မိမိ၏အခြေအနေကို သိလာသောသခင်ညက်သည် မိမိ၌ ဇနီးငယ်ငယ်နှင့် အရွယ်မရောက်သေးသောသားသမီးငယ်တို့အပေါ်၌ စိတ်မချခြင်း၊ သံယောဇဉ်တွယ်ခြင်း၊ သောကပရိဒေဝတို့ဖြင့် လွမ်းမိုးနှိပ်စက်ခံရတော့သည်။

"အမေ . . . ကျွန်တော်မသေချင်သေးဘူး၊ တိုင်းပြည်လည်း မလွတ်လပ်သေးဘူး၊ မိသားစုအတွက်လည်း ဘာမှမလုပ်ပေးရသေးဘူး၊ ကျွန်တော့်ကို ဆရာကောင်း ဆေးဝါး

ကောင်းနှင့်ကုပေးပါဗျာ”

ဟု မျက်ရည်တွေက ယိုစိမ့်ထွက်ကျနေပြီး မိခင်ကြီးကို တစာစာ တောင်းပန်နေသည်။

သခင်ညက်၏ မိခင်ကြီးရော ဇနီးမသိန်းနုရော ဘာလုပ်၍ဘာကိုင်ရမှန်းမသိ၊ မျက်ရည်တွေသာ တတွေတွေကျပြီး သားကို-

“သားလေး. . . စိတ်တင်းထား၊ အမေ အကောင်းဆုံးဆေးဆရာရှာခိုင်းထားတယ်၊ ငါ့သား မသေစေရဘူး၊ မေမေရအောင်ကယ်ပေးပါမယ်”

ဟု ငိုရင်းအားပေးစကားပြောကြားနေခဲ့သည်။

သို့သော် သခင်ညက်၏ရောဂါအခြေအနေသည် ကျွမ်းလေပြီ၊ မယားနှင့်သားသမီးများကို မျက်ရည်စက်လက်ကြည့်ရင်းနှင့် မိခင်ကြီးကို သူ၏ဇနီးနှင့်ကလေးများကို စောင့်ရှောက်ပေးဖို့အတွက်တတွတ်တွတ်မှာကြားရင်း သေမင်းခေါ်ရာနောက်သို့ လိုက်သွားရတော့သည်။

သခင်ညက်ကွယ်လွန်ပြီးနောက် (၅)နှစ်(၆)နှစ်အကြာ အစိုးရတပ်များက ဖြူးမြို့ကို ဟော-အင်-ဒီ-အိုများလက်မှ သိမ်းပိုက်ပြီးသောအခါ တောတောင်ထဲသို့အသီးသီးထွက်ပြေးနေရသော ရွာသူ၊ ရွာသားများ၊ မြို့သူမြို့သားများသည် မိမိနေရပ်အသီးသီးသို့ပြန်လာကြသည်။

သခင်ညက်၏မိခင်ကြီးဒေါ်မှန်သည် ကျောက်တိုင်ရွာတွင် ပြည်တွင်းစစ်ကြောင့် အိုးမဲ့-အိမ်မဲ့ဖြစ်ခဲ့ပြီးမှ သားကြီးဖိုးချစ်ခေါ်ရာ ညောင်ပင်သာဘူတာရွာသို့ သခင်ညက်၏သားကြီး-သားငယ်နှစ်ယောက်နှင့်အတူ သွားရောက်နေခဲ့ရသည်။

ညောင်ပင်သာဘူတာရွာတွင်အခြေချနေထိုင်၍ တစ်နှစ်ခန့်အကြာ တစ်နေ့တွင်သားကြီးမောင်ခင်မောင်သည် ဖျားပါသည်၊ မောင်ခင်မောင်ကို အဘွားသည်လည်းကောင်း၊ ဦးလေးဖိုးချစ်သည်လည်းကောင်း ကောင်းစွာစောင့်ရှောက် ပြုစုဆေးကုသပေးကြပါသည်။

တစ်နေ့ညနေအချိန်တွင် အဖျားနလံထစဖြစ်နေသောမောင်ခင်မောင်ကို သခင်ညက်သည် ဝင်ပူး၍ပြောပါတော့သည်။

"သူတို့တတွေ ကျောက်တိုင်ရွာအရှေ့ဘက်က မိမိတို့ပိုင်လယ်ကွင်းထဲရှိညောင်ပင်တွင်နေရကြောင်း မြွေကိုက်၍သေဆုံးခဲ့သောတူမမြသင်လည်းရှိကြောင်း၊ သူ၏သားငယ်မြသောင်းလည်းရှိကြောင်း၊ သူသည် အမေကိုမကျေနပ်ကြောင်း သူ့မိန်းမမသိန်းနုသည် သားသမီးတွေကိုမစောင့်ရှောက်ဘဲပစ်ထားကြောင်း၊ နောက်အိမ်ထောင်ပြုတာကိုလည်းမကျေနပ်ကြောင်း၊ အမေက သူ့သားသမီးများကိုပြန်ထိန်းသိမ်းပေးပြီးသူရသင့်သောအမွေထဲမှ သားများကိုပညာတတ်အောင် ကျောင်း

ထားပေးစေလိုကြောင်း၊ ရှင်ပြုပေးစေလိုကြောင်း၊ သူတို့ကျွတ်လွတ်ပြီး လူ့ဘဝကိုပြန်လာလိုကြောင်း ကုသိုလ်အမျှပေးဝေစေလိုကြောင်း အစုံပြောပြီးငိုပါတော့သည်။

အမေဒေါ်မှန်သည် ဒုတိယအကြိမ် ဘမလွန်ဘဝ ရောက်သားကို တာဝန်ခံနှစ်သိမ့်ရပြန်ပါသည်၊ ဂတိပေးလည်း ပေးရပြန်ပါသည်။

သူသား သခင်ညက်ပူးဝင်ကပ်ပြော ပြန်သွားပြီးနောက် အားချင်းပင် ကျောက်တိုင်ရွာသို့ပြန်သွားပြီး သားနှင့်မြေးများအတွက် ဆွမ်းကျွေးအမျှပေးဝေခဲ့သည်။

နိုင်ငံ၏လွတ်လပ်ရေးတာဝန်ဖြင့် ဇနီး၊ သားသမီးဘဝ ပြည့်စုံမှုတာဝန်တို့ကို မိခင်ထံအပ်ပြီး ဘာမျှမလုပ်ပေးနိုင်ခဲ့၊ ဒါနသီလတို့ကိုလည်း ထိုက်ထိုက်တန်တန် ဆောင်ရွက်မသွားခဲ့ရသော သခင်ညက်၏သေမင်းခေါ်ခံရမှုသည် သနားစရာ၊ ကြေကွဲစရာကောင်းပါသည်၊ သို့သော် တိုင်းပြည်အကျိုးကို သည်ပိုးဆောင်ရွက်ခဲ့သောကုသိုလ်ကံအဟုန်ကြောင့် ငရဲ၊ တိရစ္ဆာန်ဘဝသို့မရောက်၊ မိမိဘဝကိုကယ်တင်ပေးနိုင်သေးသောပြိတ္တာဘဝသို့ရောက်ရသည့်အတွက် တစ်ဘက်ကတော့ ခံသာသေးသည် ဟုဆိုရပါမည်။

နိုင်ငံ့သံယောဇဉ်၊ သားမယားသံယောဇဉ်နှောင်ကြိုး တို့ဖြင့် အာသန္နကံဇောစော၍ မဲ့သေ-သေခဲ့ရသော သခင်ညက် ၏ဘဝသည် ယခုလောက်ဆိုလျှင် မိခင်ကြီးဒေါ်မှန်ပေးသော ကုသိုလ်အဖို့ဘာဂကိုအမျှရသဖြင့် ညောင်ပင်တွင်နေရသော ပြိတ္တာဘဝမှလွတ်မြောက်ပြီး နတ်ပြည်သို့သော် လည်းကောင်း၊ လူ့ပြည်သို့သော်လည်းကောင်းပြန်ရောက်၍ နောက်ထပ်တစ်ဖန် သံသရာခရီးကိုဆက်နေဦးမည်ဟု ထင်ပါသည်။

နောက်ထပ်တစ်ဖန်သေမင်းခေါ်ခံရမည့်ဘဝမှာ ပျော် မွေ့ကျင်လည်နေဦးမည်ထင်ပါသည်။

ကမ္မဝဋ်မကင်းသမျှ ဘဝတဏှာမကင်းသမျှ သေမင်း ခေါ်ရာခံရသော ဘဝအသီးသီး၌ကျင်လည်ကြရမည်သာ ဖြစ် ပါသည်။

သေမင်းဟူသည် အလွန်ကြောက်စရာကောင်းသော ဆင်းရဲဟု မသိသေးသမျှ ဘဝတဏှာပြတ်ကြမည် မဟုတ်ပါ ချေတကား။

# လူသားအကျိုးကယ်တင်လိုသောဒေါက်တာ
# သေမင်းခေါ်တော့ လိုက်ရသည်သာ

မြောက်ဥက္ကလာပမြို့၊ (၄)ရပ်ကွက်၊ သုခမ္မာလမ်းမကြီးတွင် "အေးဇမ္ဗူထွန်း"ဆေးကုခန်းဟူသော ကိုယ်ပိုင်ဆေးခန်းတစ်ခန်းရှိပါသည်၊ ပိုင်ရှင်မှာ ဒေါက်တာဝင်းညွန့်နှင့် ဇနီးဒေါက်တာအေးအေးမြင့်တို့ ဖြစ်ပါသည်။

သူတို့သည် ဆရာဝန်အတတ်ပညာဖြင့် လူသားတို့၏အသက်ကိုကယ်တင်လိုကြသည်၊ လူသားတွေ၏ခန္ဓာကိုယ်ကိုကျန်းမာ၊ ချမ်းသာစေလိုကြသည်၊ ဆေးဖိုးဝါးခကိုသင့်တော်မျှတရုံမျှသာယူသည်၊ မိသားစုမျိုးရိုးက ကုမ္ပဏီပိုင်ရှင်တွေ၊ ချမ်းသာလာသူတွေဆိုတော့ လူသားများအတွက် မေတ္တာ၊ စေတနာသာအဓိကထားကြသည်၊ လောကစကားအရပြောရလျှင် အသပြာဆရာဝန်မဟုတ်၊ စေတနာဆရာဝန်များသာဖြစ်ကြပါသည်။

ထိုထက်ထူးသည်ကား ဒေါက်တာဝင်းညွန့်ဖြစ်သည်၊ သူကား သူ့ဘဝနှင့်လောကကိုသုံးသပ်ဆင်ခြင်သည်၊ မိမိ၏ဘဝသည် မိမိဘဝသာယာချမ်းမြေ့စေရေးအတွက် လုပ်မလား၊ လောကလူသားတွေအတွက်လုပ်မလား။

လောကလူသားတစ်ယောက်၊ နှစ်ယောက်၏ကိုယ်ခန္ဓာကို ဆေးကုသရသည်ထက် လူသားတွေအားလုံးပေါ်တွင်စွဲကပ်နေသော စိတ်ဆိုးစိတ်ညစ်များဖြစ်သည့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဣဿ၊ မစ္ဆရိယတရားတွေကို ကုသပေးရခြင်းကားပို၍မကောင်းပေဘူးလား။

လူသားများတွင် ထိုတရားများနည်းပါးလျှင် ကင်းလျှင် လူသားများလည်း ကျန်းမာ-ချမ်းသာမည်၊ ကမ္ဘာလောကကြီးလည်းငြိမ်းချမ်းသာယာပြီး ပျော်ရွှင်ဖွယ်ရာကမ္ဘာကြီးဖြစ်မည်။

ဤသို့ သူတွေးခေါ်မြော်မြင်လာမိသည်။

ဤလောကတွင် လူတို့သည် လူ-လူချင်း ပတ်ဝန်းကျင်ကိုကြည့်ကြရာတွင် အမြင်(၃)မျိုးဖြင့် ကြည့်ကြလေ့ရှိသည်ကို တွေ့ရပါမည်။

၁။ သုတဒိဋ္ဌိအမြင် -လူကိုမမြင်၊ ပစ္စည်းဥစ္စာ၊ ရာထူး၊ အာဏာကိုမြင်သည်၊ ထိုသူမှာ ထိုအရာများရှိသောအခါ အလေးအမြတ်ပြုသည်၊ ခြံရံသည်၊ ခ-စားမှီခိုသည်၊ ထိုသူမှာ ထိုအရာများမရှိတော့သောအခါ အလေးအမြတ်ပြုမှု၊ ခြံရံမှု၊ ခံစားမှုများမရှိတော့၊ ဤအမြင်ကို သုတဒိဋ္ဌိအမြင် ဟုဆိုပါသည်။

၂။ အနုမိတဒိဋ္ဌိအမြင် -ဤအမြင်သည် သုတဒိဋ္ဌိအမြင် ထက်နက်ရှိုင်းပါသည်၊ ထိုသူသည် လူ၏ဥစ္စာပစ္စည်းရှိမှု၊ ရာထူးအာဏာ ရှိမှုအထင်မကြီး၊ သူအထင်ကြီးသည် ကား ပညာရှိသာဖြစ်သည်၊ သူသည် ပညာရှိကိုအထင်ကြီး၏၊ အလေးအမြတ်ပြုမြတ်နိုးတတ်၏။

၃။ သစ္စိကတဒိဋ္ဌိအမြင် -ဤအမြင်သည် အနုမိတဒိဋ္ဌိအမြင် ထက်ပို၍နက်ရှိုင်းပါသည်၊ ဤအမြင် ကား ကိုယ်ကျင့်သိက္ခာကိုသာကြည့် သည်၊ အခြားဘာကိုမျှမကြည့်၊ ဥစ္စာ ရှိသူဖြစ်ဖြစ်၊ ဥစ္စာမဲ့သူဖြစ်ဖြစ်၊ ရာထူး အာဏာရှိသူဖြစ်ဖြစ်၊ မရှိသူဖြစ်ဖြစ် ကိုယ်ကျင့်သိက္ခာကောင်းလျှင် သူ့ကို မြတ်နိုး၏၊ အလေးအမြတ်ပြု၏၊ ကိုယ်ကျင့်သိက္ခာမကောင်းလျှင်မူ အထင်မကြီး၊ မမြတ်နိုးတတ်ကြပါ။

အနုမိတဒိဋ္ဌိအမြင်ဖြင့် လောကကို ကြည့်တတ်သူများသည် အရာရာကို ကိုယ်ကျင့်သိက္ခာဖြင့်သာ တိုင်းတာ တတ်ကြပါသည်။

ကိုယ်ကျင့်သိက္ခာကောင်းခြင်းသည်သာလျှင် ပါရမီရှိခြင်းမည်၊ ပါရမီရှိခြင်းသည်သာလျှင် စစ်မှန်သောကြီးပွားခြင်းမည်ပါသည်၊ အခြားသောကြီးပွားခြင်းများကား "အထင်" ကြီးပွားခြင်းများသာဖြစ်ပါသည်။

ဒေါက်တာဝင်းညွှန့်သည် လောကကို သစ္စိကတဒိဋ္ဌိ အမြင်ဖြင့်မြင်သောသူဖြစ်သည်၊ သူသည် ဆရာဝန်တစ်ယောက်ဖြစ်၍ ဂုဏ်ရှိသည်၊ ကုမ္ပဏီပိုင်ရှင်သူဌေး၏ညီဖြစ်ပြီး ရှယ်ယာဝင်ဖြစ်၍ ဥစ္စာပစ္စည်းချမ်းသာ၏။

သို့သော် သူသည် သုတဒိဋ္ဌိအမြင်မရှိပါ၊ မူလက အနုမိတဒိဋ္ဌိအမြင်ရှိခဲ့ပြီး ဆရာဝန်အတတ်ပညာကို မရ-ရ အောင်သင်ခဲ့သည်၊ ထိုပညာဖြင့် လူသားတို့၏ကျန်းမာရေး စိတ်ချမ်းသာရေးကို သူစောင့်ရှောက်လိုသည်၊ ကူညီလိုသည်။

သူဆရာဝန်ဖြစ်၍ လူ့လောက လူ့ဘဝထဲသို့ တကယ်ဝင်လာသောအခါ လူ၏ပြင်ပခန္ဓာကိုယ်ရောဂါကုသခြင်းထက် လူသားတို့တွင်ဖြစ်ပေါ်နေသော အတ္တ၊ လောဘ၊ ဒေါသ၊ ဣဿ၊ မစ္ဆရိယ ဤတရားများသည်ကသာ ရောဂါဆိုးဖြစ်နေသည်၊ ဤတရားများက လူ၏ကိုယ်ကျင့်သိက္ခာကိုဖျက်ဆီးနေသည်၊ ဤတရားဆိုးများ လူသားတို့၏စိတ်ထဲတွင် ပ-ပျောက်အောင် ကုသပေးဖို့လိုသည်။

ထိုသို့ကုသပေးနိုင်သော ဆေးဝါးကားအဘယ်နည်း ဟု သူစဉ်းစားသည်၊ ဗုဒ္ဓ၏ သီလစသောတရားတော်များ သမထ၊ ဝိပဿနာတရားများသည် လူသားတို့တွင်စွဲကပ်နေသော စိတ်ရောဂါဆိုးတို့ကို ပယ်သတ်နိုင်သည် ဟု အနုမိတဒိဋ္ဌိအမြင် သူမြင်လာခဲ့သည်။

သို့အတွက် လူသားတစ်ယောက်၊ နှစ်ယောက်ကို ဆေးကုသပေးခြင်းထက် လူသားအားလုံးကို ဓမ္မဆေးတိုက်ကျွေးခြင်းကား ပို၍မြင့်မြတ်သည်၊ လူသားများကိုကယ်တင်ရာ ရောက်သည် ဟု သူမြင်လာသည်။

ထိုသို့မြင်လာပြီး သူသည် ဇနီးသည် ဒေါက်တာဒေါ်အေးအေးခြင်းကို မြောက်ဥက္ကလာပအိမ်တွင် "အေးဇမ္ဗူထွန်း" ဆေးခန်းဖွင့်စေကာ ဆေးကုသပေးစေသည်၊ မိမိက ဝိုင်းဝန်းကူညီကုသပေးသည်။

သူကမူ အဓိကလူသားများ၏စိတ်ရောဂါဆိုးကို ကုသရန် တရားဓမ္မဆေး၊ ဘာသာရေးစာစောင်ကိုထုတ်ဝေရန် ဆုံးဖြတ်ချက်ချပြီး အကို၏ခွင့်ပြုချက်ကိုရယူကာ မိမိ၏မွေးရပ်မြေမြစ်မခကိုဂုဏ်ပြုသောအားဖြင့် "မြစ်မခဓမ္မစာသဝဏ်"ဟု အမည်ပေးကာဓမ္မဆေးစာစောင်ကို ထုတ်ဝေဖြန့်ချီပါတော့သည်။

သူသည် လူငယ်တွေကိုလည်း ဘာသာရေးအသိ၊ လိမ္မာရေးအသိနှင့် အကျင့်စာရိတ္တကောင်းများကို ရစေလိုသည်၊ လူလတ်ပိုင်းတွေကိုလည်း ဘဝအသိ၊ ပညာအသိတိုးတက်မြင့်မားပြီး လူကောင်း-သူကောင်း၊ နိုင်ငံနှင့်လူမျိုးအတွက် လူတော်လူကောင်းတွေဖြစ်စေလိုသည်။

ဘဝနေဝင်ကာနီးလူကြီးများကိုလည်း အားထားမှီခိုရာ တရားအသိ၊ တရားအကျင့်ရစေလိုသည်၊ ဤသို့ လူငယ်၊ လူလတ်၊ လူကြီးအပိုင်း(၃)ခု၊ ဘာသာရေးတရားအသိရစေသော ဘာသာရေးစာစောင်ဖြစ်စေလို၍ သူသည် ဘာသာရေးကျွမ်းကျင်သော ဆရာများထံ ချဉ်းကပ်အကူအညီတောင်းခံခဲ့သည်၊ သူတို့၏ အကြံဉာဏ်ကို တလေးတစားလိုက်နာဆောင်ရွက်ခဲ့သည်။

သူ၏အနုမိတဒိဋ္ဌိအမြင်ဖြင့် "မြစ်မခဓမ္မစာသဝဏ်" ဘာသာရေးစာစောင်ထုတ်ဝေရာ၌ စာရေးသူသည် သူ၏ အယ်ဒီတာ မောင်သီလမှတစ်ဆင့် သူနှင့်တွေ့ကြုံဆုံခဲ့ရပြီး သူ၏ လူသားများအား စိတ်ရောဂါကုသရေးဟူသော "မြစ်မခဓမ္မစာသဝဏ်"ထုတ်ဝေရေးစီမံကိန်းတွင် အတိုင်ပင်ခံအယ်ဒီတာ အဖြစ်စတင်ဆောင်ရွက်ခဲ့ရပါသည်။

နောက်တော့ သူ၏မေတ္တာရပ်ခံချက်အရ တာဝန်ခံ အယ်ဒီတာလုပ်ပေးခဲ့ရပါသည်။

စာရေးသူသည် သူနှင့်စတွေ့စက သူ၏ဘာသာရေး စာစောင်ထုတ်ဝေလိုမှုသဘောဆန္ဒကို စူးစမ်းလေ့လာရသည်၊ သူကပွင့်လင်းသည်၊ စေတနာသန့်ရှင်းသည်၊ အတ္တကိုယ်ကျိုးမပါ။ လူလောက လူသားအကျိုးသာရည်ရွယ်သည်၊ ဘဝဟူသည် တည်ငြိမ်နေသည်မဟုတ်၊ ခဏတိုင်း-ခဏတိုင်း ပြောင်းလဲနေပါသည်။

မြစ်ရေအလျဉ်ကဲ့သို့လည်းကောင်း၊ ဆီမီးလျှံကဲ့သို့လည်းကောင်း အစဉ်တစိုက် အဆက်အပြတ်ဖြစ်နေခြင်း၊ ပျက်နေခြင်း ဖြစ်ပါသည်။

ဤသို့ ဘဝ၏အစဉ်တစိုက် ဖြစ်နေခြင်း-ပျက်နေခြင်းတို့ကို ရိုးရိုးသာမန်မျက်စိဖြင့် မမြင်နိုင်ပါ။ ဝိပဿနာဉာဏ်ဖြင့်သာ မြင်နိုင်ပါသည်။

ဘဝသည် ထာဝစဉ်ပြောင်းလဲနေသော်လည်း ယင်းဘဝတွင်-

-နှစ်သက်ဖွယ်ပိုင်း - အာသာဒ

-မနှစ်သက်ဖွယ်ပိုင်း - အာဒီနဝ

-ထွက်မြောက်ရာပိုင်း - နိဿရဏ

အပိုင်း(၃)ပိုင်းပါဝင်နေသည်ဟု နေတ္တိကျမ်းကဆိုပါသည်၊ ဤအပိုင်း(၃)ပိုင်းတွင်လည်း မျက်နှာစာ(၂)ပိုင်းရှိပါသည်-

-မိမိရှုထောင့်မှကြည့်၍ အသာစံလိုသောသဘော
-ပတ်ဝန်းကျင်ရှုထောင့်ကိုကြည့်၍ အနာခံလိုသော
သဘော

ဒေါက်တာဝင်းညွှန့်သည် သည်ဘဝကို မိမိအတ္တရှု ထောင့်မှကြည့်သူမဟုတ်၊ ဘယ်သူသေသေ၊ ငတေမာလျှင် ပြီးရော ဟူသောသဘောဖြင့် အရာရာတိုင်း၌ အသာစံလိုသည့် သဘောမရှိ။

သူသည် ပါရမီရှင်ဖြစ်သည်၊ သူ့အတွက် လောကဖြစ် လာသည်မဟုတ်၊ လောကအတွက် သူ့ဘဝဖြစ်ပေါ်လာသည် ဟု ယုံကြည်ခဲ့သူဖြစ်သည်။

ဤယုံကြည်ချက်အတိုင်း သူသည် သူ၏“မြစ်မခဓမ္မ စာသဝဏ်”ကို ကျယ်ပြန့်အောင်၊ ပျံ့နှံ့အောင်၊ နေ့ညမဟူ ကြိုးစားအားထုတ်ခဲ့သည်၊ လူငယ်တွေ ပညာရအောင်၊ ရုပ်ပြ ဇာတ်လမ်းတွေ၊ လူလတ်တွေမဟုတ်တာမလုပ်မိအောင်၊ အထူး သဖြင့် ဒုစရိုက်တရားတွေမလုပ်မိအောင်၊ အကျင့်စာရိတ္တတွေ ထိန်းနိုင်အောင် ဘာသာရေး၊ ပညာပေးအသိဆောင်းပါးများ၊ ဘဝကြမ္မာ ကံမာယာဟူသော ကံ-ကံ၏လက်ငင်းဒိဋ္ဌအကျိုး ပေးမှုအဖြစ်အပျက်ဇာတ်လမ်းမှန်များ၊ လူကြီးများအတွက် တရားအားထုတ်နိုင်ရန် မိုးကုတ်ဆရာတော် သဒ္ဓမ္မရံသီဆရာ တော်များ၏ ဝိပဿနာကျင့်စဉ်တရားများကို လစဉ် ယည့်ပေးခဲ့ သည်။

သို့သော် သူ၏ဘဝသည် လှေလှော်ရင်းတက်ကျိုးခဲ့သောသဘောသက်ရောက်ခဲ့ရပါတော့သည်၊ သူ့တွင် အစာအိမ်ရောဂါနှင့်အခြားရောဂါများသည် သူ၏အအိပ်ပျက်၊ အစားပျက်ဆောင်ရွက်မှုများကြောင့် ဒုက္ခပေးလာလေပြီ၊ ထိုရောဂါသေမင်းများက သူ့ကိုတံခါးခေါက်လာသည်၊ သူကိုယ်တိုင်လည်းဆရာဝန်၊ ဇနီးလည်း ဆရာဝန်ဆိုတော့ ရောဂါအခြေအနေကိုသိကြပါသည်။

ရောဂါအခြေအမနေ တစ်စ-တစ်စဆိုးလာသောအခါ သူသည် သူ၏မြစ်ဖခတိုက်ရှိရာ (၃၃)လမ်းသို့မသွားတော့၊ အိမ်မှာပင်ယူ၍ စာမူများကိုစီမံသည်၊ စာရေးသူကလည်း သွားရောက်ကူညီလုပ်ပေးရသည်၊ ကူညီလုပ်ကိုင်ပေးရင်း စကားစမြည်ပြောဆိုဆွေးနွေးကြရသည်။

"ဆရာ. . ကျွန်တော်မသေချင်သေးဘူးဗျ၊ ကျွန်တော်လူတွေရဲ့စိတ်ယုတ်မာရောဂါတရားတွေကို နည်းသထက်နည်းအောင် ဓမ္မဆေးဖြင့်ကုသပေးချင်သေးတယ်ဗျာ၊ ဒါကြောင့်ကျွန်တော် ယခုကျွန်တော်အလုပ်တွေကိုနည်းနည်းလျှော့ပြီးဆေးဝါးကိုမှန်မှန်စားနေရတယ်ဗျာ"

ဟု ဆိုပါသည်။

သူမသေချင်ပေမယ့် သူ၊ ကိုယ်ခန္ဓာတွင်စွဲကပ်လာသောရောဂါက မမြဲသောသဘော၊ ဆင်းရဲသောသဘော၊ အစိုးမရ

သောသဘောအရ သူ့ကိုနောက်(၃)လအကြာတွင် သေမင်းခေါ်ရာနောက်သို့ ပါသွားခဲ့ရပါတော့သည်။

သေကာနီးဆဲဆဲပင် သူသည် လူသားတို့အား မမွေဆေးတိုက်ကျွေး ဆေးကုသလိုမှုဆန္ဒကအားမလျော့-

"ကျွန်တော့်ကို ကျွန်တော့ခန္ဓာမှာစွဲကပ်နေတဲ့ရောဂါက သေမင်းနိုင်ငံသို့ ခေါ်ဆောင်သွားခံရပေမယ့် နောက်ဘဝ ကျွန်တော် လူ့ဘဝကိုပဲ ပြန်ရအောင်ဆုတောင်းမယ်၊ လူ့ဘဝ ပြန်ရောက်အောင်လုပ်ပြီး လူသားတွေကို မမွေဆေးတိုက်ကျွေးပြီး ကယ်တင်ဦးမယ်"

ဟု တစာစာပြောသွားသည်၊ တကယ့်ဘုရားလောင်းစိတ်ဓာတ်ထားရှိသော ဆရာဝန်ဦးဝင်းညွန့်ဖြစ်ပါတော့သည်။

သူကွယ်လွန်ပြီး(၆)လအကြာတွင် သူ့ဇနီးဒေါက်တာဒေါ်အေးအေးမြင့်က-

" ဆရာ. . . ကိုဝင်းညွန့်က သူ့တူမထံပြန်ဝင်စားမယ်လို့အိမ်မက်ပေးတယ်ဆရာ၊ ဒီကလေးမလေးကလည်း ကိုယ်ဝန်တည်မဲ့အခြေအနေဖြစ်နေပြီဆရာ"

ဟု ပြောပါသည်။

သေမင်းခေါ်တော့သွားရပြီးဖြစ်သော ဒေါက်တာဝင်းညွန့်သည် လူသားတွေအကျိုးကိုသည်ပိုးလိုသောဘဝနိကန္တိ

သခ္ခါကြောင့် လူ့ဘဝသို့မုချပြန်ရောက်မည်၊ ပြန်ရောက်ပြီးလျှင် လူသားတွေကို ဓမ္မဆေးတိုက်ကျွေးလိမ့်ဦးမယ်၊ ပြီးလျှင် အချိန်တန်တော့ ဤရုပ်-နာမ်သည် သေမင်းခေါ်ရာသို့ တစ်ဖန်ပြန်လိုက်ပါရဦးမည်ဟု မျှော်လင့်လျက်. . .။

## သံယောဇဉ်နှောင်ကြိုးနှင့်သေရ ကောင်တန်းသာသနာပြုဆရာတော်ကြီး၏ မယ်တော်ဘဝ

ဗုဒ္ဓဓမ္မလောကစာစောင် မန်နေဂျာ ဦးသိန်းအောင်သည် ရွှေလဝင်းစာပေတိုက်ကား ဘာသာရေးစာအုပ်များကို ထုတ်ဝေခဲ့ရာတွင် ကောင်တန်းသာသနာပြုဆရာတော်ကြီး၏ စာမူနှစ်မူ၊ သုံးမူကိုထုတ်ဝေခွင့်ရခဲ့ပါသည်။

ဆရာတော်ကြီး၏ သံသရာဝဋ်ကိုလွတ်အောင်ရုန်းကြစို့”ဟူသောစာအုပ်ရိုက်နှိပ်ထုတ်ပြီးသောအခါ ဆရာတော်ကြီးရန်ကုန်ရောက်သည့်အခိုက်နှင့်ကြုံနေ၍ ဦးသိန်းအောင်တို့က စာအုပ်များဆက်ကပ်လှူဒါန်းရန် ဆွမ်းကပ်ကြသည်။

ထိုစာအုပ်လှူဒါန်းဆက်ကပ်ပွဲတွင် ဆရာတော်ဘုရားကြီးက ဗုဒ္ဓဓမ္မလောကပိုင်ရှင် အမေကြီးဒေါ်ရင်မေကို သေနည်း

သင်တန်းပေးတရားကိုဟောခဲ့သည်၊ ထိုတရားတွင် ကုသိုလ်ကောင်းမှုတွေရှိပြီး မိမိ၏မိခင်ကြီးကို သားသမီးစွဲဘဝဖြင့် ပြိတ္တာဘုံသို့မရောက်စေရန်၊ အာသန္နကံကုသိုလ်ကောင်းမှုထားတတ်စေရန်ဟောပြောပြီး ဆရာတော်က မိမိ၏မိခင်ကြီးအစွဲမှားမှုကြောင့် ပြိတ္တာဘဝရောက်ပုံ နောက်မိမိ၏မိသားစုထံပြန်ရောက်ပုံဘဝဇာတ်လမ်းစုံကို ဟောပြပါတော့တယ်။

ဘုန်းတော်ကြီးရဲ့မယ်တော်နာမည်က ဒေါ်သေးတာပါ၊ မယ်တော်ကြီးဟာ ဆရာသမားတွေရဲ့အဆုံးအမနှင့် ဘုန်းကြီးကိုအကြောင်းပြုပြီး ဒါနမှုတွေ၊ သီလမှုတွေလည်း မနည်းခဲ့ပါဘူး၊ အသက်အရွယ်ရလာတော့ ဘာဝနာနှလုံးသွင်းမှုကို တတ်နိုင်သလောက် လေ့ကျက်ခဲ့ပါတယ်။

မယ်တော်ကြီးဟာ ဘုန်းကြီးကချင်တောင်တန်းနှင့် ဟူးကောင်းတောင်ကြားအတွင်း သာသနာပြုခရီးစဉ်ရောက်နေချိန် ၁၃၁၄-ခုနှစ်၊ တန်ပေါင်းလဆန်း(၈)ရက်၊ သောကြာနေ့ ညနေ(၄)နာရီအချိန်၊ အသက်(၈၇)နှစ်မှာ ညင်သာစွာကွယ်လွန်သွားရှာပါတယ်။

သို့သော်လည်း ဒါန၊ သီလ၊ ဘာဝနာတွေရှိနေပေမဲ့ သေကာနီးကာလ ဘုန်းကြီးကိုစွဲလမ်းတဲ့အာသန္နကံစိတ်ထားပျံ့လွင့်မခိုင်မာမှုကြောင့် ပေတဂတိခေါ်တဲ့ ပြိတ္တာဘဝသို့ရောက်သွားရတယ်။

မယ်တော်ကြီးဆုံးကြောင်းကို ဘုန်းကြီးက သာသနာပြု ခရီးစဉ်ပြီးလို့ မြစ်ကြီးနားကနေ ရန်ကုန်ပြန်ရောက်ကာမှ ကြေးနန်းစာအရ သိရတာပေါ့လေ။

သံသရာဘဝတစ်ကွေ့မှာတွေ့ဆုံပြီး လမ်းခွဲကြရပြန်ပြီလို့ ဘုန်းကြီးကတရားနှင့်ပဲဆင်ခြင်ထားလိုက်ပါတယ်၊ သတ္တဝါ မှန်သမျှ မိမိပြုသောကံမှတစ်ပါး ဘယ်သူကမှတတ်နိုင်၊ ကယ် နိုင်မှာတုန်း၊ ကိုယ့်လမ်းခရီး ကိုယ်ဆက်ကြရမှာဘဲမဟုတ်လား အဲဒီလိုဘဲ မယ်တော်ကြီးအတွက် ဖြေသိမ့်ထားလိုက်ပါတယ်။

အဲဒီလိုနဲ့ ဘုန်းကြီးလည်း သာသနာပြုခရီးစဉ်အရ အာသံနယ်ခြား တောင်ကြီးဘက်ခရီးဆက်ပြီး သာသနာပြုကြ ရပြန်ပါတယ်၊ အဲဒီနယ်ခြားတောင်ကြီးမှာလှည့်လှည်ပြီး သီတင်း သုံးသာသနာပြုနေထိုင်ခဲ့ပါတယ်။

အဲဒီကနေ ချင်းတောင်ပြန်ရောက်တော့ မယ်တော်ကြီး ရဲ့သတင်းကြားရပြန်ပါတယ်။

မယ်တော်ကြီးဟာ ကွယ်လွန်ကာနီးအချိန်ပိုင်း မစားချင်၊ မသောက်ချင်ဖြစ်ပြီး ကာလအတန်ကြာ အိပ်ရာထဲမှာလဲလျောင်း နေရရှာတယ်လို့ ပြောပြပါတယ်။

သူမရဲ့အိပ်ရာခေါင်းရင်းမှာတော့ ဘုန်းကြီးရဲ့ဓာတ်ပုံကို ချိတ်ဆွဲထားပြီး ဓာတ်ပုံကိုစိုက်ကြည့်လိုက်၊ လက်အုပ်ချီရှိခိုးလိုက်

နဲ့ မျက်ရည်တွေ တွေတွေစီးကျပြီး တမှိုင်မှိုင်တတွေတွေနှင့်ဖြစ်နေရှာဟယ်လို့ ပြောပါတယ်။

ဘုန်းကြီးရဲ့အစ်မကြီးဖြစ်သူ ဒေါ်ယုတို့က ပြုစုချော့မော့ပြီး ကောင်းနိုးရာရာများကို ကျွေးမွေးပြုစုကြသော်လည်း ငေးမောပြီးနေသတဲ့၊ ကဆုန်၊ နယုန်၊ မိုးတွေလေတွေလာတဲ့ အခါမျိုးမှာဆိုရင်-

"ငါ့သားကြီး ဘယ်ဆီမှာရောက်နေပါလိမ့်တုန်း"

လို့ဆိုပြီး မကြာမကြာရေရွတ်ပြီး မျက်ရည်ကျသကဲ့။

အင်း. . ဘုန်းကြီးထင်ပါတယ်၊ သေကာနီးကာလမှာ ငါ့သားကြီးနှင့်တွေ့ရတော့မှာမဟုတ်ဘူး ဆိုတဲ့စိတ်နဲ့လည်း ကွယ်လွန်ခဲ့ရပုံပေါ်ပါတယ်၊ တစ်ဘက်ကကြည့်ရင်တော့ မိဘတို့၏မေတ္တာသံယောဇဉ်ပေါ့၊ တစ်ဘက်ကကြည့်ရင် သံယောဇဉ်နှောင်ကြိုးမဖြတ်နိုင်ရှာတာပေါ့လေ။

ဘုန်းကြီးလည်း တောင်ပေါ်ဒေသရောက်တယ်ဆိုရင်ပဲ လုပ်လက်စသာသနာပြုအလုပ်တွေ၊ ကိုယ်ရေးကိုယ်တာအလုပ်တွေနှင့်ပဲတစ်နေ့ပြီးတစ်နေ့ အချိန်ကုန်မှန်းမသိ ကုန်လာတယ်။

မယ်တော်ကြီးကွယ်လွန်ပြီး နှစ်အတန်ကြာတော့ ဘုန်းကြီးအိမ်မက်မြင်မက်တယ်၊ အိမ်မက်ထဲမှာ မယ်တော်ကြီးခမျာ ညိုးညိုးငယ်ငယ်နှင့် ဘုန်းကြီးကျောင်းရှေ့မြေပြင်ပေါ်မှာရပ်ရင်း

ကျောင်းပေါ်မှာရှိနေတဲ့ဘုန်းကြီးကိုလှမ်းလျှောက်ပါတယ်။

"မောင်ပဥ္စင်းဘုရား. . . ဖြစ်နိုင်ရင် ဒကာမကြီးကို သင်္ကန်းတစ်စုံလောက်ချီးမြှင့်ပါ "တဲ့။

"အင်း. . မယ်တော်ကြီးတော့ သေကာနီးကာလမှာ သံယောဇဉ်တွယ်တာမှုကြောင့် ပေတာဂတိမှာရောက်နေသကိုး ကျွတ်ချိန်တန်ပြီနှင့်တူပါရဲ့ "

လို့ ဘုန်းကြီးက အောက်မေ့လိုက်မိပါတယ်။

အဲဒါနဲ့ ဘုန်းကြီးလည်း မိမိပြုလုပ်သမျှကုသိုလ်ကောင်းမှုများကို မယ်တော်ကြီးအားရည်စူး၍ ရေစက်ထက်တိုးပြီး အမျှအတန်းပေးဝေပါတယ်၊ သီးခြားရည်မှန်းပြီးတော့လည်း ဒါနပြုပေးပါတယ်။

ဇာတိရပ်ရွာမှာရှိနေတဲ့အစ်မကြီး ဒေါ်ယုထံသို့လည်း စာတိုက်ကနေ သင်္ကန်းတစ်စုံပို့ပေးလိုက်ပြီး ရွာကျောင်းဘုန်းကြီးကိုသင်္ကန်းလှူ၊ မယ်တော်ကြီးကိုအထူးရည်ညွှန်းပြီး အမျှပေးဝေဖို့လည်း စာရေးမှာလိုက်ပါတယ်။

အမေကြီးလည်း ဘုန်းကြီးရဲ့အမှာစကားအရ ဝါတွင်းဥပုသ်နေ့တစ်နေ့မှာ အလှူလုပ်ပြီး အမျှပေးဝေပါတယ်။

နောက်တစ်နေ့နံနက် မိုးလင်းအားကြီးအချိန်လောက်မှာ အစ်မကြီးကိုအိမ်မက်ပေးပါတယ်၊ မယ်တော်ကြီးဟာ သူနေ

ခဲ့တဲ့အိမ်နံဘေးမှာ ငုတ်တုတ်ကလေးထိုင်နေတာ တွေ့ရသတဲ့။

"အော်. . အမေ ဒီမှာဘဲရှိနေသေးသလား၊ မနေ့ကဘဲ အမေ့အတွက် သင်္ကန်းလှူ၊ ဆွမ်းကပ်ပြီး အမျှဝေတာ အမေ မရဘူးလား"

လို့ အစ်မကြီးက မေးလိုက်သတဲ့။

"ညည်းတို့က ကျောင်းသွားတော့ ငါ့ကိုမှမခေါ်ကြဘဲ ငါဘယ်လိုက်နိုင်မှာလဲ"

လို့ ပြောသတဲ့။

အဲဒါနဲ့အစ်မကြီးဒေါ်ယုက အဲဒီနေ့မှာဘဲ သင်္ကန်းလှူပြီးဆွမ်းထပ်ကပ်ပေးကြပါတယ်၊ မယ်တော်ကြီးကို ကျောင်းမသွားခင်ကြိုတင်ပြီး ဖိတ်ခေါ်သွားပါတယ်၊ နာမည်ခေါ်ပြီး အမျှအတန်းပေးဝေလိုက်ပါသတဲ့၊ နောက်တော့ ဘာအိမ်မက်မှ မမက်တော့ပါဘူးတဲ့။

ဘဝသံသရာကျင်လည်ကြရာမှာ မိမိအနေဖြင့် တာဝန်သိသိ၊ မိဘကိုကျေးဇူးဆပ်ခွင့်ကြုံရလို့ ဝမ်းမြောက်ရမိပါတယ်၊ ဘဝသံသရာမှာ ဥပါဒါန်သံယောဇဉ်အစွဲကြောင့် မခွဲနိုင်၊ မခွာရက်၊ တပ်မက်တွယ်တာမှုကြီးမားကြလေတော့ မယ်တော်ကြီးခမျာ ဒီဆွေမျိုးအသိုင်းအဝန်းထဲမှာပဲ တစ်ကျော့လာရပြန်ရှာတယ်။

ဘုန်းကြီးရဲ့အစ်ကိုကြီးဦးဘတင်ရဲ့သမီး မိဆန်းအဖြစ် အမေဘဝကနေ သားနှင့်သမီး(မြေး)ပြန်ဖြစ်ရပြန်ပါတယ်။

မိဆန်းကလေးဟာ စကားပြောတတ်တဲ့အချိန် မယ်တော်ကြီးအကြောင်း ဘဝဟောင်းကအဖြစ်အပျက်တွေကို တိကျအောင်ပြောပြနိုင်တယ်။

ဘုန်းကြီးနဲ့တွေ့လို့ မေးမြန်းပြောဆိုတဲ့အခါမှာလည်း ပြောရင်းဆိုရင်းနဲ့ မျက်ရည်ပေါက်ကြီးငယ်ကျရှာတယ်။

သူမအိမ်မှုကိစ္စလုပ်နိုင်တဲ့အချိန်အရွယ်လောက်မှာ တစ်နေ့တော့ အဖော်ကလေးမများနှင့်ရေခပ်သွားရင်း စကားစပ်မိကြပြီး-

"တောင်တန်းသာသနာပြုဆရာတော်ကြီးက သူ့မယ်တော်ကြီးကိုအမှတ်တရဖြစ်အောင် အရိုးအုတ်ဂူတစ်ခု လုပ်ထားသတဲ့. . လာ. . တို့သွားကြည့်ရအောင်"

ဟိုပြောပြီး မိဆန်းကိုခေါ်သွားပြီး ဂူကိုပြကြသတဲ့။

ဂူရဲ့မျက်နှာမှာရေးထားတဲ့စာတန်းကို မိဆန်းဖတ်ရတဲ့အခါ ရှိုက်ကြီးတငင်ငိုရှာရပြန်တယ် လို့ အဖော်များကပြောပြကြတယ်။

အရိယာ မဖြစ်သေးသမျှ ဘဝသံသရာဟာ တယ်ပြီး ကြောက်စရာကောင်းလှတယ်၊ ဘဝပင်ခြားသော်လည်း သံယောဇဉ်ကြိုးကား မပြတ်ဘူးလေ။

မယ်တော်ကြီးတစ်ဖြစ်လဲ ဘုန်းကြီးတူမဖြစ်လာတဲ့ မိဆန်းဟာ ယခုအသက်(၂၆)နှစ်ရှိနေပါပြီ၊ ဘုန်းကြီးဇာတိရပ် ငွေတွင်းကုန်းရွာကျောင်းကိုရောက်တိုင်း မိဆန်းဟာကျောင်း ကိုအမြဲသူကိုယ်တိုင်ဆွမ်းချက်ပို့လေ့ရှိသည်။

ကျောင်းသို့ရောက်ချင်လည်း တော်တော်နှင့်မပြန်ဘူး တစ်ဖက်ကလေးပုခုံတင်ပြီး ဘုန်းကြီးနားလာကန်တော့ရင်း ကျုံ့ကျုံ့ကလေးထိုင်ကာ ဘုန်းကြီးရဲ့မျက်နှာကိုဘဲ စိုက်ကြည့် နေလေ့ရှိတယ်။

ဘဝသံသရာဒဏ်ချက်တွေက အထိနာကြလေတော့ သံသရာဝဋ်က လွတ်ထွက်ဖို့ခဲယဉ်းကြတယ်နော်၊ အသိဉာဏ် ရှိတဲ့ယခုလိုဘဝမျိုးမှာ ဒါယကာကြီးဒေါ်ရင်မေ၊ ဒကာကြီး ဦးသိန်းအောင်တို့ စာအုပ်ပါ သံသရာဝဋ်ကလွတ်အောင်ရုန်း ကြစို့ဆိုသည့်အတိုင်း သံဝေဂဉာဏ်ဝင်ပြီးသကာလ သူတော် ကောင်းတရားတွေ ကြိုးစားအားထုတ်ဖို့ပဲရှိပါတော့တယ်၊ တရားတော်မှတစ်ပါး အားကိုးစရာမရှိပါဘူး။

ဘုန်းကြီးမယ်တော်ကြီးမှာ သူ့ဘဝသေကာနီးကာလမှာ ခိုင်မာတဲ့အာသန္နကံ ကြိုတင်စီမံချက်လည်းမရှိ၊ သံယောဇဉ် ကြီးမားတွယ်တာရသော မိဘတို့ရဲ့သောကကြောင့် ပြိတ္တာဘဝ ရောက်ရပါသော်လည်း ကူမည့်သူ၊ ကယ်မည့်သူလူရှိလို့တော် သေးတယ်လို့ဆိုရပါမယ်။

လူတိုင်း ဒီအခွင့်အရေးရဖို့ဆိုတာက မလွယ်လှပါဘူး၊ သူများကိုအားကိုးနေရတာ မသေချာပါဘူး၊ လွယ်လည်း မလွယ်ပါဘူး။

အဲဒီတော့ လူတိုင်း လူတိုင်းသေရဲတဲ့ အားကိုးတစ်ခု ရအောင် ကိုယ်စီ အာသန္နကံ ကောင်းကုသိုလ်တွေ စီမံထားဖို့လိုတယ်လို့ ဘုန်းကြီးကပြောထားချင်ပါတယ်။

ကဲ . . ယခုဒကာမကြီးတွေလည်း တစ်နေ့သေရမှာ မုချဆိုတော့ ဒါန၊ သီလ၊ ဘာဝနာ ဘာအကိုးနဲ့သေရကြမလဲ ဆိုတာ စဉ်းစားထားကြဖို့လိုပါတယ်လို့ ဆရာတော်ပြောရင်း တရားကို နိဂုံးချုပ်လိုက်ပါတယ်။

# မဲ့သေ-ပြုံးသေ နှစ်ထွေလွတ်ခဲ့ရသူများ၏ ဘဝဖြစ်ထွေ

## မဲ့သေ-ပြုံးသေလွတ်ခဲ့ရပြီးဖြစ်သော ပုထုဇဉ်မထေရ်

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌သီတင်း နေချိန်ဖြစ်ပါသည်၊ သာဝတ္ထိပြည်သာ အမျိုးကောင်းသားတစ် ဦးသည် ဗုဒ္ဓ၏သာသနာတော်၌ယုံကြည်သက်ဝင်သော သဒ္ဓါ တရားဖြင့် ရဟန်းပြုခဲ့ပါသည်။ သူ၏ ရဟန်းဘွဲ့အမည်ကား တိဿ ဖြစ်သည်။

တိဿရဟန်းသည် စာပေကိုလည်းသင်ကြား၏၊ တရား ကိုလည်းအားထုတ်၏၊ လောကဟူသည် ခဏတိုင်း ခဏတိုင်း အမြဲတစေဖြစ်ပျက်နေသော ရုပ်-နာမ်တို့၏ဖြစ်-ပျက်အစဉ်သာ ဖြစ်သည်ဟူသော စာပေသင်ကြားချက်ကို သူသိသည်၊ သို့ရာတွင် သူသည် သစ္စာလေးပါးမြတ်တရားကို မမြင်သေးချေ၊ ထိုသို့ မမြင်သေးသည့်အတွက် တိဿရဟန်းသည် ပုထုဇဉ်မျှသာ ဖြစ်သေးသည်၊ အရိယာမဖြစ်သေးချေ။

သူသည် မြတ်စွာဘုရား၏သာသနာတော်၌ သံသယ မဖြစ်ပါ၊ အသိဉာဏ်၌သာ သံသယရှိနေသည်။

လောက၌ မိမိရည်မှန်းချက်မပြည့်စုံလေသောအခါ လူမိုက်တို့သည် သူတစ်ပါးအပေါ်၌ သံသယရှိတတ်သည်၊ ပညာရှိက သူတစ်ပါးအပေါ်၌ သံသယမရှိ၊ မိမိအပေါ်၌သာ သံသယရှိသည်၊ သူတော်သူမြတ်ဖြစ်လာသောအခါမှသာ သူတစ်ပါးအပေါ်၌လည်း သံသယမရှိ၊ မိမိအပေါ်၌လည်း သံသယမရှိ၊ သံသယဟူသမျှ ပယ်ဖျောက်နိုင်သည်။

သူတစ်ပါး၏အပြစ်ကိုရှုခြင်းထက် မိမိ၏အပြစ်ကို ရှုခြင်းကား ပို၍မြတ်သည်ဟု ဆိုထားသည့်အတိုင်း ဝ ရဟန်းသည် လူမိုက်မဟုတ်၊ ပညာရှိသာဖြစ်သည်။

သို့သော် သူ၏ပညာရှိခြင်းကား သံသယကိုမဂ်ဉာဏ် ဖြင့် မပယ်သတ်နိုင်သေးသောကြောင့် အရိယာပညာရှိကား မဟုတ်ပါချေ၊ ပုထုဇဉ်ပညာရှိသာဖြစ်ပါသည်၊ သံသယ(ဝိစိ ကိစ္ဆာ)ကို သောတာပတ္တိမဂ်ဉာဏ်ဖြင့်သာ ပယ်သတ်နိုင်သည် မဟုတ်ပါလား။

တိဿသည် ရဟန်းတရားကို ကြိုးစားအားထုတ်ပါ၏၊ အမှန်အားဖြင့် တရားထူးရခြင်းဟူသည် ဣန္ဒြေတို့နှင့် ပြည့်စုံ ညီညွတ်မှုရှိသောအခါမှသာဖြစ်သည်။

သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိတို့ညီမျှရန်လိုအပ်ပါ သည်၊ ထိုသို့ဖြစ်ရန် သတိသည် ခဏမစပ်စောင့်ကြည့်ဖို့ လိုအပ် လှပါသည်။

တရားထူးရခြင်း၌ အချိန်သည် များစွာစကားပြောပါသည်၊ ဘုရားသည် ဘုရားဖြစ်ရန် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ ပစ္စေကဗုဒ္ဓါဖြစ်လိုလျှင် နှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ မဟာသာဝကဖြစ်လိုလျှင် ကမ္ဘာတစ်သိန်းစောင့်ရသည်၊ ရိုးရိုးသာဝကဖြစ်လိုလျှင် အချိန်သတ်မှတ်ချက်မရှိသော်လည်း မိမိတို့၏ ဣန္ဒြေရင့်ကျက်သည်အထိ စောင့်ရပါသည်။

တစ်ဖန် ပါရမီကုသိုလ်ကလည်း စကားပြောပါသည်၊ ပါရမီကုသိုလ်ဟူသည် ရိုးရိုးကုသိုလ်နှင့်မတူ၊ ရိုးရိုးကုသိုလ်သည် အဟောသိကံဖြစ်နိုင်ပါသည်၊ ပါရမီကုသိုလ်ကံကား အဟောသိကံမဖြစ်နိုင်ပါ။

တိဿရဟန်းအားထုတ်နေသော ဂန္ထဓုရ ဝိပဿနာဓုရဆိုင်ရာကံများမှာ ပါရမီကုသိုလ်များဖြစ်ကြပါသည်၊ ထိုကံသည် ဘိဿမထေရ်အား အကျိုးပေးမည်ဖြစ်သော်လည်း ယခု အချိန်ခကျ၍ အကျိုးမပေးသေးပါ။

ထိုကာလအတွင်း တိဿရဟန်း၌ အနာအဖုငယ်တစ်ခုပေါ်လာသည်၊ ပထမတွင် အဖုငယ်သည် မုန်ညင်းစေ့ခန့်ရှိသည်၊ နောက်ပဲစေ့ခန့်၊ နောက်ကလောစေ့ခန့်၊ နောက် သျှိသျှားသီးခန့် ဖြစ်လာသည်။

ထို့နောက် အဖုအထစ်များသည် ပေါက်ကွဲ၍ တစ်ကိုယ်လုံးပုပ်လေသည်၊ ထို့ကြောင့် တိဿအမည်အစား ပူတိဂတ္တ (တစ်ကိုယ်လုံးပုပ်သောရဟန်း)ဟူ၍ ခေါ်စမှတ်ပြုခံရလေသည်။

တိဿရဟန်းအား တစ်ကိုယ်လုံးပုပ်ရုံမက အရိုးများပါကျိုးပဲ့လာကုန်သည်၊ သွေး-ပြည်တို့အလိမ်းလိမ်းကပ်ကုန်သည်။

အတူနေသူတို့သည် မထေရ်ကိုပြုစုသုတ်သင်ရန် မတတ်နိုင်သဖြင့် မလွှဲမရှောင်သာသူကို စွန့်ပစ်ကြကုန်သည်၊ ထိုအခါ သူမှာအားကိုးရာမဲ့ဖြစ်ရတော့သည်၊ မိမိနေရာ၌ တစ်ပါးတည်းအိပ်လျက်သာနေရ၏။

အမှန်မှာ သူသည် ဤဘဝ၌ သင်ရဟန္တာဖြစ်ရမည့်ပါရမီရှင်ဖြစ်သည်၊ သို့ရာတွင် သူ့၌ကြီးစွာသောအတိတ်ကုသိုလ်ကံဝဋ်ကြွေး ရှိခဲ့သည်၊ ဝဋ်ဟူသည် ကြောက်မက်ဖွယ်ကောင်း၏၊ ဘုရားသော်မှမလွတ်နိုင်ပါ။

ပူတိဂတ္တသည် ကဿပဘုရားရှင်လက်ထက် ငှက်မုဆိုးဖြစ်ခဲ့သည်၊ ရောင်းမကုန်သေးသောငှက်များကို ပျံမသွားနိုင်အောင် အရှင်လတ်လတ် ခြေများ၊ အတောင်များကိုချိုးထားခဲ့ဖူး၏၊ ထိုဝဋ်ကြွေးကား ယခုလိုက်၍လာလေပြီးဖြစ်သည်။

သူသည် မုဆိုးဖြစ်သော်လည်း မိစ္ဆာဒိဋ္ဌိကားမဟုတ်၊

ရတနာသုံးပါး၌ကြည်ညိုသူဖြစ်ခဲ့သည်၊ အကုသိုလ်နှင့် အကုသိုလ် အကျိုးကိုလည်းသိပါ၏။

သို့သော် ပစ္စက္ခအသက်မွေးခြင်း လွယ်ကူမှုကို အကြောင်းပြုပြီး ငှက်မုဆိုးဘဝဖြင့်အသက်မွေးခဲ့သည်၊ တဘဝ ချမ်းသာနှင့်အနန္တဘဝဆင်းရဲကို "ဒွဲ"လိုက်ခြင်းသဘောမျိုး ဖြစ်ပါသည်၊ မိမိ၏တစ်ဘဝကောင်းစားရေး၌ တပ်မက်သော တဏှာက သံသရာဆင်းရဲကိုဖုံးကွယ်တတ်သော အဝိဇ္ဇာ (သိမှု) က ကန့်လန့်ကာအဖြစ်ဖုံးကွယ်ထားခဲ့၍ ငှက်မုဆိုးသည် သံသရာ ဆင်းရဲကို မမြင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ယခုတော့ ထိုဝဋ်က ခံရလေပြီ။

သူသည် ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်၍ ရဟန္တာအရှင်မြတ် များအား မွန်မြတ်သောဆွမ်းဘောဇဉ်ကိုလှူခဲ့ဖူးသည်၊ နိဗ္ဗာန် ကိုလည်းဆုတောင်းခဲ့ဖူးသည်။

ပူတိဂတ္တသည် သွေးပြည်အလိမ်းလိမ်းဖြင့် အိပ်ရာ ထက်၌လဲလျောင်းနေရသည်၊ အရိုးများကျိုးပဲ့နေသဖြင့် ကိုယ်ဘက်၊ ဒီဘက်လှည့်ရန်မလွယ်ဖြစ်နေရ၏၊ သူသည် စိတ်ဓာတ်ကျလျက် ရှိ၏၊ စိတ်ဓာတ်ကျသောအခါ သမာဓိကိုမရနိုင်၊ သမာဓိကိုမရ ခြင်းသည် မျက်စိအမြင်ကိုမရခြင်းနှင့်တူသည်၊ မျက်စိအမြင်ကို မရလျှင် မြင်စရာကိုကြည့်မော်မမြင်နိုင်သကဲ့ သို့ သမာဓိမရလျှင်

ဝိပဿနာဉာဏ်ဖြင့်မြင်စရာ ရုပ်-နာမ်တို့ကို ကြည့်၍မမြင်နိုင်ပါ၊ ရုပ်-နာမ်တို့ကိုမမြင်လျှင် ရုပ်-နာမ်ဖြစ်- ပျက်မှုကိုမမြင်နိုင်ပါ။

တရားအားထုတ်ရာ၌ နောက်ဆုံးသပ္ပါယရရန်လိုသည်၊ သပ္ပါယဟူသည် ယခုခေတ်အခေါ် "စနက်ထံ" သဖွယ် ဖြစ်သည်။

ပုထုဇဉ်ဘဝမှ အရိယာဘဝသို့ပြောင်းလဲခြင်းဟူသည် အခြေအနေတစ်ခုမှ အခြေအနေတစ်ခုသို့ပြောင်းလဲခြင်းဖြစ်သည်၊ ဟိုဘက်အခြေအနေနှင့် ဒီဘက်အခြေအနေနှစ်ရပ်လုံးနှင့် လိုက်လျောညီထွေသော ကြားကာလအခြေအနေတစ်ရပ်ရှိရန်လိုသည်၊ ထိုကြားကာလအခြေအနေကို ဖန်တီးပေးနိုင်သောအကြောင်းကို "သပ္ပါယ"ဟု ခေါ်ပါသည်။

ထိုသပ္ပါယအခြေအနေကို ပူတိဂတ္တမထေရ်သည် မသိ၊ ဘုရားရှင်သာ သိတော်မူပါသည်။

ဘုရားရှင်သည် ပူတိဂတ္တမထေရ်၏ အရဟတ္တဖိုလ်အထောက်အပံ့ကို ဂန္ဓကုဋီတိုင်မှာနေရင်း သိမြင်တော်မူသည်။

သို့အတွက် ကိုယ်တော်တိုင်ကြွပြီး ပူတိဂတ္တမထေရ်ကို ပြုစုသည်၊ ရေနွေးကိုယ်တိုင်ကျိုသည်၊ ထိုအခါကျမှ ရဟန်းများက ဝိုင်းလာကူညီလုပ်ပေးသည်၊ ပူတိဂတ္တမထေရ်ကို ညောင်စောင်းနှင့်တကွ သယ်မယူစေ၏၊ ရေနွေးဖြင့် ရေချိုးပေးသည်၊ သင်္ကန်းများကို ရေနွေးဖြင့် လျှော်ဖွပ်စေ၏။

ဘုရားရှင်၏ကြင်နာမှုကိုခံရသောအခါ ပူတိဂတ္တသည် ကျေနပ်အားတက်လာ၏၊ ထိုအခါ နှစ်သက်ခြင်းပီတိဖြစ်လာသည်၊ ထို့နောက် ငြိမ်းအေးခြင်းပဿဒ္ဓိဖြစ်လာ၏၊ ထို့နောက် ချမ်းသာခြင်းသုခဖြစ်၏၊ ထို့နောက် တည်ကြည်ခြင်းသမာဓိ ဖြစ်လာ၏၊ သမာဓိရလာလျှင် ဝိပဿနာရှု၍ရလေပြီ။

အမှောင်ထဲ၌ အရာဝတ္ထုများထင်ရှားရှိနေပါသော်လည်း မီးရောင်ရှိမှမြင်နိုင်သကဲ့သို့ သမာဓိရခြင်းသည် မီးရောင်ကိုထွန်းခြင်းဖြစ်ပါသည်၊ ယခုမီးရောင်ထွန်းပေးလိုက်ပါပြီ၊ မြင်ရာရုပ်-နာမ်တို့ကို ဝိပဿနာဉာဏ်မျက်စိဖြင့် ကြည့်ရန်သာ လိုတော့သည်။

သို့ရာတွင် မည်သည့်နေရာ၌ကြည့်ရမည်ကိုမသိသေး၊ သို့အတွက် ဗုဒ္ဓက ပူတိဂတ္တမထေရ်၏ခေါင်းရင်း၌ရပ်လျက်-

"ချစ်သား ပူတိဂတ္တ. . . ဤခန္ဓာကိုယ်သည် ဝိညာဉ် ကင်း၍စွန့်ပစ်ရလျှင် ဘာမျှအသုံးမကျသောပွဲကဲ့သို့ပင် ဖြစ်ပေလိမ့်မည်

ဤခန္ဓာကိုယ်သည် မကြာခင်ကာလတွင် မြေအပြင်၌ လဲလျောင်းရပေလိမ့်မည်"

ဗုဒ္ဓကြည့်ဖို့ရန် ရုပ်-နာမ်တို့ကို ညွှန်ပြတော်မူပါသည်။

ခန္ဓာကိုယ်ကိုကြည့်ရာတွင် တဏှာ၊ မာန၊ ဒိဋ္ဌိဟူသော ပဥ္စမျက်စိတို့ဖြင့်ကြည့်နည်းနှင့် လောကီမဂ္ဂင်ဟူသော ပညာ သမာဓိမဂ္ဂင်(၅)ပါးဖြင့်ကြည့်နည်းဟူ၍ နှစ်မျိုးရှိရာတွင်-

တဏှာ၊ မာန၊ ဒိဋ္ဌိဟူသော ပဥ္စမျက်စိဖြင့်ကြည့်သော အခါ ရုပ်-နာမ်အဖြစ်မမြင်၊ ပုဂ္ဂိုလ်သတ္တဝါအဖြစ်မြင်၏၊ ငါအ ဖြစ်မြင်၏၊ ခန္ဓာနှင့်ငါသည် အတူတူပင်ဖြစ်နေတတ်၏။

ထိုအခါ အတ္တသမံယေမံနတ္ထိ-ငါလောက်ချစ်စရာ ကောင်းသောအရာမည်သည်မရှိ ဟုဆိုသည့်အတိုင်း ခန္ဓာကိုယ် သည် အလွန်နှစ်သက်ဖွယ်ဖြစ်လာသည်၊ တွယ်တာဖွယ်ဖြစ်လာ သည်၊ တပ်မက်ဖွယ်ဖြစ်လာပါသည်။

ထို့ကြောင့် ခန္ဓာကိုယ်ကိုအလိုလိုက်ရသည်၊ ထမင်းဆာ လျှင်ကျွေးရသည်၊ ရေဆာလျှင်တိုက်ရသည်၊ ညောင်းညာလာ လျှင် လှဲပေး-ဆန့်ပေးရသည်၊ ညစ်ပေလာလျှင် ရေချိုးပေးရ သည်၊ တစ်ချိန်လုံး သူ့အလိုချည်းလိုက်ပေးနေရသည်။

သို့ရာတွင် ခန္ဓာကိုယ်ရခြင်းအတွက် မငြိုးငွေ့၊ လူခန္ဓာ ကိုယ်၊ နတ်ခန္ဓာကိုယ်၊ ဗြဟ္မာခန္ဓာကိုယ်၊ တိရစ္ဆာန်ခန္ဓာကိုယ် စသည်ဖြင့် တစ်မျိုးပြီးတစ်မျိုးလိုချင်နေ၏၊ ရလျှင် ကျေနပ်၏၊ မရမှာကိုစိုးရိမ်နေမိသည်။

ဤသည်မှာ ခန္ဓာကိုယ်ကို ပပဉ္စမျက်စိဖြင့် ကြည့်သော ကြောင့်ဖြစ်သည်။

ခန္ဓာကိုယ်ကို လောကီမဂ္ဂင်ဖြစ်သော သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဒိဋ္ဌိတို့ဖြင့် ကြည့်သောအခါ ပုဂ္ဂိုလ်သတ္တဝါမမြင်တော့၊ ရုပ်-နာမ်အဖြစ် သာမြင်သည်၊ ငါအဖြစ်မမြင်၊ သူအဖြစ်မမြင်၊ မြတ်နိုးစရာ အဖြစ်မမြင်၊ စက်ဆုပ်စရာအဖြစ်သာမြင်သည်၊ ဆံပင်စသော ၃၂-ကောဋ္ဌာသအစုဟူ၍သာမြင်၏၊ အားလုံးစက်ဆုပ်စရာချည်း အဖြစ်သာမြင်သည်။

ထမင်းဆာလိုက်၊ ညောင်းလိုက်၊ နာလိုက်စသည်ဖြင့် အမြဲတမ်းနှိပ်စက်နေ၏၊ သက်သက်ဒုက္ခတုံးဒုက္ခခဲကြီးဖြစ်၏၊ ဒုက္ခသစ္စာစစ်စစ်ဖြစ်၏၊ ဘာမျှတွယ်တာစရာမရှိ၊ မက်မောစရာ မရှိ၊ ခန္ဓာကိုယ်ရခြင်းသည် ဆင်းရဲဖြစ်၏၊ မရခြင်းသည် ချမ်း သာဖြစ်၏။

ဤသည်မှာ ခန္ဓာကိုယ်ကို လောကီမဂ္ဂင်ဖြင့်ကြည့်သော အမြင်ဖြစ်ပါသည်။

ပုတိဂတ္တမထေရ်သည် ဗုဒ္ဓ၏တရားရှုမှတ်ရာအမှန်ကို လမ်းညွှန်ပြသည်ကိုသိလာသည်၊ သမာဓိအားကောင်းနေပြီး ဖြစ်၍ ခန္ဓာကိုယ်ကို ဝိပဿနာဉာဏ်ဖြင့် ရှုကြည့်သည်၊ ထိုအခါ

ငါမမြင်တော့၊ ၁၂-ကောဋ္ဌာသအစုအဝေးသာမြင်သည်၊ ရုပ်-နာမ်အဖြစ်အပျက်သာမြင်သည်။

ထိုအခိုက်မှာပင် ပဋ္ဌသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ရသည်။ မကြာခင် ပရိနိဗ္ဗာန်ပြုသည်။

ပုတိဂတ္တာမထေရ်သည် အဆိုးဆုံးဘဝအခြေအနေမှ အကောင်းဆုံးဘဝအခြေအနေရောက်သွားခြင်းဖြစ်သည်။

အဆိုးအခြေအနေမှအကောင်းဆုံး အခြေအနေသို့ ရောက်အောင်လုပ်နိုင်သည်မှာ ရုပ်-နာမ်အတူတူပင်ဖြစ်သော်လည်း ဉာဏ်ကိုအသုံးချတတ်မှု ကွာခြားမှုသာဖြစ်သည်ကို သတိပြုကြရမည်သာ။